ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ–၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 19 May 2020 ၁၀၀၁၇

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**နေပြည်တော် မေ ၁၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် လက်ရှိကာလအတွင်း မဖြစ်မနေဆောင်ရွက်ပေးရမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပါအဝင် ဦးစားပေးဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို ကာလတိုအတွင်း ပြီးစီးနိုင်ရေး စီမံဆောင်ရွက်ထားပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ဥပဒေကြမ်းတွင်ပါရှိသည့် စီမံကိန်းလုပ်ငန်းများအတွက် ဖြည့်စွက်သုံးငွေများကို စိစစ်ရာတွင် လက်ရှိအခြေအနေအရ ပုံမှန်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုလည်း နားလည်နိုင်ကြပါရန် ပြောကြားလိုပါကြောင်း။

ယခုကာလသည် ကမ္ဘာ့ကပ်ရောဂါ(Pandemic)အဖြစ် သတ်မှတ်ထားသည့် ကိုဗစ်–၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရေး၊ သွားလာရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာဌာန၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာမျက်နှာ » ၉

**လာမည့်နှစ်တွင် တစ်နှစ်လျှင် သူနာပြုဦးရေ ၄၅၀၀ ခေါ်ယူရန်အတွက် စီစဉ်ပြီးဖြစ်** ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

**၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ ရှာ့၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း စာပေများကို အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် သင်ကြားပေးလျက်ရှိ** အမျိုးသားလွှတ်တော် စာမျက်နှာ » ၅

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# သတိပြုရမည့် ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မေလ ၁၇ ရက်နေ့က သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အားယူနေသည်။ မေလ ၁၈ ရက်နေ့ နံနက်တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းဖြစ်လာပြီး မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့သည်။

လက်ရှိအခြေအနေတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက် - အရှေ့မြောက်ဘက်သို့ ကွေ့ကာရွေ့လျားနိုင်သည်ဟု ဆိုသော်လည်း မေလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားလာမည့် အခြေအနေမရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မေလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ မိုးရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားရာ အချို့ဒေသများတွင် မိုးရွာသွန်းနေပြီဟု သိရသည်။

မြန်မာနိုင်ငံမှ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနက လတ်တလောလေ့လာဆန်းစစ်တွေ့ရှိချက်များအရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မေလ ၁၉ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ရောက်ရှိလာကာ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၁၃၀ နှုန်းဖြင့် တိုက်ခတ်လာနိုင်သည်ဟု ခန့်မှန်းထားသည်။ မုန်တိုင်းဦးတည်ရာမှာ မေလ ၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်အကြားမှ ကုန်းတွင်းသို့ဝင်ရောက်နိုင်သော အလားအလာများရှိသည်ဟု ခန့်မှန်းထားသည်။

လက်ရှိတွင် မုန်တိုင်းလမ်းကြောင်းခန့်မှန်းချက်အရ မြန်မာနိုင်ငံဘက်သို့ ရောက်ရှိလာနိုင်ခြင်းမရှိသော်လည်း ခန့်မှန်းရမလွယ်ကူသော သဘာဝဘေးကို လျှော့မတွက်ထားဘဲ သတိပြုဖို့လိုသည်။ အကယ်၍ မုန်တိုင်းလမ်းကြောင်းပြောင်းလျှင် မည်သို့လုပ်ကိုင်ဆောင်ရွက်ကြရမည်ကို အသင့်ပြင်ဆင်ထားရမည် ဖြစ်သည်။ လက်ရှိတွင် ဒေသအချို့၌ မိုးရွာနေသည်မှာ မုန်တိုင်းအရှိန်ကြောင့်ဖြစ်ပြီး မေလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းနှင့် မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်းဒေသများအနီးသို့ မုန်တိုင်းအဖျားခတ်လာစရာအကြောင်းရှိသည်။ လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၅၀ မှ ၆၀ အထိရှိနိုင်သဖြင့် ထိုဒေသများတွင် သတိပြုပြင်ဆင်ဆောင်ရွက်ထားရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ဖူးသည်။ ၂၀၀၆ ခုနှစ်တွင် မာလာမုန်တိုင်း၊ ၂၀၀၇ ခုနှစ်တွင် အကာ့ရှ်မုန်တိုင်း၊ ၂၀၀၈ ခုနှစ်တွင် အဆိုးရွားဆုံး နာဂစ်မုန်တိုင်း၊ ၂၀၀၉ ခုနှစ်တွင် ဘစ်ဂျ်လီမုန်တိုင်းဒဏ်တို့ခံခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ်တွင် ဂီရိမုန်တိုင်းတိုက်ခတ်ခဲ့ကာ လူအသေအပျောက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း မုန်တိုင်းဒဏ်တို့ခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်ကို ဖြတ်ကျော်ဝင်ရောက်သည့် မိုရာမုန်တိုင်းတိုက်ခတ်ခဲ့ပြီး ဧရာဝတီ၊ ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဖန်နီမုန်တိုင်းတိုက်ခတ်ခဲ့ပြီး အိန္ဒိယနိုင်ငံသို့ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် မုန်တိုင်းဒဏ်ကို နှစ်စဉ်အနည်းအများကြုံတွေ့ခံစားရပြီး ယခုတိုက်ခတ်နေသည့် အမ်ဖန်မုန်တိုင်းကိုလည်း မပေါ့မဆဘဲ သတိပြုရမည် ဖြစ်သည်။

လက်ရှိခန့်မှန်းချက်များအရ မြန်မာနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လှိုင်းတစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းအန္တရာယ်များနှင့် ကမ်းရိုးတန်းဒေသအချို့တွင် မုန်တိုင်းအရှိန်ကြောင့် မုန်တိုင်းဒီရေတက်ခြင်းတို့ကို ကြုံတွေ့နိုင်သည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်အသိပေးထားသောအချက်များကို စဉ်ဆက်မပြတ်ဂရုပြုနားထောင်ထားရမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို ဆောင်ရွက်နေသောအချိန်တွင် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရေပေးဝေမှု ခေတ္တပြတ်တောက်မည်

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့သည် ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည့် ရေကူးရေတွန်း စက်ရုံဝင်းအတွင်း ရေပိုက်လိုင်းများ ဆက်သွယ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် ရေပေးဝေခြင်းလုပ်ငန်းအား ခေတ္တရပ်ဆိုင်းရမည် ဖြစ်သည်။

**အသိပေး ကြေညာထား**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်စဉ် မေ ၂၁ ရက် နံနက် ၁၀ နာရီမှ ည ၁၀ နာရီအတွင်း မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်း၊ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်မြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ် နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းနိုင်ကြပါရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့က အသိပေး ကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၄ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

**တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ခ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၄ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၀ပြည့်နှစ် ဧပြီလအတွင်း ပြည်တွင်းအလုပ်နေရာ ၉၃၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၈**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၇၅၈ ဦးနှင့် ပုဂ္ဂလိကအလုပ်အကိုင် ၈၆၂၆ ဦး စုစုပေါင်း ၉၃၈၄ ဦး ကို အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၁,၉၀၈ | ၂၀,၀၃၄,၅၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၅၃၆ | ၁,၉၅၁,၄၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၃,၅၀၀ | ၂၄,၀၀၀ | ၂၇၃ | ၆,၅၂၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၂၄ | ၆၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၈

ရန်ကုန်(ရွှေဈေး) ၁၂၂၉၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၇၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၄၀/၄၈၀ ကျပ် | ၄၇၀/၅၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၈၀/၅၀၀ ကျပ် | ၅၄၅/၅၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၄၀/၃၈၅ ကျပ် | ၄၁၀/၄၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၀/၄၉၀ ကျပ် | ၄၈၅/၅၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၈/၄၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၆.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၆၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၈၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၁.၇၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၁၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၆.၄၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၀.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊
သတင်းထောက်များ - ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ - ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

# ပြည်သူသာလျှင် အဓိက



ပြည်ထောင်စုဝန်ကြီး
ဦးသောင်းထွန်း



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



ဥပဒေကြမ်းပူးပေါင်းကော်မတီ
တွဲဖက်အတွင်းရေးမှူး
ဒေါက်တာမြတ်ဉာဏစိုး



ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း



မြန်မာနိုင်ငံတော် ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း

**✻ ရှေ့ဖုံးမှ**

အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ တတ်စွမ်းသမျှ ဆောင်ရွက်ထားရှိပါကြောင်း။

လွှတ်တော်ခန်းမတွင်းနေရာချထားရာတွင်လည်း Social Distancing Way အရ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ထားရှိပါကြောင်း၊ လွှတ်တော်အစည်းအဝေးများတွင် ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အချက်များကိုလည်း အသိပေးပန်ကြားစာထုတ်ပြန်ထားပြီးဖြစ်သကဲ့သို့ ကိုယ်စားလှယ်များတစ်ဦးချင်းအနေဖြင့် သက်ဆိုင်ရာညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဂရုပြုသွားလာနေထိုင်ကြရန် မှာကြားလိုပါကြောင်း။

ယနေ့စတင်ကျင်းပသည့် ပုံမှန်အစည်းအဝေးကို နှစ်ပတ်ကာလခန့်သာ ပြုလုပ်ရန် လျာထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တန်ဖိုးရှိလှသည့်အချိန်ကို အကျိုးရှိရှိ အသုံးပြုစီမံဆောင်ရွက်နိုင်ကြပါစေ၊ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ အကျိုးစီးပွားအတွက် တာဝန်ထမ်းဆောင်ကြရာတွင် တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုပိုင်းခြားနားလည်ပြီး ပြည်သူကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုသည့် လွှတ်တော်၏ အဓိက တာဝန်များကို ကျေပွန်အောင် ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

## ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်ပြ

အစည်းအဝေးတွင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၀ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၀၃ ပုဒ်မခွဲ (င)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ဥပဒေကြမ်းနှင့်အတူ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ထပ်မံခွင့်ပြုပေးမည့် ဖြည့်စွက်ခွင့်ပြုငွေများအပါအဝင် ရငွေနှင့် သုံးငွေပြောင်းလဲမှုများအရ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း(RE)ကိုလည်း မူလခန့်မှန်းခြေငွေစာရင်း(BE)နှင့် နှိုင်းယှဉ်သုံးသပ်နိုင်ရန် ရေးဆွဲတင်ပြထားပါကြောင်း။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ပြည်နယ်ဌာန ၊ အဖွဲ့အစည်းများ၏ ခွင့်ပြုငွေတောင်းခံမှုများကို မစိစစ်မီ လာမည့်ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း (BE)တွင် ဆောင်ရွက်နိုင်သည်များကို (BE)မှသာ တောင်းခံရန်နှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးမှသာ သုံးစွဲနိုင်မည်ဖြစ်၍ ရရှိချိန်လေးလခန့်အတွင်း အမှန်သုံးစွဲနိုင်မည့်ကိစ္စများ၊ ဆောင်ရွက်ဆဲစီမံကိန်းများနှင့် ဦးစားပေး လိုအပ်သည့်ကိစ္စများအတွက်သာ တောင်းခံကြပါရန် ဌာန၊ အဖွဲ့အစည်းများသို့ ကြိုတင်အကြောင်းကြားခဲ့ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက စိစစ်သည့်အခါ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေစသည့် နိုင်ငံတော်က ရရှိမည့် အသုံးစရိတ်များကို တင်ပြသည့်အတိုင်း ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပအကူအညီရငွေများနှင့် ချေးငွေများ ထပ်မံရရှိလာခြင်းကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ် ထပ်မံလိုအပ်သည့် လစာစရိတ်၊ ပင်စင်၊ ဒေသစရိတ်၊ ပြည်တွင်းအတိုးပေးငွေနှင့် ပြည်ပချေးငွေအတွက် အတိုးနှင့်အရင်းပေးဆပ်ငွေများကို အပြန်အလှန်မေးမြန်းစိစစ်၍ ခွင့်ပြုခဲ့ပါကြောင်း။

စိစစ်နေစဉ်ကာလအတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ် ကုသရေးလုပ်ငန်းများကို နိုင်ငံတော်မှ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုများဆောင်ရွက်ရန် လိုအပ်လာပါက ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများနှင့် COVID–19 သက်ရောက်မှုကြောင့်ဖြစ်ပေါ်လာမည့် စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များကို ကုစားနိုင်ရန် လိုအပ်သည့် အသုံးစရိတ်များကိုလည်း စိစစ်ညှိနှိုင်း၍ ခွင့်ပြုပေးခဲ့ပါကြောင်း။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် ဦးစားပေးအသုံးစရိတ်များတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ GRF သို့ ပြန်လည်အပ်နှံခဲ့ရသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ယခု ဘဏ္ဍာရေးနှစ်တွင် ပြီးပြတ်အောင်ပြန်လည်တောင်းခံလာသည့်အသုံးစရိတ်များနှင့် ကာကွယ်ရေးဝန်ကြီးဌာနက ထပ်မံလိုအပ်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် အသုံးစရိတ်များ၊ လယ်မြေနှင့် ဥယျာဉ်ခြံမြေတို့အတွက် မြေလျော်ကြေးပေးရန် အသုံးစရိတ်များ ပါဝင်ပါကြောင်း။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ဘဏ္ဍာငွေခွဲဝေပေးရေးကိစ္စနှင့် ပြုပြင်ပြီး ခန့်မှန်းခြေ အရအသုံးများရေးဆွဲသည့်ကိစ္စတို့ကို ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်သို့ တင်ပြထားပါကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို တင်ပြအပ်ပါကြောင်း၊ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့တင်ပြထားသည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပေါ် ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဥပဒေဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာကို လည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာများကိုလည်းကောင်း လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့် အခြေခံသဘောများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်ပြရသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာလျာထားချက်နှင့် ဥပဒေကြမ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ နှစ်စဉ်အချိန်မီတင်ပြနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးရန် လိုအပ်လာပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်မည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအကြား ဘတ်ဂျက်ရေးဆွဲခြင်း၊ တင်ပြခြင်း၊ စိစစ်ခြင်းတို့အတွက် အချိန်လုံလောက်စွာရရှိပြီး လုပ်ငန်းစဉ်များ ပိုမိုချောမွေ့လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ တင်သွင်းရခြင်းဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာများ လွှတ်တော်သို့တင်ပြရာတွင် ပါဝင်ရမည့်အချက်များ၊ အချိန်ကာလသတ်မှတ်ချက်များ၊ အကောင်အထည်ဖော်မှုအစီရင်ခံစာတင်သွင်းရန် သတ်မှတ်ချက်များ အဓိကပါဝင်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီပြင်ဆင်ထားပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် တင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု အရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ချေးငွေရယူရေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု အရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၅၀ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က COVID – 19 ရောဂါ ကုသရေးလုပ်ငန်းများအပြင် အခြားကူးစက်မြန်ရောဂါများနှင့် မကူးစက်နိုင်သော ရောဂါများအတွက် ပြည်သူ့ဆေးရုံများတွင် ဆေးကုသမှုအရည်အသွေးကောင်းမွန်ရေးအတွက် အထူးကြပ်မတ်ကုသမှုများအဆင့်မြှင့်တင်ခြင်း၊ အောက်ဆီဂျင်ဖြင့် ကုသမှုပေးနိုင်မည့် အခြေအနေများ ဖြည့်ဆည်းခြင်းနှင့် ဆေးရုံရောဂါပိုးကူးစက်မှုကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ခြင်းတို့ အထူးလိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများမှာ အခြေခံကျပြီး မရှိမဖြစ် ဖြည့်ဆည်းရမည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

စီမံချက်တွင်ပါဝင်မည့် ငွေလုံးငွေရင်းအသုံးစရိတ် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၅ သန်းကို မြန်မာတစ်နိုင်ငံလုံးရှိ ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆေးရုံကြီးများရှိ အထူးကြပ်မတ်ကုသဌာနများနှင့် အခြေခံကျပြီး အရေးကြီးသည့် အောက်ဆီဂျင်ဖြင့် ကုသမှုပေးနိုင်မည့် အခြေအနေများ ဖြည့်ဆည်းခြင်းတို့အတွက် လိုအပ်သည့် ဆေးရုံးသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်ဆည်းမည်ဖြစ်ပါကြောင်း၊ သာမန်အသုံးစရိတ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ သန်းကို System Strengthening for Clinical Care Capacity ၊ Capacity Building နှင့် Project Management and Monitoring and Evaluation တို့တွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊

**စာမျက်နှာ ၆ သို့ ✻**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

## လာမည့်နှစ်တွင် တစ်နှစ်လျှင် သူနာပြုဦးရေ ၄၅၀၀ ခေါ်ယူရန်အတွက် စီစဉ်ပြီးဖြစ်

**နေပြည်တော် မေ ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခု (၁၆)ကြိမ်မြောက် လွှတ်တော် ပုံမှန်အစည်းအဝေးများကို အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် လျာထားကာလထက် နောက်ကျ၍ ကျင်းပခဲ့ရခြင်းဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကာလအတွင်းတွင် မဖြစ်မနေ ဆောင်ရွက်ကြရမည့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအပါအဝင် သတ်မှတ်ကာလအတွင်း အချိန်မီဆုံးဖြတ်အတည်ပြုကြရမည့် လွှတ်တော်လုပ်ငန်းတာဝန်များကို အချိန်တိုအတွင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ရန်ရှိသည့် ဥပဒေကြမ်း၊ အဆို၊ မေးခွန်းများအနက် ဥပဒေကြမ်းများနှင့် ကြယ်ပွင့်ပြမေးခွန်းများကို သတ်မှတ်ချက်များအတိုင်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးကို အချိန်တိုကာလအတွင်း ဆောင်ရွက်ရန်လျာထားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများအတိုင်း ကိုယ်စားလှယ်များအတွက် အဆင်အပြေဆုံးဖြစ်စေရန် တတ်နိုင်သရွေ့ စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး၏ ဝိုင်းမော်မြို့နယ်အတွင်းရှိ မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်ထားသော လမ်းမကြီးကို ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း

ဒေါက်တာကျော်လင်းက အဆိုပါလမ်းကို အပိုင်း နှစ်ပိုင်းခွဲ၍ မြစ်ကြီးနားမှ ဝါရှောင်အထိ ၁၉ ဒသမ ၀၆ ကီလိုမီတာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနမှ စီမံခန့်ခွဲပြုပြင်လျက်ရှိပြီး ဝါရှောင်မှ ကန်ပိုက်တီအထိ ၈၅ ကီလိုမီတာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်မိန်ကုမ္ပဏီက ပြင်ဆင်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ၎င်းလမ်းပေါ်တွင် လမ်းအသုံးပြုခ ငွေကြေးကောက်ခံခြင်းမရှိပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းသည့် လမ်းအရှည် ၁၉ ကီလိုမီတာအတွင်း ၁ ဒသမ ၆ ကီလိုမီတာကို အကျယ် ပေ ၅၀ လမ်းချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်၍ နောင်လာမည့်နှစ်များတွင် ရန်ပုံငွေတင်ပြတောင်းခံကာ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်မိန်ကုမ္ပဏီမှ ဆောင်ရွက်သော လမ်းပိုင်းပျက်စီးမှုများကို ပြုပြင်ခြင်းဆောင်ရွက်နိုင်ရန်အတွက် ထိန်မိန်ကုမ္ပဏီနှင့် ညှိနှိုင်းလျက်ရှိပြီး ကိုဗစ်-၁၉ အလွန်ကာလများတွင် ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ရှင်းလင်းဖြေကြား

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၏ မြစ်သားမြို့နယ်တွင် အရေးပါသော ကူမဲ-ကဆွန်-သိမ်ကုန်း-အုန်းကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းသည် လမ်းအဆင့်သတ်မှတ်ချက် Class (A)၊ ဦးစားပေးအဆင့်(၁) လမ်းစာရင်းတွင် ပါဝင်သဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နောက်ပိုင်းကာလများတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ၌ ထည့်သွင်းလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှု



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

နန်းယွန်း မဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ နန်းယွန်းမြို့နယ်ရှိ ကျန်းမာရေးဌာနတွင် လိုအပ်လျက်ရှိသော ဆရာဝန်များနှင့် ဝန်ထမ်းများအား ဖွဲ့စည်းပုံအတိုင်း မည်သည့်အချိန်တွင် အပြည့်အဝခန့်ထားပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နန်းယွန်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ပန်ဆောင်တိုက်နယ်ဆေးရုံနှင့် ဒုံဟီးတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ သုံးရုံရှိပါကြောင်း၊ မြို့နယ်ဆေးရုံ ခွင့်ပြုခန့်ထားမှုတွင် ၅၄ ရာခိုင်နှုန်း ခန့်အပ်ထားပါကြောင်း။

ပန်ဆောင်နှင့် ဒုံဟီးတိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်မရှိပါကြောင်း၊ တစ်ပြည်လုံးတွင်ရှိသည့် တိုက်နယ်ဆေးရုံများတွင် ဆရာဝန်မရှိသည်မှာ အလွန်များသောကြောင့် မိမိတို့အနေဖြင့် အစိုးရအဖွဲ့သို့ စာတင်ပါကြောင်း၊ အစိုးရက သဘောတူညီချက်ဖြင့် ၁၃၀၃ ဦးကို တစ်ပြည်လုံးတွင် ခန့်အပ်ရန် စာပြန်လာပါကြောင်း၊ ဆရာဝန်ဦးရေ ၁၃၀၃ ဦးတွင် ပြည်နယ် ခုနစ်ခု၌ လျှောက်သည့်ဦးရေသည် အနည်းငယ်သာ ရှိပါကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီးများကိုလည်း ခေါ်ယူရန် အစီအစဉ်ရှိပါကြောင်း၊ အဆိုပါ ဆရာဝန် ၁၃၀၃ ဦးသည် ယခုနှစ် ဝင်မည်ဆိုပါက ဖောင်ကြီးသင်တန်းမတက်ခိုင်းဘဲ အင်တာဗျူးဖြေပြီး ချက်ချင်းခန့်အပ်မည်ဖြစ်ပါကြောင်း။

သူနာပြုများအနေဖြင့် သူနာပြုဦးရေ ၂၅၀၀ ကျော် အောင်စာရင်းထွက်လာပါက အကုန်ခန့်အပ်မည်ဖြစ်ပါကြောင်း၊ မကြာခင်ကာလတွင် သူနာပြုဦးရေ လုံလောက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လာမည့်နှစ်တွင် တစ်နှစ်လျှင် သူနာပြုဦးရေ ၄၅၀၀ ခေါ်ယူရန်အတွက် စီစဉ်ပြီးဖြစ်ပါကြောင်း၊ ဆေးဘက်ကျွမ်းကျင်-၄ လစ်လပ်နေရာများအနေဖြင့် သစ်လွင်ခန့်ထားသည့်အချိန် ၂၀၂၀ ပြည့်နှစ်အတွင်းတွင် ပန်ဆောင်တိုက်နယ်ဆေးရုံကိုပေးရန် ရည်ရွယ်ထားပါကြောင်း၊ ဓာတ်ခွဲကျွမ်းကျင်-၃ ကို သင်တန်းပြီးမြောက်ချိန် ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာလတွင် နန်းယွန်းနှင့် ပန်ဆောင်တိုက်နယ်ဆေးရုံတို့ကို တစ်ဦးစီခန့်ထားရန် ရည်ရွယ်ထားပါကြောင်း၊ နန်းယွန်းတိုက်နယ်ဆေးရုံတွင် အငယ်တန်းဝန်ထမ်းနှင့် နေ့စားဝန်ထမ်းများကို လုံလောက်စွာ ခန့်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ဆောင်ရွက်ပေးမည်

ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ ကောလင်းမြို့နယ်၊ တုံးတင်တပ်ကျေးရွာ၊ ဥမင်ကုန်းကျေးရွာ၊ ဖလဲကျေးရွာနှင့် ဥသျှစ်ပင်ကျေးရွာတို့အတွက် ကျေးလက်ကျန်းမာရေးဆေးပေးခန်းများ ချပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တုံးတင်တပ်ကျေးရွာသည် ကုက္ကိုကုန်းကျေးလက်ကျန်းမာရေးဌာနနှင့် သုံးမိုင်ခွဲ ဝေးပါကြောင်း၊ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ၂၅ မိုင်ခွဲ ဝေးပါကြောင်း၊ ထို့ကြောင့် တုံးတင်တပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဖွင့်ပေးရန်သင့်၊ မသင့် ပြန်လည်သုံးသပ်သည့်အခါ တိုင်းဦးစီးမှူးအနေဖြင့်လည်း ဖွင့်သင့်ကြောင်း ထောက်ခံပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးသို့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက်က အစိုးရအဖွဲ့၏ သဘောထားမှတ်ချက် မေးမြန်းထားပါကြောင်း၊ သဘောထားမှတ်ချက်တွင် သင့်တင့်သည်ဟု စာပြန်ပါက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဥမင်ကုန်းကျေးရွာသည် ချောင်းကွေ့ ကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင်ရှိပြီး နှစ်မိုင်ခွဲသာ ဝေးပါကြောင်း၊ ကောလင်းမြို့နယ်ဆေးရုံနှင့် ရှစ်မိုင် ဝေးပါကြောင်း၊ ဥမင်ကုန်းကျေးရွာတွင် အမှန်တကယ်လိုအပ်မှုရှိ၊ မရှိကို တိုင်းဦးစီးမှူးသို့ မေးမြန်းသည့်အခါ မထားသင့်ပါကြောင်းကို စာပြန်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခု တည်ဆောက်မည်ဆိုပါက အချက်ခြောက်ချက်ရှိရမည်ဖြစ်ပြီး ယခုအခါ အချက် နှစ်ချက်သာ ကိုက်ညီသည့်အတွက် ဥမင်ကုန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် မသင့်တော်ပါကြောင်း။

ဖလဲကျေးရွာသည် ဆင်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် နှစ်မိုင်သာ ဝေးပါကြောင်း၊ ခန့်သာတိုက်နယ်ဆေးရုံနှင့် လေးမိုင်ဝေးပါကြောင်း၊ ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် မိုင် ၂၀ ဝေးပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ

ပေးသင့်၊ မပေးသင့် တိုင်းကျန်းမာရေးမှူးကို မေးမြန်းသည့်အခါ လိုအပ်မှုမရှိသည်ကို အကြောင်းပြန်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တည်ဆောက်မှုလိုအပ်သည့် မူ ခြောက်ချက်အနက် တစ်ချက်သာ ကိုက်ညီမှုရှိသောကြောင့် ဖွင့်လှစ်ရန် မသင့်တော်ပါကြောင်း။

ဥသျှစ်ပင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တောင်းပါကြောင်း၊ အမှန်တကယ်တွင် ဥသျှစ်ပင်ကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၇ ရက်တွင် ဖွဲ့စည်းပုံ ခွင့်ပြုမိန့်ရရှိခဲ့သော ကြို့ပင်ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပါကြောင်း၊ သားဖွားဆရာမတစ်ဦးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ ဒိုက်ဦးမြို့နယ် မှော်အင်းကျေးရွာအုပ်စု မှော်အင်းကျေးရွာ ရွာလယ်လမ်းမကြီး အရှည် တစ်မိုင်ခွဲခန့်ရှိသော မြေသားလမ်းအား ဂဝံလမ်းအဖြစ်သို့ ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းကလည်းကောင်း၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယသိပ္ပံကျောင်းများမှ သင်တန်းပြီးမြောက်သည့် သင်တန်းသား သင်တန်းသူများကို ကျောင်းဆင်းပြီးနောက် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အားကစားနှင့် ကာယပညာသင်ကြားနိုင်ရန်အတွက် အခြေခံဝန်ထမ်းနေရာခန့်ထားပေးခြင်းအား ပညာရေးဝန်ကြီးဌာနနှင့် စီမံဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ ပြည်သူ့ဆေးရုံများတွင် ပြည်သူများ လာရောက်ဆေးကုသမှုခံယူသောအခါ၌ ပြည်သူများအတွက် အခမဲ့ကုသခွင့်ပေးသည့် ဆေးနှင့် ဆေးပစ္စည်းများ ရှိ၊ မရှိနှင့် အခမဲ့အသုံးပြုခွင့်ပေးထားသော ဆေးနှင့် ဆေးပစ္စည်းများကို ဆေးရုံများတွင် ပြည်သူများ သိရှိစေရန် ရေးသားဖော်ပြထားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင်



ဝိုင်းမော်မဲဆန္ဒနယ်မှ
ဦးလဂန်ဇယ်ဂျုံး



မြစ်သားမဲဆန္ဒနယ်မှ
ဒေါက်တာလင်းလင်းကျော်

ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူအတည်ပြုသင့်သည့် အချက် ၁၁ ချက်၊ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန် အချက် တစ်ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက် လေးချက်တို့ကိုတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ဆန္ဒရယူ အတည်ပြုသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲမှုရှိသောကြောင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ကြောင်း အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ ရှော့၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း စာပေများကို အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းခြင်း၊ ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေအသီးသီး၏ အကျိုးဖြစ်ထွန်းစေမည့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍအသီးသီးကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာစွာဖြင့် မဲဆန္ဒရှင်ပြည်သူများအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း၏ (N) မမြဲဦးပိုင်ထွက်ရှိထားသည့် လယ်ယာမြေများကို အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက "၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ"အရ လျှောက်ထားစေခြင်းများမှာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံ မြေစာရင်းလက်စွဲဥပဒေပုဒ်မ (၅၈၂) ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ (N) မမြဲဦးပိုင်မှ အမြဲဦးပိုင်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိရေးအတွက် ဆောင်ရွက်ပေးရန်



ဒုတိယဝန်ကြီး
ဦးလှကျော်



ဒုတိယဝန်ကြီး
ဦးလှမော်ဦး

အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလှကျော်က မြန်မာနိုင်ငံ မြေစာရင်း လက်စွဲ ဥပဒေ ပုဒ်မ (၅၈၂) ပါပြဋ္ဌာန်းချက်သည် မြေမျိုးပြောင်းလဲသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်အရ စိုက်ပျိုးမှုအခြေအနေ တည်မြဲသည် မမြဲသည်ကို ဆုံးဖြတ်ရာတွင်လည်း လက်တွေ့ဖြေရှင်းသည့်အခါ ပြဿနာများရှိသည်ကို အတိအလင်း ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ကွင်းဖွဲ့တိုင်းတာခြင်းနှင့် ဦးပိုင် ပိုင်ဆိုင်မှုစာရင်း ကောက်ယူနိုင်ခြင်းတို့ မရှိသေးသည့် ဒေသများရှိ မမြဲဦးပိုင်များကို အမြဲဦးပိုင် ပြောင်းလဲရာတွင် မဖြစ်နိုင်သေးပါကြောင်း၊ ထို့ကြောင့် အဆိုပါအခြေအနေတွင် မြေမျိုးကြီးအနေဖြင့် မြေလွတ်၊ မြေလတ်၊ မြေရိုင်းစာရင်းများအဖြစ်သာ မှတ်သားတည်ရှိနေခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ပထမဦးစွာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ရရှိရေးလျှောက်ထားစေပြီး စိုက်ပျိုးမှုတည်မြဲလာသည့်အခါမှသာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရေး ဆက်လက် လျှောက်ထားစေခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ ဥပဒေနှင့် ညီညွတ်စွာစီမံဆောင်ရွက်သွားနိုင်မည့် အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

### ရခိုင်လူငယ်ကွန်မြူနတီစင်တာ

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအနေဖြင့် ရန်ကုန်ရောက်ရခိုင်တိုင်းရင်းသားလူငယ်များအတွက် လူငယ်စင်တာဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ရခိုင်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ငွေများ မည်ကဲ့သို့ သုံးစွဲနေကြောင်း သိရှိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက ရန်ကုန်တိုင်းဒေသကြီးတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နှစ်ဦး ရှိပါကြောင်း၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအနေဖြင့် ရခိုင်တိုင်းရင်းသားလူငယ်များအတွက် လူငယ်စင်တာအပြင် ရခိုင်တိုင်းရင်းသားများအားလုံး အသုံးပြုနိုင်ရန်အတွက် ရခိုင်ကွန်မြူနတီစင်တာတစ်ခုဖြစ်ပေါ်လာရေးကို အဓိက ရည်ရွယ်ချက်တစ်ခုအဖြစ်ထားရှိကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်း တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနများကို စနစ်တကျ ဆောင်ရွက်လာနိုင်ပြီး ရခိုင်လူငယ်ကွန်မြူနတီစင်တာ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

### ယဉ်ကျေးမှုဖော်ထုတ်ရေးအစီအမံ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၇၀၀၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၂၃၀၀၊ ၂၀၁၈ – ၂၀၁၉ဘဏ္ဍာနှစ်တွင် ငွေကျပ် ၉၉၅ ဒသမ ၅၈ သိန်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၇၀ တို့ဖြင့် ဆရာတော်ဦးဥတ္တမ၏ သမိုင်းမှတ်တမ်း၊ ရခိုင်ဝေါဟာရအဘိဓာန်(ဒုတိယအကြိမ်)၊ ရခိုင်ရှေးဟောင်းမြို့တော်များစသည့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ ရခိုင်အမျိုးသားနေ့၊ ဆရာတော်ဦးဥတ္တမနေ့၊ ရခိုင်ပြည်နယ်နေ့၊ ရခိုင်ရိုးရာသင်္ကြန် စသည့် အခမ်းအနားပွဲတော်များအပြင် ရခိုင်ရိုးရာနံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲ၊ အားကစားပြိုင်ပွဲများ၊ ရတုပြိုင်ပွဲနှင့် ရခိုင်ရိုးရာသီချင်းပြိုင်ပွဲများ စသည်တို့ကို ယဉ်ကျေးမှုပြန်လည်ဖော်ထုတ်ရေးအစီအမံများအနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ရခိုင်လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်၊ ရခိုင်လူငယ်အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေး စသည့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ရခိုင်တိုင်းရင်းသားလူငယ်များအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါပွဲတော်များ ကျင်းပသည့်အခါတွင် ရခိုင်တိုင်းရင်းသားများသာမက ကျန်တိုင်းရင်းသားများအနေဖြင့်လည်း ပါဝင်ဆင်နွှဲလျက်ရှိပါကြောင်း၊ အလားတူ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သာကေတမြို့နယ်ရှိ တိုင်းရင်းသားကျေးရွာတွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ရှိသည့် တိုင်းရင်းသားလူမျိုးစုများ၏ နေ့ထူးနေ့မြတ်များ၊ အထိမ်းအမှတ်အခမ်းအနားများကို စီစဉ်ကျင်းပပေးနေရုံသာမက တိုင်းရင်းသားလူမျိုးစုများ၏ တွေ့ဆုံရပ်အဖြစ်လည်း ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

### ကျောင်းသုံးပုံနှိပ် ထုတ်ဝေနိုင်ရေး

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၏ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်အတွင်း နေထိုင်ကြသော ရှော့၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း စသည့် မျိုးနွယ်စုများ၏ တိုင်းရင်းစာပေသင်ကြားမှုအား မည်ကဲ့သို့ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနှင့် ဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေး မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၌ ရှော့၊ ဒါးရင်ဒူး၊ ဥပ်(ပူး)၊ ဒိုင်၊ မွင်း စာပေများကို အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် တိုင်းရင်းသားဘာသာသင် Teaching Assistant ၉၁ ဦး၊ Language Teacher ၁၁၂ ဦးဖြင့် သင်ကြားလျက်ရှိပါကြောင်း၊ အဆိုပါစာပေများ သင်ကြားရန်အတွက် ဆရာ ဆရာမများခန့်ထားရာတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပေးပို့တင်ပြလာသော လျှောက်ထားသူများအား သတ်မှတ်ချက်နှင့်အညီ စိစစ်ရွေးချယ်ပြီး ၎င်းတို့ဆန္ဒပြုသည့်ကျောင်းများ၌ ခန့်ထားဆောင်ရွက်ပေးနေပါကြောင်း၊ ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော တိုင်းရင်းသားဘာသာသင်ရိုး၊ ကျောင်းသုံးပုံနှိပ်စာအုပ်များဖြင့် သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူဦးရေ၊ ဆရာ ဆရာမဦးရေနှင့် တိုင်းရင်းသားဘာသာအလိုက် လိုအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ချင်းပြည်နယ်အတွင်း ချင်းတိုင်းရင်းသားလူမျိုးစုများ၏ စာပေများ ရှင်သန်ဖွံ့ဖြိုးနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲကိုလည်းဖြစ်ပေါ်စေဆိုသည့် အခြေခံမူအား လိုက်နာ၍လည်းကောင်း သတ်မှတ်သင်ကြားခွင့်ပြုထားသည့် ချင်းတိုင်းရင်းသားဘာသာများကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ချင်းပြည်နယ်လွှတ်တော်တို့အနေဖြင့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ချင်းပြည်နယ်အတွင်းရှိသည့် ချင်းတိုင်းရင်းသားဘာသာစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်တို့မှ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ စစ်တွေမြို့နယ် ဆတ်ရိုးကျကျေးရွာနှင့် ကျေးတောကျေးရွာအုပ်စုတို့မှ လယ်သမား ၂၃ ဦးတို့၏ လယ်မြေ ၁၄၂ ဒသမ ၄၉၇ ဧက သိမ်းဆည်းမှုအား ကျေးရွာနှင့် မြို့နယ်အဆင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ကွင်းအမှတ် (၇၇၁) နန္ဒာဘာကွင်း၊ ဦးပိုင်အမှတ် (၈၀/၃)၊ ဧရိယာ သုည ဒသမ ၇၃ ဧကရှိ ယာမြေအား အခြားနည်းအသုံးပြုခွင့်လျှောက်ထားရာတွင် လုပ်ငန်းစာတွဲအမှတ်၊ ၁၆/ လယ(၃၀)/ ၂၀၁၆ – ၂၀၁၇/ မကွေး/ ပွင့်ဖြူ အမှုတွဲသည် လိုအပ်ချက်တစ်စုံတစ်ရာမရှိသည့်အတွက် အမြန်ဆုံး ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိနှင့် ၂၀၁၆ခုနှစ် ဩဂုတ် ၉ ရက်နေ့က လုပ်ငန်းစာတွဲ စတင်ဆောင်ရွက်ခဲ့ရာ မည်သည့်အတွက် သုံးနှစ်ကျော်ကြာမြင့်နေသည်ကို သိရှိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး



ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်း



ပဲခူးတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး

ပေးပို့လာသော အသေးစားငွေရေးကြေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်၏ဆန္ဒရယူရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်းနှင့် ယင်းအဆိုနှင့်စပ်လျဉ်းသည့် မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူတို့၏ အမွေခံတို့ထံသို့ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးကြွယ်နှင့် ဦးကျော်ကျော်တို့သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့်နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုသည့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက နှစ်မိနစ် မတ်တတ်ရပ်၍ ငြိမ်သက်ကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## လွှတ်တော်ရေးရာ

* စာမျက်နှာ ၃ မှ

သို့ဖြစ်ပါ၍ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ချေးငွေရယူနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှု အရေးပေါ်စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်၏ Fast Track COVID-19 Facility အစီအစဉ်အောက်မှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၅၀ ရယူရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ IDA 18 ချေးငွေဆိုင်ရာ စည်းကမ်းချက်များအရ ဆိုင်းငံ့ကာလ ငါးနှစ်၊ ပြန်ဆပ်ကာလ ၂၅ နှစ် စုစုပေါင်း ချေးငွေသက်တမ်းနှစ် ၃၀ ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ပြီး ဝန်ဆောင်ခမှာ တစ်နှစ်လျှင် သုည ဒသမ ၇၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အဆိုပါ ချေးငွေ၏ Grant Element တွက်ချက်ရာတွင် ၃၈ ဒသမ ၃၇ ရာခိုင်နှုန်းရရှိသည့်အတွက် သက်သာသောချေးငွေဖြစ်ပါကြောင်း။

စီမံကိန်းအသုံးစရိတ်များကိုထိရောက်မြန်ဆန်စွာဖြင့် ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ သုံးစွဲရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ စီမံကိန်းတိုးတက်မှု အစီရင်ခံစာများကိုလည်း ပုံမှန်တင်ပြပေးရန် လိုအပ်ပါကြောင်း။

ယခုချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများ၊ နိုင်ငံတော်၏ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း-MSDP (၂၀၁၈-၂၀၃၀)၊ COVID-19 စီးပွားရေးကုစားမှုအစီအစဉ် (COVID-19 Economic Relief Plan- CERP) ၏ ပန်းတိုင် - ၆ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားကောင်းလာစေခြင်းတို့နှင့် ကိုက်ညီမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကမ္ဘာ့ဘဏ်၏ Fast Track COVID-19 Facility အစီအစဉ်အောက်မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ရယူနိုင်ရေးကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာတုံ့ပြန်မှုအရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့(IDA)ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ရှင်းလင်းတင်ပြရာတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံတင်ပြသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဥပဒေမူဘောင်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အစီအစဉ်များကို ပြည်ပနိုင်ငံ ၆ နိုင်ငံတွင် ၁၁ ကြိမ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၂၉ ကြိမ် ကျင်းပခဲ့ပါကြောင်း၊ ကော်မရှင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေခြင်း ရှိ မရှိနှင့် လုပ်ငန်းရှင်များကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကော်မရှင်၏ ရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့ဝင်များက ၃၅၆ ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရန် One Stop Service (OSS)အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အကူအညီပေးရေးကော်မတီကိုဖွဲ့စည်းကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၏ အခက်အခဲများကို ကူညီဖြေရှင်းခဲ့ပါကြောင်း၊ အစီရင်ခံကာလအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၉၇ ခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၅ ခုတို့သည် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### နိုင်ငံတော်၏ လိုငွေကို ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏ လိုငွေကို ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ထံမှ ချေးငွေအမေရိ ကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲလျက်ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအတွက် နိုင်ငံတော်က သက်သာသောချေးငွေများ ထုတ်ချေးခြင်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ လှည့်ပတ်ရန်ပုံငွေနှင့် လူမှုဖူလုံရေးအဖွဲ့ရန်ပုံငွေတို့ပေါင်းစပ်၍ ကိုဗစ်-၁၉ ရန်ပုံငွေ ထူထောင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့အပြင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် စားကုန် ငါးမျိုး ထောက်ပံ့ပေးခြင်း၊ နိုင်ငံတော်အတွက် အရန်ဆန်၊ ဆီ၊ ရိက္ခာများ ဝယ်ယူစုဆောင်းခြင်းတို့အပါအဝင် ကိုဗစ်-၁၉ နှင့် ဆက်စပ်သော အသုံးစရိတ်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေဘောင်အတွင်းမှ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းဖြင့်လည်း ကျခံသုံးစွဲဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စီးပွားရေးထိခိုက်မှုရှိခဲ့သော CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ၃ လ တစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့် လစဉ်ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်များကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်အထိ ရွှေ့ဆိုင်းပေးခဲ့ခြင်း၊ ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်ကုန်အထိ ကင်းလွတ်ခွင့်ပေးခဲ့ခြင်း၊ ခေတ္တရပ်နားခဲ့ရသော စီးပွားရေးလုပ်ငန်းအချို့တွင် ဝင်ငွေလျော့နည်းမှုကြောင့် ၎င်းအပေါ် ကောက်ခံသည့် ဝင်ငွေခွန်များ လျော့နည်းနိုင်မည်ဖြစ်ခြင်း၊ နိုင်ငံတော်၏ အခွန်အကောက်ရငွေများအပေါ် ထိခိုက်နိုင်ခြင်းနှင့် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် သဘာဝဓာတ်ငွေ့ရောင်းရငွေများ လျော့ကျနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏ရငွေများ လျော့နည်းနိုင်သဖြင့် နိုင်ငံတော်၏ လိုငွေအပေါ် သက်ရောက်မှုများစွာ ရှိလာမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မြင့်တက်လာနိုင်သည့် ဘဏ္ဍာရေးလိုငွေကို ဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူသည့် နည်းလမ်းဖြင့် များစွာဖြည့်ဆည်းရခြင်းမဖြစ်စေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အတိုးနှုန်းသက်သာသော ချေးငွေချေးယူခြင်းနည်းလမ်းဖြင့်လည်း ဖြည့်ဆည်းရန် ရည်ရွယ်ထားပါကြောင်း။

ချေးငွေစီမံကိန်းသည် တည်ဆဲဥပဒေများ၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)နှင့် COVID-19 Economic Relief Plan ပါလုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိပါကြောင်း။

ထို့ကြောင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ကိုဗစ်-၁၉ ကို ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် သတ်မှတ်ပြီးနောက်ပိုင်း ကိုဗစ်-၁၉ ကျရောက်ခံစားရသည့် နိုင်ငံများအနေဖြင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အရေးပေါ် ထောက်ပံ့ရေးအစီအစဉ်(RCF) နှင့် အရေးပေါ်ချေးငွေအစီအစဉ်(RFI) အထောက်အပံ့များ ရယူနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထောက်အပံ့နှစ်ခုပေါင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ မှ သန်း ၇၀၀ အထိ ရယူနိုင်သည်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အကြောင်းကြားလာခဲ့ပါကြောင်း။

အဆိုပါအထောက်အပံ့များသည် ကိုဗစ်-၁၉ သက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်နေသည့် ကာလအတွင်း ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန် ရည်ရွယ်ချက်ဖြင့် ပေးအပ်လာခြင်းဖြစ်ပါကြောင်း၊ အလားတူ ကိုဗစ်-၁၉ ကပ်ရောဂါမှ လွန်မြောက်၍ စီးပွားရေး နာလန်ထူလာစေရန် နိုင်ငံတော်မှ ဆောင်ရွက်မည့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အသုံးစရိတ်များအတွက် ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ သက်ရောက်မှုနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၇၀၀ ရယူမည်ဆိုပါက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏လိုငွေကို ဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)ထံမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်း က နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း၊ စက်မှုဇုန်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၂၁ ရက် ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်**

---

✪ **ကျောဖုံးမှ**

မြန်မာနိုင်ငံတစ်ဝန်း နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ ခန့်မှန်း(၂၀-၅-၂၀၂၀)နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ရေဦး၊ ကန့်ဘလူမြို့တို့နှင့် မကွေးတိုင်းဒေသကြီး (အထက်ပိုင်း) ပခုက္ကူ၊ ဆော၊ ဂန့်ဂေါ၊ ပေါက်၊ ထီးလင်း၊ ကျောက်ထု၊ ချောက်၊ မြိုင်နှင့် ရေစကြိုမြို့နယ်များတွင် တစ်နာရီ လေတိုက်နှုန်း(၃၀-၃၅)မိုင်နှုန်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေ၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များနှင့် ချင်းပြည်နယ် ဖလမ်းနှင့် တီးတိန်မြို့တို့တွင် တစ်နာရီ လေတိုက်နှုန်း(၄၀-၄၅)မိုင်နှုန်းဖြင့်လည်းကောင်း၊ ချင်းပြည်နယ် ပလက်ဝ၊ မတူပီနှင့် ဟားခါးမြို့တို့တွင် တစ်နာရီ လေတိုက်နှုန်း(၅၀-၆၀)မိုင်နှုန်းဖြင့်လည်းကောင်း တိုက်ခတ်နိုင်ကြောင်း လေ့လာခန့်မှန်းလျက်ရှိပါသည်။

- ယခင် ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့တွင် ရခိုင်ကမ်းရိုးတန်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်တွင် ရေကြီး၊ မြေပြိုမှုများလည်းရှိခဲ့ကာ လူ(၃၅)ဦးသေဆုံး၊ (၁၀)ဦး ပျောက်ဆုံးခဲ့သည့်အပြင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်မှုနှင့် ချောင်းရေတွင်မျောပါမှုကြောင့် သေဆုံးသူ (၉)ဦးနှင့် ပျောက်ဆုံးသူ (၃)ဦး ရှိခဲ့ပါသည်။
- ထို့အပြင် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်နေ့တွင် မြန်မာနိုင်ငံ မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ကြားမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် 02B မုန်တိုင်း၏ အရှိန်ကြောင့် ကုန်းတွင်းပိုင်းဒေသများဖြစ်သော မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ မြိုင်မြို့နယ်တို့ရှိ ယောချောင်း၊ ရွှေချောင်းနှင့် အခြားသဲချောင်းများ၌ ချောင်းရေများ အဆမတန်ကျဆင်းလာခဲ့ရာမှ လျှပ်တစ်ပြက်ရေကြီးခြင်းဖြစ်ပွားခဲ့ပြီး နံနက်(၄)နာရီခန့်တွင် ရုတ်တရက်ဖြစ်ပေါ်ခြင်းလည်းဖြစ်သဖြင့် ရှောင်တိမ်းချိန်မရခြင်းနှင့် ချောင်းရေးဧရိယာအတွင်း သဲသောင်များ၌ စိုက်ပျိုးရေးလုပ်ကိုင်ပြီး ယာယီနေထိုင်ကြသူများလည်း ရှိသဖြင့် သေဆုံးသူ(၄၆)ဦး၊ ပျောက်ဆုံးသူ (၁၁၅)ဦး ရှိခဲ့ပြီး ဆုံးရှုံးမှုကြီးမားခဲ့ပါသည်။
- မုန်တိုင်းကြောင့်မဟုတ်သော်လည်း ၂၀၁၈ ခုနှစ် ရေဘေးကာလအတွင်း ဩဂုတ်လတွင် မွန်ပြည်နယ် ပေါင်မြို့နယ်၌ အချိန်တိုအတွင်း မိုးရေချိန်များစွာ ရွာသွန်းမှုကြောင့် မလတ်တောင်ပြိုမှုဖြစ်ပွားခဲ့ရာ လူ(၇၃)ဦးသေဆုံးပြီး (၆၃)ဦးဒဏ်ရာရရှိခဲ့ပါသည်။
- သို့ဖြစ်ရာ ယခုဖြစ်ပေါ်လျက်ရှိသည့် အမ်ဖန်(AMPHAN)စူပါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသဖြင့် ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းရန် မလိုနိုင်သော်လည်း မုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပေါ်တတ်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ တောင်ကျချောင်းများတွင် ရေများ ရုတ်တရက်ကျဆင်းခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်ပေါ်တတ်ကြောင်းကို ကမ်းရိုးတန်းဒေသများသာမက ကုန်းတွင်းပိုင်းဒေသနေ ပြည်သူများအနေဖြင့် လည်း သတိပြုကြိုတင်ပြင်ဆင်နေထိုင်ရန်လိုအပ်ပြီး အောက်ဖော်ပြပါ အချက်များကို ဂရုပြုလိုက်နာနိုင်ပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကြံပြုအပ်ပါသည်-

(၁) နေအိမ်အဆောက်အဦများ၏ ကြံ့ခိုင်မှုကိုစစ်ဆေး၍ လေဒဏ်၊ မိုးဒဏ် ခံနိုင်စေရန် ပြုပြင်ဆောင်ရွက်ပါ။ အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ကြိုတင်ခုတ်ထွင်ရှင်းလင်းထားပါ။

(၂) လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန်တို့တွင် သစ်ပင်၊ သစ်ကိုင်းများ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ ကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊ လေပြင်းနှင့်အတူ လွင့်ပါလာသည့် သွပ်နှင့် အခြားအရာဝတ္ထုများကြောင့် ထိခိုက်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပွားနိုင်သဖြင့် တတ်နိုင်ပါက အဆောက်အဦအပြင်ဘက်သို့ မထွက်ပါနှင့်။ ဖုန်းများအသုံးမပြုပါနှင့်။ လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။

(၃) လေတိုက်နှုန်း တစ်နာရီ မိုင်(၅၀ - ၆၀)ခန့်သည် တဲအိမ်ငယ်များ ပြိုလဲနိုင်ခြင်း၊ နေအိမ်များ အမိုး၊ အကာ လန်ခြင်းများလည်း ဖြစ်ပွားနိုင်သဖြင့် မိမိအိမ်သည် လေပြင်းဒဏ်ခံနိုင်ရည်အားနည်းသည်ဟု ယူဆပါက ခိုင်ခံ့သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦများသို့ ကြိုတင်ရှောင်ရှားနေထိုင်ပါ။

(၄) မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး လျှပ်တစ်ပြက်ရေကြီးခြင်းသည် ရှောင်တိမ်းရန် အချိန်အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမိုဂရုပြုနေထိုင်ပါ။

(၅) အန္တရာယ်ရှိသည့်မြစ်ချောင်းများ၊ တောင်ကျချောင်းများ၊ တောင်ခြေများ၊ တောင်စောင်းများ စသည့် မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်နိုင်သည့်နေရာများတွင် နေထိုင်သူများ အထူးသတိပြုနေထိုင်ပါ။ လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။

(၆) မိုးထစ်ချုန်းရွာသွန်းနေချိန် တောင်ကျချောင်းများအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နွားလှည်းများ၊ လူများ မဖြတ်သန်းပါနှင့်။ ရုတ်တရက်ရေများအရှိန်ဖြင့် စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိနိုင်ပါသည်။

(၇) လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများ ပြီးစီး၍ အပြင်ထွက်ပါက လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှ ဝေးဝေးနေပါ။ မြွေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏အန္တရာယ်ကို သတိပြုပါ။ တောင်စောင်းများ၊ မြစ်ချောင်းများ၊ တောင်ကျချောင်းများအနီးသို့ မသွားပါနှင့်။

(၈) မိမိတို့ရပ်ရွာအတွင်း လေပြင်းဒဏ်ခံနိုင်သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦများသို့ ခေတ္တရှောင်ရှားနေထိုင်သည်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဘေးလွတ်ကင်းရာနေရာများသို့ ရွှေ့ပြောင်းသည်ဖြစ်စေ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပါ။

- ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မေ ၁၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လေးဦးထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၈ ဦးအထိ ရှိလာ

**နေပြည်တော် မေ ၁၈**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ လေးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၈၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ လေးဦးမှာ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦး၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ နှစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ တစ်ဦးတို့ ဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၈၈ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့သူ စုစုပေါင်း ၁၀၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၈၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၅၆၁ | ၁၈၈ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၀၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၃၄၄

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၈၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၈ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | မွန် | ၁ | |
| ၁၂ | မကွေး | ၁ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | ရခိုင် | ၁ | |
| | စုစုပေါင်း | ၁၈၈ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၈-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၅၃၁၇၂၇ | ၃၄၆၇၈၆ | ၉၁၀၆၁ |
| ရုရှား | ၂၉၀၆၇၈ | ၇၀၂၀၉ | ၂၇၂၂ |
| စပိန် | ၂၇၇၇၁၉ | ၁၉၅၉၄၅ | ၂၇၆၅၀ |
| ဘရာဇီး | ၂၄၄၀၅၂ | ၉၄၁၂၂ | ၁၆၂၀၁ |
| ဗြိတိန် | ၂၄၃၆၉၅ | စိစစ်ဆဲ | ၃၄၆၃၆ |
| အီတလီ | ၂၂၅၄၃၅ | ၁၂၅၁၇၆ | ၃၁၉၀၈ |
| ပြင်သစ် | ၁၇၉၅၆၉ | ၆၁၂၁၃ | ၂၈၁၀၈ |
| ဂျာမနီ | ၁၇၆၉၃၃ | ၁၅၄၆၀၀ | ၈၀၆၂ |
| တူရကီ | ၁၄၉၄၃၅ | ၁၀၉၉၆၂ | ၄၁၄၀ |
| အီရန် | ၁၂၂၄၉၂ | ၉၅၆၆၁ | ၇၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၈၃၄၃ | ၉၃၄၀ | ၂၂ |
| အင်ဒိုနီးရှား | ၁၈၀၁၀ | ၄၃၂၄ | ၁၁၉၁ |
| ဖိလစ်ပိုင် | ၁၂၇၁၈ | ၂၇၂၉ | ၈၃၁ |
| မလေးရှား | ၆၉၄၁ | ၅၆၁၅ | ၁၁၃ |
| ထိုင်း | ၃၀၃၁ | ၂၈၅၇ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၃ | ၀ |
| မြန်မာ | ၁၈၈ | ၁၀၁ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## ■ ဖိလစ်ပိုင်မှ

သတ်မှတ်ဟိုတယ်များ၌ (၂၁) ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (ယူအေအီး)၊ ကာတာနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၂၀၇၂ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

facebook

အနိုင်မကျင့်ရ၊ မနှောင့်ယှက်ရ



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အချိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက်အစီအစဉ် ပြန်လည်စတင်ဆောင်ရွက်နေသည့် နေပြည်တော် ကလေးအထူးကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု



**နေပြည်တော်  မေ  ၁၈**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် တစ်နိုင်ငံလုံးတွင် ဧပြီလမှစ၍ ယာယီရပ်ဆိုင်းထားခဲ့သော ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက်အစီအစဉ်ကို ပြန်လည်စတင်ဆောင်ရွက်လျက်ရှိသည့် နေပြည်တော် ကလေးအထူးကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးပေးရန် လာရောက်သည့် မိဘ၊ အုပ်ထိန်းသူများ၊ ဆေးရုံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနမှ ထိုးနှံ/ တိုက်ကျွေးပေးနေသည့် ၁၂ မျိုးသော ရောဂါကာကွယ်ဆေးများကို အပြည့်အဝထိုးနှံ/ တိုက်ကျွေးခြင်းမရှိပါက ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားမှုနှင့် သေဆုံးမှုတို့မှာ ကိုဗစ်- ၁၉ ရောဂါထက်ပင် များပြားမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုး စုရပ်များတွင် ကာကွယ်ဆေး ထိုးနှံ/ တိုက်ကျွေးပေးခြင်းလုပ်ငန်းအပြင် ဆေးထိုးရန် စောင့်ဆိုင်းနေချိန်၌ မိခင်နှင့် ကလေးကျန်းမာရေး အသိပညာပေးခြင်း၊ ကလေး အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရန်စောင့်ဆိုင်းနေစဉ် ကလေးများတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများနှင့် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို ရုပ်မြင်သံကြားစက်ဖြင့် ပြသထားစေလိုပါကြောင်း၊ ကလေး၊ ကိုယ်ဝန်ဆောင်၊ မိခင်တို့နှင့် ပတ်သက်သော ကျန်းမာရေး အသိပညာပေး ပိုစတာများနှင့် လက်ကမ်းစာဆောင်များသာမက လက်ကိုင်ဖုန်းများ အသုံးပြု၍ QR Code များမှတစ်ဆင့် အင်တာနက် စာမျက်နှာသို့ဝင်ရောက်ကာ မိမိ၏ ဖုန်းအတွင်း သိမ်းဆည်းဖတ်ရှုနိုင်ရန်ပါ လုပ်ဆောင်ထားရှိပါကြောင်း၊ ကလေးများ၏ မိဘ၊ အုပ်ထိန်းသူများအနေဖြင့် ကလေးများ ကာကွယ်ဆေးများ အပြည့်အဝရရှိစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက် အစီအစဉ်အတိုင်း လာရောက်ထိုးနှံကြစေလိုပါကြောင်း၊ ထိုသို့လာရောက်ရာတွင် လူစုလူဝေးမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးပေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန်အချက်များကို အမြဲမပြတ် ဂရုစိုက်ကြစေလိုပါကြောင်း။

ယခု ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် လာရောက်သည့် မိဘ၊ အုပ်ထိန်းသူများသည် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း ပါးစပ်နှင့်နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်လာသည်ကို တွေ့ရှိရသဖြင့် မိမိကိုယ်တိုင်အပြင် ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးပေးသူများနှင့် အခြားသူများအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးရန် စာရင်းပေးသွင်းသည့် နေရာ၊ စောင့်ဆိုင်းသည့်နေရာနှင့် ကာကွယ်ဆေးထိုးခန်းတို့တွင် လူစုလူဝေးမဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းစွာကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးပေးရေးအတွက် ဆေးရုံမှ တာဝန်ရှိသူများက စနစ်တကျ ဆောင်ရွက်ထားရှိမှုများကို တွေ့ရှိရပါကြောင်း ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်၌ ပုံမှန်ကာကွယ် ဆေးထိုး/ ဆေးတိုက်အစီအစဉ်ကို ဧပြီ ၁ ရက်မှ စတင်၍ ယာယီရပ်ဆိုင်းခဲ့ရာမှ ယနေ့ မေ ၁၈ ရက်တွင် မြန်မာတစ်နိုင်ငံလုံး၌ ဆေးရုံအခြေပြု ပုံမှန်ကာကွယ်ဆေးထိုး/ ဆေးတိုက် အစီအစဉ်ကို ပြန်လည်စတင်ခဲ့သည်။ ဇွန် ၁ ရက်မှစတင်၍ မြို့နယ်အဆင့်အောက် တိုက်နယ်/မိခင်ကလေး/ ဒေသန္တရ/ မြို့မ/ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ရပ်ကွက်/ ကျေးရွာများတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဧပြီလနှင့် မေလတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့် ကလေးများကိုပါ ပြန်လည်ထိုးနှံ/ တိုက်ကျွေးပေးမည်ဖြစ်ရာ ပုံမှန်ကာကွယ်ဆေးထိုးသည့် အခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိစေရန် စတင်ထိုးနှံသည့်အချိန်တွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဆေးရုံများနှင့် မိခင်ကလေး/ ဒေသန္တရ/ မြို့မကျန်းမာရေးဌာနများတွင် ရက်သတ္တတစ်ပတ်လျှင် ၅ ရက်ဖြင့် ရက်သတ္တနှစ်ပတ်ဆက်တိုက် ဆောင်ရွက်သွားမည် ဖြစ်သည်။ နောက်ပိုင်းတွင် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ဖြင့် ဆက်လက်ထိုးနှံ/ တိုက်ကျွေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေး ထိုးနှံပေးခြင်းအပြင် မိခင်နှင့် ကလေးကျန်းမာရေး အသိပညာပေးခြင်း၊ ကလေး အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှုများ ညှိနှိုင်းဆွေးနွေး



**နေပြည်တော်  မေ  ၁၈**
အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူးရုံး၏ လုပ်ငန်းများ ဆောင်ရွက်တိုးတက်မှုနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Video Conference ဖြင့် ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် ဦးဆောင်အဖွဲ့၏ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကိုဗစ်-၁၉ ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အတွင်းရေးမှူးရုံးအဖွဲ့က လုပ်ငန်းဆောင်ရွက်ထားရှိမှု ပထမအကြိမ်အစီရင်ခံစာကို တင်ပြပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် ပြည်သူများက လုပ်အား၊ ငွေအားနှင့် ပစ္စည်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်သူများထဲက ပြည်သူများဖြစ်သော စေတနာ့ဝန်ထမ်းများ၊ ပရဟိတသမားများ၏ လုပ်အားဖြင့် ပံ့ပိုးကူညီမှုများတွင် လိုအပ်ချက်များကို ပြန်လည်ဖြည့်ဆည်းကူညီခြင်း၊ ကျေးဇူးတင် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းများ ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း အသွားအလာကန့်သတ်ခြင်း(Quarantine) နေရာများတွင်ရှိသည့် စေတနာ့ဝန်ထမ်းများ၊ ပြည်သူများအကြား ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေသော ပရဟိတသမားများစာရင်းကို မကျန်ရှိစေရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့က မြို့နယ်အလိုက် စိစစ်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ စေတနာ့ဝန်ထမ်းများအား စနစ်တကျ ပိုမိုပံ့ပိုးကူညီပေးနိုင်မည် ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်း သင်တန်းလက်စွဲစာအုပ်ကို ဖြန့်ဝေခဲ့ပြီး သင်တန်းပေးမည့် ဆရာများကို Training of Trainer (TOT) သင်တန်းများ ပေးလျက်ရှိသည့် အခြေအနေများ၊ သင်တန်းရရှိပြီးသည့် ဆရာများက စေတနာ့ဝန်ထမ်းများအား ပြန်လည်သင်ကြားပေးလျက်ရှိသည့် အခြေအနေများတွင် လိုအပ်ချက်များကို ဆွေးနွေးပေးကြစေလိုကြောင်း။

စေတနာ့ဝန်ထမ်းများအတွက် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ၊ နားနေနိုင်မည့်နေရာများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် စက်သုံးဆီပံ့ပိုးနိုင်ရေးကိစ္စများစီစဉ်ထားမှုနှင့် စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက စေတနာ့ဝန်ထမ်းများအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် စက်သုံးဆီပံ့ပိုးနိုင်ရေး ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ တိုင်းဒေသကြီး/ပြည်နယ်များက ပေးပို့လာသည့် စေတနာ့ဝန်ထမ်းများ စာရင်းနှင့် အွန်လိုင်းမှ စာရင်းပေးသွင်းလာသည့် စေတနာ့ဝန်ထမ်းများစာရင်းကို စိစစ်ပြီးစီးမှု အခြေအနေများ၊ မြို့နယ်အလိုက် ပြန်လည်စိစစ်နိုင်ရေးအတွက် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းများအတွက် လက်စွဲစာအုပ် ပုံနှိပ်ထုတ်ဝေရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လက်စွဲစာအုပ်များကို လက်ရှိသင်တန်းပေးနေသော မြို့နယ်များအရောက် ဖြန့်ဝေပေးနေသည့် အခြေအနေများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများအတွက် Training of Trainer (TOT) သင်ကြားမှု Video Clip ရိုက်ကူးပြီး Youtube မှတစ်ဆင့် အချိန်မရွေး လေ့လာနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်တန်းဆရာလက်စွဲ (Trainer Mannual) ရေးဆွဲလျက်ရှိသည့် အခြေအနေများနှင့် ဆင့်ပွားသင်တန်းများ အမြန်ဆုံးပေးနိုင်ရေး စီစဉ်ဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ မြေပြင်ဝန်ထမ်းများအနေဖြင့် မူလတာဝန်များ မလစ်ဟင်းစေဘဲ ကိုဗစ်- ၁၉ ရောဂါ အရေးပေါ်တုံ့ပြန်နိုင်ရေးလုပ်ငန်းများတွင် လိုအပ်သလို ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးရစ်ငါးသန် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် ကင်းလှည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကဝ  မေ  ၁၈**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မုတ္တမပင်လယ်ကွေ့ဒေသအတွင်း ငါးရစ်ငါးသန် ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် ကင်းလှည့်စစ်ဆေးခြင်းလုပ်ငန်းများကို ကဝမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မုတ္တမပင်လယ်ကွေ့စီမံချက် မိတ်ဖက်အဖွဲ့ဖြစ်သော ဒေသခံရေလုပ်သား ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ဒေသခံရေလုပ်သားများ ပူးပေါင်း၍ မေဒုတိယပတ်က ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အရှေ့ဘက် စစ်တောင်းမြစ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြရာ ပိုင်ရှင်မဲ့ငါးဖမ်းပိုက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော်  မေ  ၁၈**
ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၉ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၆ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ တင်ရွှေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၅-၂၀၂၀ ရက်နေ့တွင် ရှင်ဗွေယန်မြို့၊ အမှတ်(၂) ရပ်ကွက်နေ တင်ရွှေ(၄၅)နှစ်၊ (ဘ)ဦးသောင်းစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အမှတ် (၁) ရပ်ကွက်နေ မြင့်မောင်(၅၀)နှစ်၊ (ဘ)ဦးရွှေ၊ အမှတ် (၃) ရပ်ကွက်နေ စိုးသီဟ(၃၄)နှစ်၊ (ဘ)ဦးထွန်းဝင်းနှင့် သန့်ဇော်ဦး (၃၆)နှစ်၊ (ဘ)ဦးမျိုးသန့်တို့(၄)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရှင်ဗွေယန်) မယ(ပ)၈/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်နေ လှဝေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၅-၂၀၂၀ ရက်နေ့တွင် ဗန်းမော်မြို့၊ ရွှေကျီးနားရပ်ကွက်နေ လှဝေ(၆၂)နှစ်၊ (ဘ)ဦးနက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဗန်းမော်)မယ(ပ)၇၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာတွင်မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၅-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာနေ စိုးတင့်(၃၉)နှစ်၊ (ဘ)ဦးအောင်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်)မယ(ပ)၉၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ ထွန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၅-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ပိန်းအင်းကျေးရွာနေ အောင်ဝင်း(၅၉)နှစ်၊ (ဘ) ဦးအုန်းမောင်၏ ငါးကန်စောင့်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ထွန်းအောင်(၄၁) နှစ်၊ (ဘ)ဦးဖိုးချောတို့ (၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ)၇၆/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၅)ဦး၊ မ(၃)ဦး၊ ပေါင်း(၁၈)ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၃-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်နေ ဖြိုးလွင်ဦး(၂၇)နှစ်၊ (ဘ)ဦးလှကြိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဇော်ဝင်းခက်(ခ)ရွှေအိုးစည်(၂၆)နှစ်၊ (ဘ)ဦးမျိုးမြင့်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး သီရိမြိုင်ရပ်ကွက်နေ ဒေါ်ယဉ်နွယ်သိန်း (၃၃) နှစ်၊ (ဘ)ဦးမြင့်သိန်းထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိသော်လည်း ၎င်းတို့(၃)ဦးအား မမစ(ကော့သောင်း) မယ (ပ) ၉၇/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၆)ဦး၊ မ(၃)ဦး၊ ပေါင်း(၉)ဦးတို့အား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၀-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ အောင်ကျော်စိုး(၃၅)နှစ်၊ (ဘ)ဦးခင်မောင်ရင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ)၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၅-၂၀၂၀ ရက်နေ့တွင် မော်လမြိုင်မြို့၊ ကျောက်တန်းရပ်ကွက်နေ သာထူး(ခ)မြင့်ရွှေ(၄၈)နှစ်၊ (ဘ)ဦးသောင်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မုပွန်) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၆)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၂-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ ကမာဝက်မြို့၊ ထောင်ကေးရပ်ကွက်နေ မြမိုးဦး(၄၀)နှစ်၊ (ဘ)ဦးထွန်းလှနှင့် ဝင်းအောင်(၄၇)နှစ်၊ (ဘ)ဦးသောင်းဟန်တို့(၂)ဦး စီးနင်းလာသည့် HIJET ယာဉ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းစာရွက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ (ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဇင်ဘိုထက်(၂၆)နှစ်၊ (ဘ)ဦးအောင်ညွန့်ဝေ မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ ၁၃-၅-၂၀၂၀ ရက်နေ့တွင် ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်နေ ရန်နိုင်ကိုကို(ခ)သားကြီး (၃၉)နှစ်၊ (ဘ)ဦးစိုးမြင့်နှင့် တင်မောင်လွင်(ခ)ခေါင်းကြီး (၄၆)နှစ်၊ (ဘ)ဦးအေးစွတ်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ) ၂၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ၁၄-၅-၂၀၂၀ ရက်နေ့တွင် ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ တောင်ဝိုင်းရပ်ကွက်နေ အောင်ပြည့်လျှံစိုး(၂၁)နှစ်၊ (ဘ) ဦးချွန်စိုးနှင့် ကောင်းရှန်ထက် (၂၂)နှစ်၊ (ဘ) ဦးခင်မောင်ဦးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၂၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် မော်လမြိုင်မြို့၊ ရုံးကြီးလမ်းနေ သန်းဝင်း(၃၇)နှစ်၊ (ဘ) ဦးအုန်းရွှေ မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့် စစ်ဆေးရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ (ပ)၂၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေး ယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ ဘုရားကုန်းကျေးရွာ၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်းသတင်း ပေးပို့ခြင်း။ | ၁၁-၅-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ ဒေါ်အေးမိစံ(၄၁)နှစ်၊ (ဘ)ဦးအောင်ငြိမ်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သန်လျင်) မယ(ပ)၃၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၁၃-၅-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ အရှေ့ပိုင်းတက္ကသိုလ်(တာ၀) အရှေ့လမ်းပေါ်၌ ဘုရားကုန်းကျေးရွာနေ စည်သူအောင် (၂၀)နှစ်၊ (ဘ)ဦးရဲထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်)မယ (ပ)၃၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ရန်ကျော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်း ပေးပို့ခြင်း။ | ၁၆-၅-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်နေ ရန်ကျော်(ခ)ရန်ကျော်သွင်(၂၉)နှစ်၊ (ဘ) ဦးဝင်းဦး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူနေ ညီမဝမ်းကွဲဖြစ်သူ မအိချောပို(ခ) နီနီဂျူလိုင်(၂၀)နှစ်၊ (ဘ) ဦးခင်မောင်ကြီးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒေါပုံ) မယ (ပ)၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၅-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်နေ ချိုတူး(၂၈)နှစ်၊ (ဘ)ဦးပြုံးချို၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ၎င်းရပ်ကွက်နေ လင်းထွန်းဦး(၃၅)နှစ်၊ (ဘ)ဦးဝင်းနိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ အောင်ကျော်လင်း (၃၀) နှစ်၊ (ဘ)ဦးမောင်သိန်း၊ လှိုင်သာယာမြို့နယ်၊ အလယ်ရွာနေ ကိုကိုအောင်(၁၆) နှစ်၊ (ဘ)ဦးသန်းစိုးနှင့် မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ နိုင်မင်းအောင် (၁၄)နှစ်၊ (ဘ)ဦးမြင့်နိုင်တို့(၅)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၈၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၅၃)ရပ်ကွက်နေ အောင်မင်းနှင့် ချစ်ခင်တို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၅-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်နေ အောင်မင်း(၃၃)နှစ်၊ (ဘ) ဦးဝင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ) ၅၃/ ၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ ချစ်ခင်(၃၁)နှစ်၊ (ဘ)ဦးသံချောင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်) မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၀ သို့★

## ပြည်တွင်းရေးရာ

★ စာမျက်နှာ ၉ မှ

| | | |
|---|---|---|
| ၁၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅)ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၈)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၀) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၀-၅-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅) ရပ်ကွက်၊ ညောင်ပင်ကုန်းပေါ်၌ ၎င်းရပ်ကွက်နေ အိုက်စံ(၁၉)နှစ်၊ (ဘ) ဦးအိုက်ရွှန်းအား စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ (ပ)၉၉/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၁၅-၅-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ လွယ်လိုရှမ်းကျေးရွာအဝင်လမ်းပေါ်၌ အမှတ်(၃) ရပ်ကွက်နေ စိုးသက်ခိုင် (၃၃)နှစ်၊ (ဘ) ဦးအိုက်ခမ်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ) ၁၀၃/၂၀၂၀၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာနေ ဒေါ်ကြည်ငွေးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၅-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ ဖောင်းတောကျေးရွာနေ ဒေါ်ကြည်ငွေး(၃၇)နှစ်၊ (ဘ)ဦးထော်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ (ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၆-၅-၂၀၂၀ ရက်နေ့အထိ စုစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၁၂၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၄၄၃) ဦး၊ မ(၂၈၁)ဦး ပေါင်း(၁၇၂၄)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၀၀၄.၄၅၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၂၈၅၀.၇၃၈၈၆) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၅၆၈၅၇၉)ပြား၊ ဆေးခြောက် (၁၀၆၅၈.၈၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၉၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

# နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် Video Conferencing ဖြင့် ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံ-သြစတြေးလျဖိုရမ်သို့ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် ယနေ့နံနက် ၉ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံ-သြစတြေးလျဖိုရမ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးကို အာဆီယံ-သြစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူး နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Dato' Ahmad Rozian နှင့် သြစတြေးလျနိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အာဆီယံဆိုင်ရာ အဆင့်မြင့်အရာရှိကြီး Justin Hayhurst တို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။




အစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် နိုင်ငံအလိုက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများကိုလည်းကောင်း၊ ကိုဗစ်-၁၉ ကူးစက်ရောဂါတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အာဆီယံနှင့် သြစတြေးလျနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကိုလည်းကောင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် မြန်မာအစိုးရက မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစ်စေရေးမူကို ကျင့်သုံးလျက် ဆောင်ရွက်နေသည့်အစီအမံများ၊ ကူးစက်ရောဂါကြောင့်ဖြစ်ပေါ်လာမည့် ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရအဖွဲ့တစ်ရပ်လုံး ပူးပေါင်းပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကူးစက်ရောဂါတိုက်ဖျက်ရေးတွင် အစိုးရအနေဖြင့် ပြည်သူ့အင်အားကို စုစည်းရယူ၍ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူခြင်းနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းအသိပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အာဆီယံနှင့် သြစတြေးလျနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် နယ်ပယ်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ကဏ္ဍများအောက်၌ အာဆီယံနှင့်သြစတြေးလျနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများကို ပြန်လည်သုံးသပ်ပြီး၊ အနာဂတ်တွင် အာဆီယံ-သြစတြေးလျ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က နိုင်ငံရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ အာဆီယံဗဟိုပြုသည့် ဒေသတွင်းဗိသုကာဘာသာရပ်ခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးရာတွင် ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို တိုးမြှင့်ရန်နှင့် ဒေသတွင်း လုံခြုံရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် အာဆီယံဒေသဆိုင်ရာဖိုရမ်၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် တိုးချဲ့အာဆီယံ ပင်လယ်ရေကြောင်းဖိုရမ်ကဲ့သို့သော အာဆီယံဦးဆောင်သည့် ယန္တရားများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရေးနှင့် ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် အနာဂတ်တွင် အာဆီယံဦးဆောင်သည့် ယန္တရားများအောက်မှ အာဆီယံ-သြစတြေးလျ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးသွားမည်

**နေပြည်တော် မေ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်** အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး (၂၀၀ ကျပ်တန်)အား ၂၀၂၀ပြည့်နှစ်၊ မေ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၂ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေး စာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့တွင် မေ ၂၀ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ် (Firstday Cover)များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၈**

သမဝါယမဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကိုဗစ် -၁၉ ကာလအတွင်းနှင့် ကိုဗစ် -၁၉ ကာလအလွန်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော သမဝါယမအသင်းများ၏ Contract Farming လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများနှင့် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းများ၊ သမဝါယမအရောင်းဆိုင်များကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။

**သတင်းစဉ်**





# မက်ခရွန်နှင့် အန်ဂျလာမာကယ်တို့ ဥရောပသမဂ္ဂစီးပွားရေးဦးမော့လာစေရေးစီမံကိန်း ဆွေးနွေးတင်ပြမည်



**ပါရီ မေ ၁၈**

ပြင်သစ်သမ္မတ မက်ခရွန်နှင့် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်တို့သည် ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းမှ ဥရောပသမဂ္ဂ၏စီးပွားရေး ဦးမော့လာစေရေး ပူးတွဲစီမံကိန်းတစ်ခုကို တနင်္လာနေ့တွင် ဆွေးနွေးကြမည်ဖြစ်ပြီး ၎င်းစီမံချက်ကို ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ တင်ပြမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတရုံးက ပြောကြားသည်။

၎င်းဆွေးနွေးပွဲတွင် ဥရောပအဆင့်၌ ကိုဗစ်-၁၉ အကျပ်အတည်းကို တုံ့ပြန်ရေး ပြင်သစ်-ဂျာမနီ စီမံကိန်းကို သတ်မှတ်မည်ဖြစ်ကြောင်း ၎င်းသမ္မတရုံးက ပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဂရင်းနစ်စံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပြီး သတင်းစာရှင်းလင်းပွဲကို ညနေ ၅ နာရီဝန်းကျင်တွင် ပြုလုပ်ရန်လျာထားသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ရပ်တန့်ရန် ချမှတ်ခဲ့သည့် မြို့ရွာ အဝင်အထွက် တားမြစ်ပိတ်ဆို့မှုမှ ဥရောပသည် စတင်လွတ်မြောက်လာနေပြီဖြစ်သည်။ အဆိုပါ မြို့ရွာ အဝင်အထွက် တားမြစ်ပိတ်ဆို့မှုသည် ဥရောပနိုင်ငံများ၏ စီးပွားရေးကို အထိနာစေခဲ့ပြီး လပေါင်းများစွာရှည်ကြာနိုင်သည့် စီးပွားရေးကျဆင်းမှုများ ပေါ်ပေါက်စေခဲ့သည်။

ဥရောပသမဂ္ဂက အရေးပေါ်အခြေအနေ ရန်ပုံငွေ ယူရို ဘီလီယံ ၅၀၀ (ဒေါ်လာ ဘီလီယံ ၅၄၀) စုစည်းရန် ပြီးခဲ့သည့်လက ကတိပြုခဲ့သည်။ သို့သော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အကောင်းဆုံး တုံ့ပြန်ဆောင်ရွက်မှုပုံစံနှင့်ပတ်သက်၍ ရက်သတ္တပတ်များစွာ သဘောထားကွဲလွဲခဲ့ကြသည်။

ယခုဆွေးနွေးပွဲသည် အသုံးစရိတ်လိုငွေ များစွာပြနိုင်သည့် ဥရောပမြောက်ပိုင်းနိုင်ငံများနှင့် ငွေကြေးပိုမိုသုံးစွဲရန် အလွန်အမင်းလိုအပ်နေသည့် အီတလီ နှင့် စပိန်ကဲ့သို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဆိုးရွားစွာခံရသည့် တောင်ပိုင်းနိုင်ငံများအကြား သဘောထားကွဲလွဲမှုကို မြင်သာအောင် တစ်ဖန်လှစ်ပြနေသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**




## ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ဒေဝါလီခံရန်ပြင်ဆင်

**ဗန်ကောက် မေ ၁၈**

ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း၏ ပြန်လည်ထူထောင်ရေးအစီအစဉ်တစ်ခုအဖြစ် လေကြောင်းလိုင်းဒေဝါလီခံရန် ပြုလုပ်ခြင်းကို နိုင်ငံတော် စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒရုံးမှ ယနေ့ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ လေကြောင်းလိုင်းအနေဖြင့် ဒေဝါလီခံရန်အတွက် လျှောက်ထားခြင်းကို နိုင်ငံတော်စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒရုံးတွင် ကျင်းပသော အစည်းအဝေးအပြီး ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံယူခြင်းဆိုင်ရာ ဗဟိုတရားရုံးတွင် လျှောက်ထားခဲ့ကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရသူ နာရူမွန်ပင်ယိုစင်ဝပ်က ပြောကြားခဲ့သည်။

ထိုင်းဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းရှိ ၎င်း၏ရှယ်ယာပိုင်ဆိုင်မှုကို ၅၀ ရာခိုင်နှုန်းအောက် လျှော့ချရန် ရှိ၊ မရှိ သတင်းထောက်များ၏ မေးမြန်းမှုကို ၎င်းကဖြေကြားခြင်း မရှိခဲ့ချေ။

ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် ထိုင်းအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ လုပ်ငန်းများရပ်နားထားရကြောင်း၊ ယင်းလေကြောင်းလိုင်းအနေဖြင့် ချေးယူထားသော ချေးငွေများကို သတ်မှတ်ထားသည့် မေလအကုန်တွင် ပြန်လည်ပေးဆပ်ရန်မဖြစ်နိုင်ကြောင်း၊ အကြွေးငွေ ထိုင်းဘတ် ၃၀၀ ဘီလီယံခန့်ရှိကြောင်း လေကြောင်းလိုင်းမှ ဘုတ်အဖွဲ့ဝင်ဟောင်း ဘန်ယွန်ပုံပနစ်က ပြောကြားသည်။ ယင်းလေကြောင်းလိုင်းသည် ၂၀၁၇ ခုနှစ်တွင် ဘတ်ငွေ ၂ ဒသမ ၁၁ ဘီလီယံ၊ ၂၀၁၈ ခုနှစ်တွင် ဘတ်ငွေ ၁၁ ဒသမ ၆ ဘီလီယံ၊ ၂၀၁၉ ခုနှစ်တွင် ဘတ်ငွေ ၁၂ ဘီလီယံ အသီးသီးအရှုံးပေါ်ခဲ့သည်။

**ကိုးကား – Thai Enquirer**
**ဘာသာပြန်–စိုးသူရ**

## အဇာဘိုင်ဂျန်တပ်မတော်က စစ်ရေးလေ့ကျင့်မှု ပြုလုပ်

**ဘာကူ မေ ၁၈**

အဇာဘိုင်ဂျန်တပ်မတော်သည် ၎င်း၏ စစ်ဆင်ရေးဆိုင်ရာ စွမ်းဆောင်ရည် တိုးမြှင့်ရေးအတွက် ရည်ရွယ်လျက် စစ်ဆင်ရေးနှင့် နည်းဗျူဟာဆိုင်ရာ အင်အားကြီးမားသော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ယနေ့စတင်ပြီဖြစ်ကြောင်း အဇာဘိုင်ဂျန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ငါးရက်ကြာ ပြုလုပ်မည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင် ၁၀၀၀၀၊ တင့်ကားနှင့် သံချပ်ကာယာဉ် အစီး ၁၂၀၊ ဒုံးကျည်နှင့် အမြောက်လက်နက် အစီး ၂၀၀ နှင့် ဘက်စုံသုံး ဒုံးကျည်စနစ်များ၊ မော်တာများ၊ ဂျက်တိုက်လေယာဉ်နှင့် ရဟတ်ယာဉ် အစင်း ၃၀ နှင့် မောင်းသူမဲ့ဒရုန်းလေယာဉ်များ ပါဝင်ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များသည် စစ်ရေးလေ့ကျင့်မှု အတောအတွင်း စစ်ဆင်ရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုနှင့် စစ်ဆင်ရေးနှင့်ပတ်သက်၍ ကူညီထောက်ပံ့ရေးဆိုင်ရာများကို လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အဇာဘိုင်ဂျန်တပ်မတော်သည် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ အကာအကွယ်ပေးရေးဆိုင်ရာ မဟာဗျူဟာမြောက် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကိုလည်း ပြီးခဲ့သည့်ဧပြီလက ကက်စ်ပီယံပင်လယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**



## ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ယခုနွေရာသီအတွင်း ဖူဂျီတောင်ကို ပိတ်ထားမည်



**တိုကျို မေ ၁၈**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှု တားဆီးကာကွယ်ရန် ယခုနှစ်နွေရာသီ တောင်တက်ရာသီအတွင်း ဂျပန်နိုင်ငံရှိ ဖူဂျီတောင်ကို ပိတ်ထားမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ပထမဆုံးအကြိမ်ဖြစ်လာမည်**

ဖူဂျီတောင်ထိပ်သို့ တက်ရာ အဓိကလမ်းလေးခုအနက် လမ်းတစ်ခုကို ပိတ်ထားကြောင်း ဂျပန်နိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သည့် ဖူဂျီတောင်ရှိရာ ရှီဇူအိုကာစီခရိုင်က ကြေညာခဲ့သည်။ "ဒီလမ်းကြောင်းတွေကို နွေရာသီမှာ ဖွင့်လှစ်ပေမယ့် တစ်ခုတည်းသော တောင်တက်ရာသီဖြစ်တဲ့ ဇူလိုင် ၁၀ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ အဲဒီလမ်းကြောင်းတွေကို ပိတ်ထားပါမယ်" ဟု ခရိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ခရိုင်က တောင်တက်လမ်းများကို စတင်စီမံခန့်ခွဲခဲ့သည့် ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း ၃၇၇၆ မီတာရှည်လျားသည့် ဖူဂျီတောင်တက်လမ်းကြောင်းများကို ပိတ်ထားခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်လာမည်ဖြစ်သည်။

**ကီလိုမီတာ ၁၀၀ အကွာတွင်တည်ရှိ**

ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖူဂျီတောင်မှာ တိုကျိုမြို့တော်မှ ကီလိုမီတာ ၁၀၀ အကွာတွင်တည်ရှိပြီး တိုကျိုမြို့တော်မှ ရှင်းရှင်းလင်းလင်း မြင်တွေ့ရသည်။ ယမန်နှစ်က ဖူဂျီတောင်ကို တောင်တက်သမား ၂၃၆၀၀၀ ခန့် လာရောက်ခဲ့ကြောင်း ဖူဂျီတောင်ဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ သိရသည်။ ဂျပန်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမှာ ဥရောပတိုက်၊ အမေရိကန်နိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင် နည်းပါးသော်လည်း ခေတ်ခွဲအတည်ပြုကူးစက်လူနာ ၁၆၀၀၀ ကျော်နှင့် သေဆုံးသူ ၇၄၉ ဦးရှိသည်။

နိုင်ငံအတွင်း နေရာအများအပြားတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် ပြဋ္ဌာန်းခဲ့သည့် အရေးပေါ် အခြေအနေကို ပြီးခဲ့သည့်အပတ်အတွင်း ဂျပန်နိုင်ငံက ရုပ်သိမ်းခဲ့သော်လည်း တိုကျိုနှင့် အိုဆာကာကဲ့သို့သော မြို့ကြီးများတွင် ထိုအမိန့်ကို သတ်မှတ်ထားဆဲဖြစ်သည်။

**ကိုးကား–-အေအက်ဖ်ပီ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာကာကွယ်ဆေးကို နိုင်ငံပိုင်ပြုလုပ်မည့်အရေးနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူ သတိပေး

**ဆစ်ဒနီ မေ ၁၈**

ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ရှာဖွေတွေ့ရှိပြီး မိမိနိုင်ငံအတွက် ဦးစားပေးဖြန့်ဖြူးခြင်းကို ဆောင်ရွက်နေပါက တွေ့ရှိဆေးဝါးကို ကမ္ဘာလုံးဆိုင်ရာဖြန့်ဖြူးမှုပြုလုပ်ရာတွင် အဟန့်အတားဖြစ်သွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဘုတ်အဖွဲ့ဝင်ဟောင်းနှင့် သြစတြေးလျထိပ်တန်းကျန်းမာရေးပညာရှင်တစ်ဦးဖြစ်သူ ဂျိမ်းစ်ဟက်တန်က ပြောကြားသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဘုတ်အဖွဲ့ဝင်ဟောင်းနှင့်
သြစတြေးလျထိပ်တန်းကျန်းမာရေးပညာရှင် ဂျိမ်းစ်ဟက်တန်

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို မိမိနိုင်ငံတစ်ခုတည်းတွင်သာ သုံးစွဲရန်ဆောင်ရွက်သွားပါက အခြေအနေပိုမိုဆိုးရွားသွားမည်ဟု ကပ်ရောဂါဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ရေးမဟာမိတ်အဖွဲ့၏ဥက္ကဋ္ဌ ဟက်တန်က အထက်ပါသတိပေးချက်အား အမျိုးသားသတင်းစာကလပ်တွင် ယနေ့ ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဖွံ့ဖြိုးတိုးတက်စေရန် တူညီသော အခွင့်အရေးများရှိနေပြီး ယခုအခါ၌ ကမ္ဘာတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေသောအဖွဲ့အစည်း ၁၃ဝ ခန့်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်အတွက် အတည်ပြုကာကွယ်ဆေးတွေ့ရှိပါက ထိုဆေးဝါးကို တစ်နိုင်ငံတည်း ပြည်တွင်းသုံးစွဲခြင်းမှ ကာကွယ်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာဖြန့်ဖြူးရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးသည် ကမ္ဘာ၏ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေသဖြင့် နိုင်ငံတစ်နိုင်ငံမှ မိမိနိုင်ငံအတွက်သာ ကာကွယ်ဆေးရရှိရေး ဆောင်ရွက်ပါက ကမ္ဘာပေါ်ရှိလူသားများမှာ အကျိုးဆုတ်ယုတ်မည်ဟု ပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ဦးစားပေးပေးအပ်မည့်သူများတွင် ကျန်းမာရေးလုပ်သားများ၊ သက်ကြီးရွယ်အိုများနှင့် ရောဂါခုခံကာကွယ်သောစနစ် ချို့ယွင်းသောသူများ ပါဝင်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်ဟု ဟက်တန်က ပြောကြားသည်။

**ကိုးကား–သည်ဂါးဒီးယန်း၊ ဘာသာပြန်–စိုးသူရ**

# လာအိုနိုင်ငံတွင် ၃၆ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

**ဗီယင်ကျန်း မေ ၁၈**

လက်ရှိအချိန်တွင် လာအိုနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူဟု အတည်ပြုလူနာ ၁၉ ဦးရှိရာ ၃၆ ရက်အတွင်း ရောဂါကူးစက်ခံသူ ထပ်မံတွေ့ရှိခြင်းမရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖောင်သွန်းမီအောင်ပ့ါခ်က မြို့တော်ဗီယင်ကျန်း၌ ယနေ့ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

လာအိုအစိုးရသည် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ သံသယရှိသူများအတွက် သီးခြားစောင့်ကြည့်ရေးစင်တာ ၉၁ ခုကို ဖွင့်လှစ်ပေးထားပြီး ယင်းစင်တာများတွင် ကိုဗစ်–၁၉ ရောဂါသံသယရှိသူ ၂၅၆၀ ကို သီးခြားစောင့်ကြည့်လျက်ရှိကြောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းကော်မတီက ယနေ့ ကြေညာသည်။ မေ ၁၈ ရက်က ပြည်ပမှ လာအိုနိုင်ငံအတွင်းသို့ ခေါ်ဆောင်လာခဲ့သည့် ကုန်တင်ယာဉ်မောင်းအရေအတွက်မှာ ထိုင်းနိုင်ငံမှ ၇၅၃ ဦး၊ ဗီယက်နမ်နိုင်ငံမှ ၇၂၆ ဦးနှင့် တရုတ်နိုင်ငံမှ သုံးဦးရှိကြောင်း သိရသည်။ လာအိုနိုင်ငံသို့ ဝင်ရောက်လာသည့် အဆိုပါယာဉ်မောင်းအားလုံး၏ အပူချိန်ကိုတိုင်းတာခဲ့ရာ တစ်ဦးမှ အဖျားမရှိကြောင်း သိရသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ပထမဆုံး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါ စမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ထိုအချိန်မှစ၍ မေ ၁၈ ရက်အထိ လူ ၄၅၆၅ ဦး၏ နမူနာကို ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၁၉ ဦးတွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ရောဂါကူးစက်ခံရသူများအနက် ၁၄ ဦးသည် ရောဂါပြန်လည်ကျန်းမာလာကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ငါးဦးသည် မြို့တော် ဗီယင်ကျန်းရှိ သတ်မှတ်ထားသည့် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြကြောင်း သိရသည်။ လာအိုနိုင်ငံတွင် ပထမဆုံး ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူနှစ်ဦးကို မတ် ၂၄ ရက်က စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**



ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်

# ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ပျံ့နှံ့မှု လျော့နည်းအောင် ထိန်းချုပ်နိုင်ပြီဟု ရုရှားဝန်ကြီးချုပ် ပြောကြား

**မော်စကို မေ ၁၈**

ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအများဆုံးနိုင်ငံဖြစ်သည်။ ယခုအခါ ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်ပျံ့နှံ့မှုကို လျော့နည်းအောင် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က ယနေ့ ပြောကြားသည်။

"နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အခြေအနေကတော့ ခက်ခဲနေဆဲပါ။ ဒါပေမယ့် ရောဂါထပ်မံကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်" ဟု မီရှူစတင်က အစိုးရအစည်းအဝေးတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀ နှင့်အထက်ရှိလာခဲ့သည်မှာ သီတင်းပတ် နှစ်ပတ်ကျော်ကြာရှိလာခဲ့သည်။ သို့သော် ယနေ့ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၉၀၀၀ အောက် ကျဆင်းသွားပြီး မေလအစပိုင်းကတည်းက ရောဂါကူးစက်ခံရသူ ၁၀၀၀၀ အောက် ပထမအကြိမ်ကျဆင်းလာခြင်းဖြစ်သည်။ ထို့ပြင် ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ဦးရေလည်း တိုးတက်လာသည်ဟု ဝန်ကြီးချုပ် မီရှူစတင်က ကိုဗစ်–၁၉ ရောဂါတုံ့ပြန်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းအင်အားစုအဖွဲ့သို့ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

"ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရတဲ့လူနာတွေဟာ တစ်ရက်ပြီးတစ်ရက် ပိုမိုကျန်းမာလာပြီး ဆေးရုံတွေကနေ ဆင်းသွားကြပါပြီ။ ဒါဟာပြီးခဲ့တဲ့နှစ်လကတည်းက ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်တားဆီးရေးဆိုင်ရာ အစိုးရရဲ့စနစ်တကျလုပ်ဆောင်ခဲ့တဲ့ အကျိုးရလဒ်တွေကြောင့်ပါ" ဟု မီရှူစတင်က ဆိုသည်။ ရုရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၇၂၂ ဦး ရှိပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

မတ်လနှောင်းပိုင်းမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချမှတ်ထားသည့် အသွားအလာကန့်သတ်မှုသည် ကိုဗစ်–၁၉ ရောဂါ ထပ်မံကူးစက်မှုနှုန်း လျော့ကျစေရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ နိုင်ငံအတွင်း တင်းကျပ်သော အသွားအလာကန့်သတ်မှုသည် ပြည်ပနိုင်ငံများနည်းတူ မိမိတို့အား ရောဂါကူးစက်ပျံ့နှံ့မှုမှကာကွယ်ရန် အချိန်ပေးထားကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။ ယခုလက်ရှိအချိန်တွင် ရုရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၀၆၇၈ ဦးရှိကြောင်း သိရသည်။

**ကိုးကား – အေအက်ဖ်ပီ၊ ဘာသာပြန် – ဂျေတီ**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ထိုင်းနိုင်ငံ၏ စီးပွားရေးကျဆင်း

**ဗန်ကောက် မေ ၁၈**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ထိုင်းနိုင်ငံ၏စီးပွားရေးသည် ကျဆင်းသွားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ထိုင်းနိုင်ငံ၏ နယ်စပ်များကို ပိတ်ထားရပြီး ခရီးသွားလုပ်ငန်းကို မှီခိုအားထားနေရသည့် နိုင်ငံ့စီးပွားရေးကို အထိနာစေခဲ့သည်။

နိုင်ငံ၏ ကမ်းခြေများ၊ ညပွဲလမ်းသဘင်များနှင့် လမ်းဘေးအစားအစာ၊ ယဉ်ကျေးမှုတို့၏ ဆွဲဆောင်မှုကြောင့် ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် သန်း ၄၀ ခန့် လာရောက် လည်ပတ်မည်ဟု မျှော်မှန်းခဲ့ကြသည်။

သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုက နိုင်ငံအတွက် ဝင်ငွေများစွာ ရှာဖွေပေးသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။ ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် အများဆုံးလာရောက်သောတရုတ်နိုင်ငံတွင် အသွားအလာတားမြစ်ကန့်သတ်မှုများ ချမှတ်ခဲ့ပြီးနောက် ဇန်နဝါရီလလယ်ပိုင်းမှစ၍ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သူအရေအတွက်ကျဆင်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပထမသုံးလအတွင်း ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄၀ ရာခိုင်နှုန်းနီးပါး ကျဆင်းကြောင်း ထိုင်းနိုင်ငံ၏ စီးပွားရေးစီမံကိန်းအေဂျင်စီမှ ယနေ့ ထုတ်ပြန်သည့်အချက်အလက်များက ဖော်ပြနေသည်။ ထိုသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ကျဆင်းခြင်းသည် ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလကာလတွင် နိုင်ငံ၏စီးပွားရေး ၁ ဒသမ ၈ ရာခိုင်နှုန်း လျော့နည်းသွားသည်။

နိုင်ငံရေး ဆူပူအုံကြွမှုများကြောင့် စီးပွားရေး လုံးဝဥဿုံ ရပ်ဆိုင်းမှုဖြစ်ပေါ်ခဲ့ချိန် ၂၀၁၄ ခုနှစ်နောက်ပိုင်း ထိုင်းနိုင်ငံသည် စီးပွားရေးကျဆင်းခြင်းကို မကြုံဖူးခဲ့ပေ။ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးကောင်စီ (NESDC) ကလည်း ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံ၏ စီးပွားရေးသည် ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအထိ လျော့နည်းနိုင်ကြောင်း ခန့်မှန်းထားရာ ၁၉၉၇–၁၉၉၈ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်းနောက်ပိုင်း ပမာဏအများဆုံး သိသိသာသာ ကျဆင်းခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ လတ်တလောတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၀၀ ကျော်နှင့် သေဆုံးသူ ၅၀ ကျော်ရှိသည်။ ထိုင်းအစိုးရက ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များ၊ အများပြည်သူဆိုင်ရာနေရာများနှင့်ပတ်သက်သည့် တားမြစ်ကန့်သတ်ချက်များကို တဖြည်းဖြည်းဖြေလျှော့ပေးနေစဉ် မကြာသေးမီရက်များအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူလူနာအရေအတွက် လျော့ကျမှုက စီးပွားရေးနာလန်ထူရေး မျှော်လင့်ချက်ကို မီးမောင်းထိုးပြနေသည်။

**ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – အောင်ဇော်လင်း**



# အာဖဂန်သမ္မတဂါနီနှင့် ၎င်း၏ပြိုင်ဘက်အကြား အာဏာခွဲဝေမှုဆိုင်ရာ သဘောတူညီမှုရရှိ



**ကဘူး မေ ၁၈**

အာဖဂန်နစ္စတန်နိုင်ငံတွင် လအတန်ကြာ နိုင်ငံရေးအရ အကျပ်အတည်းဖြစ်ခဲ့ပြီးနောက် သမ္မတအာရှက်ဖ်ဂါနီနှင့် ၎င်း၏ပြိုင်ဘက် ယှဉ်ပြိုင် ရွေးချယ်ခံခဲ့သူ အဗ္ဗဒူလာအဗ္ဗဒူလာတို့အကြားတွင် အာဏာခွဲဝေမှုဆိုင်ရာ သဘောတူညီမှု တစ်ရပ် ရရှိသွားပြီဖြစ်သည်။

ယမန်နှစ် စက်တင်ဘာလအတွင်း၌ ကျင်းပခဲ့သော အာဖဂန်နစ္စတန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာရှက်ဖ်ဂါနီ အနိုင်ရသည်ဟု အာဖဂန်ရွေးကောက်ပွဲကော်မရှင်က ယခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော် ရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်ကို အစိုးရအဖွဲ့မှ တာဝန်ရှိသူဖြစ်သည့် အဗ္ဗဒူလာအဗ္ဗဒူလာက ငြင်းပယ်ခဲ့ပြီး ရွေးကောက်ပွဲမှာ အတုအယောင်ဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်သမ္မတဂါနီနှင့် ၎င်း၏ပြိုင်ဘက် အဗ္ဗဒူလာအဗ္ဗဒူလာတို့သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ ခန့်အပ်ရေးအတွက် အခွင့်အာဏာများ ခွဲဝေရယူကြရန် သဘောတူညီမှုရရှိခဲ့ကြောင်း ၎င်းတို့နှစ်ဖက်စလုံးမှ တာဝန်ရှိသူများက အင်န်အိတ်ချ်ကေသို့ ယမန်နေ့က ပြောကြားခဲ့သည်။

အဗ္ဗဒူလာအဗ္ဗဒူလာသည် အမျိုးသားပြန်လည်သင့်မြတ်ရေး အဆင့်မြင့်ကောင်စီ၏အကြီးအကဲအဖြစ် တာဝန်ယူမည်ဖြစ်ပြီး တာလီဘန်အဖွဲ့နှင့်ပြုလုပ်မည့် ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဦးဆောင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်အား ယခုနှစ်ဖေဖော်ဝါရီလအတွင်း သဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့များနှင့် တာလီဘန်အဖွဲ့များအကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားဆဲဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန်- ဇော်ဝင်း

# ပြည်သူများ အခက်အခဲကြုံတွေ့ချိန် စည်းလုံးညီညွတ်ကြရန် လွှတ်တော်အမတ်များကို မလေးရှားဘုရင် မေတ္တာရပ်ခံ



**ကွာလာလမ်ပူ မေ ၁၈**

မလေးရှားဘုရင် ဆူလ်တန်အဗ္ဗဒူလာ ဆူလ်တန်အာမက်ရှားက လွှတ်တော်သို့ ယနေ့မိန့်ခွန်းပြောကြားရာတွင် တည်ငြိမ်မှုရှိရေးဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် နိုင်ငံရေး ပြဿနာများ မဖြစ်ပွားအောင် တားဆီးကြရန် လွှတ်တော်အမတ်များအား တိုက်တွန်းလိုက်သည်။

မလေးရှားနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပြည်သူနှင့်စီးပွားရေးအပေါ် ယင်းကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများ ကြုံတွေ့နေရခြင်းကြောင့် စည်းလုံးညီညွတ်ကြရန် မတ်လအတွင်း အစိုးရအပြောင်းအလဲနောက်ပိုင်း ပထမဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် ဆူလ်တန်အဗ္ဗဒူလာက လွှတ်တော်အမတ်များအား မေတ္တာရပ်ခံခဲ့သည်။ "ပြည်သူတွေက ပြဿနာပေါင်းစုံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခက်ခဲတဲ့ အနာဂတ်တစ်ရပ် ကြုံတွေ့နေရချိန်မှာ တိုင်းပြည်ကို မသေချာတဲ့ နိုင်ငံရေးချောက်ကမ်းပါးထဲဆွဲမချဖို့ လွှတ်တော်အမတ်တွေကို အကြံပေးလိုပါတယ်" ဟု ဆူလ်တန်အဗ္ဗဒူလာက ဆိုသည်။

ပြည်သူများ၏ သက်သာချောင်ချိရေးနှင့် ဘေးကင်းလုံခြုံရေးကို အလေးထားရန်နှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုဆိုင်ရာ အကျိုးသက်ရောက်မှုလျှော့ချရန် ပါတီပေါင်းစုံဖြင့်ဖွဲ့စည်းထားသည့် ဝန်ကြီးချုပ် မူယက်ဒင်ယာဆင် ဦးဆောင်သော ညွန့်ပေါင်းအစိုးရအဖွဲ့ကို ၎င်းက တိုက်တွန်းခဲ့သည်။

အောက်လွှတ်တော်ကို ၁၅ ရက်ကြာ ကျင်းပရန် စီစဉ်ခဲ့သော်လည်း လွှတ်တော်အမတ်များ၊ လွှတ်တော်ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုပြုလုပ်မှုနှင့်အတူ မလေးရှားဘုရင်၏ လက်ရှိဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုင်ရာ မိန့်ခွန်းကြောင့် အစည်းအဝေးကို တစ်ရက်သာ ကျင်းပရန် လျှော့ချခဲ့သည်။

မတ်လအတွင်း မူယက်ဒင်ယာဆင်က ဝန်ကြီးချုပ်အဖြစ် တာဝန်မယူမီ ဖေဖော်ဝါရီလ နှောင်းပိုင်းက ရာထူးမှနုတ်ထွက်ခဲ့သည့် ဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ယာဆင်အပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းရန် ကြိုးပမ်းခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ကျော်ထိုက်စိုး

■

# ကနေဒါတော်ဝင်လေတပ်မှ လေယာဉ်တစ်စင်းပျက်ကျ၊ တစ်ဦးသေဆုံး

**အော်တဝါ မေ ၁၈**

ကနေဒါနိုင်ငံ အနောက်ဘက်ပိုင်းတွင် ကနေဒါတော်ဝင်လေတပ်မှ ဂျက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်အဖွဲ့သားတစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာပြင်းထန်စွာရခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ကနေဒါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ ကိုင်တွယ်လုပ်ဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား စိတ်ဓာတ်မြှင့်တင်ပေးရန်အတွက် ဖြတ်ကျော်ပျံသန်းမှုများပြုလုပ်နေစဉ် အဆိုပါလေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကနေဒါသတင်းမီဒီယာများ၌ ဖော်ပြသည်။

ယမန်နေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီက ဗြိတိသျှကိုလံဘီယာပြည်နယ် ကမ်လော့ပ်စ်မြို့တွင် အဆိုပါလေယာဉ်ပျက်ကျခြင်းဖြစ်သည်။ ပျက်ကျသွားသည့် လေယာဉ်သည် ကနေဒါတော်ဝင်လေတပ်၏စနိုးဘတ်အမည်ရှိ လေယာဉ်အုပ်စုမှဖြစ်ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ကနေဒါနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူဦးရေ ၇၈၀၀၀ ခန့်ရှိပြီး သေဆုံးသူဦးရေမှာ ၅၉၀၀ ကျော်ရှိကြောင်း အမေရိကန်ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်က ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း



# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၂ ဦး စမ်းသပ်တွေ့ရှိပြီး ၂၁ ဦး ထပ်မံသေဆုံး




**ဒါကာ မေ ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၂၃၈၇၀ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ယနေ့ပြောကြားသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၂၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့်သေဆုံးသူပေါင်း ၃၄၉ ဦးရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ပါမောက္ခနာဆီမာ ဆူလ်တနာက ယနေ့ပြောကြားသည်။

မေ ၁၇ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၇၃ ဦးသာ စမ်းသပ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့အတူ ရောဂါကူးစက်ခံရသူ ၂၁၂ ဦးသည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၅၈၅ ဦးရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ၂၄ နာရီအတွင်း လူ ၉၇၈၈ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိစမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့တော် ဒါကာသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အများဆုံးကူးစက်ပျံ့နှံ့သည့် နေရာဖြစ်လာခဲ့ရာ လုံခြုံရေးရဲတပ်ဖွဲ့က တာဝန်ယူပြီး မြို့တွင်းနှင့် မြို့ပြင်တွင် လူအသွားအလာကန့်သတ်မှု တင်းကျပ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# မောင်တောမြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက် ည ၉ နာရီခွဲခန့်တွင် ၃ မိုင် စစ်ဆေးဂိတ်၌ ယာဉ် ဝင်၊ ထွက်မှုများအား စစ်ဆေးစဉ် မောင်တော-အငူမော်ကားလမ်းအတိုင်း အငူမော်မှ ကျီးကန်းပြင်သို့ မောင်လှအေး (၁) ဦးကျားတောင် မောင်းနှင်လာသည့် LIFAN အမျိုးအစား မော်တော်ယာဉ် အမှတ်၊ 6C/--- ခြောက်ဘီး ယာဉ်အား ရပ်တန့်စစ်ဆေးစဉ် ယာဉ်နောက်ခန်းပေါ်တွင် မိုးကာဖြင့်အုပ်ထားသည့် မသင်္ကာဖွယ်ရာ ဆာလာအိတ် သုံးအိတ်ကို စစ်ဆေးခဲ့ရာ အိတ်များအတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၄၈၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၉၇၅၀ ခန့်)နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။



အဆိုပါ မော်တော်ယာဉ်၊ ဖမ်းဆီးရမိသူနှင့် မူးယစ်ဆေးဝါးများအား ပြင်ဖြူနယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်၌ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**နေပြည်တော် မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် သတင်းအရ တာချီလိတ်မြို့ မိုင်းဖုန်း(က)အုပ်စု လွန်းကျိုင်းကျေးရွာရှိ စိုင်းလှရွှေ(ဘ)ဦးစံလှိုင်ဟိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း လူတစ်ယောက်မှ တွေ့ရှိခြင်းမရှိဘဲ ကားဂိုဒေါင်အတွင်းမှ AK-47 တစ်လက်၊ ၎င်းကျည်အိမ်ကိုးခု၊ ၎င်းကျည် ၅၇ တောင့်၊ ၅ ဒသမ ၅၆ ကျည် ၄၈ တောင့်၊ Lugar ၉ မမကျည် ၂၈ တောင့်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀၊ အိုက်စ် ၁ ကီလို ဂရမ်ခန့် (စုစုပေါင်းမူးယစ်ဆေးဝါး ခန့်မှန်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၃၃၀ ခန့်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း။

ပူးပေါင်းအဖွဲ့က လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသော ခြံဝင်းနှင့် ဘယ်ဘက်ရှိ ခြံဝင်းသို့ ဆက်စပ်ထားသည့် မလွယ်ပေါက်တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေရာ လုံးချင်း တစ်ထပ်တိုက်အဆောက်အအုံအတွင်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ သံမှို ကိုးချောင်း၊ မျောက်တံဆိပ်ပါ အနံ့ဆေးရည် ၁၀ လုံး၊ စတီးမွှေစက်အသေးလေးလုံး၊ ဖန်ပေါင်းချောင် တစ်လုံး၊ ကြွေကန်တော့ တစ်လုံး၊ ကီလိုချိန်ခွင်တစ်ခု၊ ဆေးပြားရေတွက်သည့်ဇုန်း တစ်ခု၊ စတီးအိုး နှစ်လုံး၊ ဂေါ်ပြား တစ်ခု၊ ဆန်ခါ သုံးခု၊ ပါကင်ထုပ်စက် တစ်ခု၊ စတီးဇလုံ တစ်လုံး၊ စတီးမွှေစက်အကြီး တစ်လုံး၊ အခြောက်ခံဇုန်း တစ်ခု၊ Star Brand အပြာအရောင်တင်မှုန့် လေးဘူး၊ Food Additives အရောင်တင်မှုန့် သုံးဘူးနှင့် ဆန်ခါအသေး နှစ်ခုတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တာချီလိတ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ ငွေကျပ်သိန်း ၆၀၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီ ၅ မိနစ်ခန့်တွင် မူဆယ်မြို့နယ်အတွင်း ရထိုက်လမ်းဆုံနေရာ၌ စောင့်ဆိုင်းနေစဉ် မူဆယ်မြို့နေ စိုးလှိုင် မောင်းနှင်ပြီး မင်းထက်ကျော်လင်း လိုက်ပါစီးနင်းလာသည့် CANDA-125 ဆိုင်ကယ် အမျိုးအစားအား ရပ်တန့်စစ်ဆေးရာ ၎င်းတို့ နှစ်ဦးကြားတွင် သယ်ဆောင်လာသည့် အဝါရောင်ပီနံအိတ်အတွင်းမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၄၀၀ ခန့်)နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖမ်းဆီးရမိသူ စိုးလှိုင်အား စစ်ဆေးမေးမြန်းချက်အရ မူးယစ်ဆေးဝါးများ ပို့ခိုင်းသူမှာ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် နယ်မြေ(၁၆)နေ မောင်မောင်တူးဖြစ်ကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က ၎င်း၏နေအိမ်အား သွားရောက်စစ်ဆေးရာ ကွင်းဆက်တရားခံ မောင်မောင်တူးအား ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးများအား ရှာဖွေတွေ့ရှိခြင်းမရှိခဲ့ကြောင်းနှင့် မောင်မောင်တူးအား မေးမြန်းချက်အရ မူးယစ်ဆေးဝါးများအား စိုးလှိုင်၏ နေအိမ်သို့ ပို့ဆောင်ထားကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က စိုးလှိုင်၏ နေအိမ်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် ထပ်မံရှာဖွေခဲ့ရာ နေအိမ်အိပ်ခန်းအတွင်း စက္ကူဂျပ်ဖာဖြင့် ထည့်ပိုးထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၃၆၀၀ ခန့်)နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများ စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ်သိန်းပေါင်း ၆၀၀၀ ခန့်နှင့် မော်တော်ဆိုင်ကယ်အား မူဆယ်မြို့ရှိ မူးယစ်တပ်ဖွဲ့စုသို့ လွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့ သချိုင်းအနီး၌ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၁၆ ရက် ည ၇ နာရီခန့်တွင် မူဆယ်မြို့ အစွန် သချိုင်းအနီး၌ ရှာဖွေစစ်ဆေးရာ အမှိုက်ကျင်းအတွင်းမှ မြေစာများဖြင့် ဖုံးအုပ်ထားပြီး ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် ပါရီအမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ အမ် ၂၂ မောင်းပြန် ရိုင်ဖယ် သုံးလက်၊ အမ် ၂၂ ကျည် ၁၀၂ တောင့်၊ ပါရီကျည်အိမ် တစ်ခုနှင့် အမ် ၂၂ ကျည်အိမ် သုံးခုတို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း။



ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ တစ်ဝိုက်အား ဆက်လက်ရှာဖွေရာ ၎င်းနေရာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ တဲပျက်နေရာ၌ ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသော ဘာရက်တာပစ္စတို (ပွိုင့်-၂၅) ၁ လက်၊ ဘာရက်တာပစ္စတို (ပွိုင့်-၂၅)ကျည် ခုနစ်တောင့်၊ ဘာရက်တာပစ္စတိုကျည်အိမ်တစ်ခု၊ လူဂါပစ္စတို တစ်လက်၊ လူဂါပစ္စတိုကျည်အိမ် တစ်ခု၊ ကြိုးဆွဲလက်ပစ်ဗုံး သုံးလုံး၊ လက်ပစ်ဗုံး (အသေး) (ဖျူ့စ်ပါ) နှစ်လုံးတို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

အဆိုပါ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒလမြို့နယ်၌ လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့မရဲစခန်းဝင်းအတွင်းရှိ လိုင်းခန်းအမှတ်(၂/၃)၌ လျှပ်စစ်မီးပျက်၍ လျှပ်စစ်ကြိုးများ လာရောက်စစ်ဆေးနေစဉ် လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံးမှု ယနေ့ နံနက် ၁၀ နာရီက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒလမြို့မရဲစခန်းဝင်း လိုင်းခန်းအမှတ်(၂/၃) တွင် မီးပျက်မှုကြောင့် လျှပ်စစ်ဌာနမှ ဦးမင်းမင်းစိုး လျှပ်စစ်ဝန်ထမ်းကျွမ်းကျင်(၅)က လျှပ်စစ်မီးကြိုးများအား လိုက်လံစစ်ဆေးရာမှ လိုင်းအမှတ်(၂)အား သွယ်တန်းထားသော ကြိုးအား ပြုပြင်ရန် ကိုင်လိုက်စဉ် လျှပ်စစ်ဓာတ်လိုက်ပြီး လဲကျသွားသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးကုသရန် ပို့ဆောင်ပေးပြီး ဆေးကုသမှုခံယူစဉ် သေဆုံးသွားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မြို့နယ်အချို့တွင် မီးလောင်မှုဖြစ်ပွား

**ကံမ**

မကွေးတိုင်းဒေသကြီး ကံမမြို့အမှတ်(၃)ရပ်ကွက် ဥယျာဉ်တန်းလမ်းတွင် မေ ၁၈ ရက် နံနက် ၁၀ နာရီခွဲက ဦးအောင်မိုးလွင်၏ သွပ်မိုးအုတ်ကာနှစ်ထပ်အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မှ ပေါ့ဆမီးကြောင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ နှစ်ထပ်အိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ကိုကိုကျော်(ကံမ)**

**ရေကြည်**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့ မြို့မရပ်ကွက် ကြိမ်ချောင်းပိုင်းတွင် မေ ၁၇ ရက် ည ၈ နာရီခွဲက ဒေါ်မြကြည် နေအိမ်မီးဖိုချောင်ထဲ၌ ထင်းမီးဖြင့်ရေနွေးအိုးတည်ထားခဲ့ရာမှ တစ်ဆင့် နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့ပြီး စုစုပေါင်း နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ မီးပေါ့ဆစွာအသုံးပြုခဲ့သူ ဒေါ်မြကြည်အား ရေကြည်မြို့မရဲစခန်းက ဥပဒေအရအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်သူဟန် (ပြန်/ဆက်)**

**သန်လျင်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ကျောက်ရေတွင်းကျေးရွာ စက်ဘီပူလမ်းရှိ ဦးရာဂျား(ခ)ဦးကျော်မောင် ပိုင်ဆိုင်သော ပစ္စည်းအဟောင်းရောင်းဝယ်ရေးဆိုင်တွင် မေ ၁၇ ရက် ည ၉ နာရီ ၅၃ မိနစ်ခန့်က စက္ကူပုံးပေါ်တွင် ခြင်ဆေးခွေ ထွန်းထားခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ မြေစိုက်တစ်ထပ်အဆောက်အအုံ တစ်လုံးနှင့် ပစ္စည်းအဟောင်းများ မီးလောင်ဆုံးရှုံးခဲ့ပြီး အဆိုပါ မီးလောင်မှုအား သန်လျင် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

**ဖားကန့်**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ္မဖြစ်ကျေးရွာအုပ်စုရှိ မင်္ဂလာတော်ဝင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီဝင်းအတွင်း မေ ၁၈ ရက် နံနက် ၈ နာရီက စက်ပြင်ခန်း၌ တပ်ဆင်အသုံးပြုသည့် အင်ဗာတာအပူလွန်ကဲကာ အနီးရှိ ဂိုဒေါင်တစ်လုံး၊ နှစ်ထပ်လူနေဆောင် အဆောက်အအုံတစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မင်္ဂလာတော်ဝင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီမှ လုပ်ငန်းကြီးကြပ်ရေးမှူး ဦးအောင်မျိုးအား လုံးခင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

**မှော်ဘီ**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန် စက်မှု(၂) လမ်း အကွက်အမှတ်(၂၀၀) ZAHIR WAHAT(အိန္ဒိယနိုင်ငံသား)၏ Mysarco အလူမီနီယမ် ထုတ်လုပ်သည့် စက်ရုံအတွင်းရှိ အုတ်လှောင်ကန်တွင် မေ ၁၇ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုမှာ စက်ရုံအတွင်းရှိ ခေါင်မိုးအား ပြုပြင်ရန် ကာပိုက်ဖြင့် ဖြတ်ရာမှ အောက်ရှိ ကော်၊ သံထည်၊ပီနံအိတ်ခွံအမှိုက်များ စုပုံထားရှိသည့် ကန်ပေါ်သို့ မီးပွားကျ၍ ဘေးရှိပီနံအိတ်ခွံသို့ ကူးစက်ရာမှ မီးစတင်လောင်ခဲ့ပြီး မီးလောင်မှုကြောင့် ကန်အတွင်းစုပုံထားသော အလူမီနီယမ်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ စက်ရုံတာဝန်ခံ ဦးဝင်းဆန်းဦးအား မှော်ဘီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဇွဲထက်ကို၊ အေးသိန်း(ပြန်/ဆက်)**

# ကိုဗစ်- ၁၉ သတင်း

❐ **စားသောက်ဆိုင်မှ**

၁၀။ ဆိုင်အတွင်း အနည်းဆုံး အယ်ကိုဟောလ်(၆၀)% ပါသော လက်သန့်စင်ဆေးရည်များ(Hand Gel) အလွယ်တကူ ထားရှိပေးရမည်။ သန့်စင်ခန်းအတွင်း ရေနှင့်ဆပ်ပြာကို အလွယ်တကူ ထားရှိပေးရမည်။

၁၁။ စားသုံးသူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ (Mask)၊ မျက်နှာကာများ (Face Shield) ကို ဆိုင်အတွင်းသို့ မဝင်မီ တပ်ဆင်နိုင်ရန် မှန်ကန်သော ဈေးနှုန်းများဖြင့် ရောင်းချပေးရမည်။

### စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ

၁။ စားသောက်ဆိုင်ရှိ ဝန်ထမ်းအချို့အား ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေးနိုင်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန်အတိုင်း စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ဝန်ထမ်းများနှင့် စားသုံးသူများအား စစ်ဆေးပေးရန် အလှည့်ကျတာဝန်ချထားရမည်။

၂။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးအား နေ့စဉ် ကိုယ်အပူချိန်တိုင်းတာရန်နှင့် သံသယလက္ခဏာများ ရှိ/မရှိ စစ်ဆေး၍ ကိုယ်အပူချိန်မြင့်တက်ခြင်း (သို့မဟုတ်) သံသယလက္ခဏာများရှိပါက စားသောက်ဆိုင်အတွင်းသို့ လုံးဝ ဝင်ခွင့်မပြုရပါ။

၃။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးကောင်းမွန်မှသာ အလုပ်ဆင်းရမည်။ မိမိကိုယ်တိုင်ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းစသည့် ရောဂါလက္ခဏာ တစ်ခုခုခံစားရပါက အလုပ်နား၍ လိုအပ်သော ဆေးကုသမှုခံယူရမည်။

၄။ စားသောက်ဆိုင်မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် စားသုံးသူများနှင့်သော်လည်းကောင်း၊ အချင်းချင်းသော်လည်းကောင်း ရောနှောနေထိုင်ခြင်း မပြုစေဘဲ (၆) ပေအကွာအဝေးမှ နေထိုင်သွားလာစေရမည်။

၅။ စားသောက်ဆိုင်ဝန်ထမ်းများအတွက် အိပ်ဆောင်များရှိပါက တစ်ယောက်နှင့်တစ်ယောက် အနည်းဆုံး (၆) ပေအကွာအဝေးတွင် နေရာချထားပေးရမည်။

၆။ စားသုံးသူများအား ငွေရှင်းပြေစာနှင့် ငွေရယူခြင်း၊ ငွေပြန်အမ်းခြင်းလုပ်ငန်းများကို စားပွဲထိုးများနှင့် ဆောင်ရွက်ခြင်းမပြုစေဘဲ သီးခြားဝန်ထမ်းများအား တာဝန်ပေးရမည်။

၇။ ခွဲစိတ်ခန်းသုံး ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာကာ (Face Shield)၊ ခါးစည်းရှေ့ကာ (Apron)နှင့် လက်အိတ်စသည်တို့ကို ဝတ်ဆင်ရမည်။ ခါးစည်းရှေ့ကာ (Apron) ကို မကြာခဏလဲလှယ်ရမည်။

၈။ ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောရပါမည်။ (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀)%ပါသော လက်သန့်စင်ဆေးရည်ဖြင့် ဆေးကြောရပါမည်။

၉။ နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း မိမိတို့၏ ပါးစပ်နှင့်နှာခေါင်းကို တံတောင်ဆစ်အသုံးပြု၍လည်းကောင်း၊ တစ်ရှူးအသုံးပြု၍လည်းကောင်း လုံခြုံစွာဖုံးအုပ်ရန်နှင့် အသုံးပြုပြီးသော တစ်ရှူးကို စနစ်တကျစွန့်ပစ်ပြီး လက်ကိုဆေးကြောရမည်။

၁၀။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရမည်။

၁၁။ လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက အလုပ်မှချက်ချင်းအနားပေး၍ နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သော ဆေးကုသမှုခံယူရမည်။

### စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ

၁။ စားသုံးသူများသည် မိမိတွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက စားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၂။ အသက်အရွယ်ကြီးသူများ၊ ကိုယ်ခံအားနည်းသူများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာရောဂါ ရှိသူများသည် စားသောက်ဆိုင်သို့ လုံးဝမသွားသင့်ပါ။

၃။ စားသောက်ဆိုင်အတွင်းသို့ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)၊ မျက်နှာကာ (Face Shield) ပါမှသာ ဝင်ရောက်ရန်။

၄။ စားသုံးသူများသည် ဆိုင်အတွင်းသို့ မဝင်မီ လက်ဆေးရမည်။

၅။ စားသောက်ဆိုင်တွင် အချိန်ကြာမြင့်စွာ မထိုင်သင့်ပါ။

၆။ စားသုံးသူများသည် စားပွဲမျက်နှာပြင်များ၊ ပရိဘောဂများအား ထိတွေ့မိပါက အနည်းဆုံး အယ်ကိုဟောလ် (၆၀)%ပါသော လက်သန့်စင်ဆေးရည်များ (Hand gel)ဖြင့် လက်သန့်စင်ပြီးမှသာ အစားအစာ စားသုံးရမည်။

၇။ စားသောက်ဆိုင်တွင် သန့်စင်ခန်းအသုံးပြုပါက ရေနှင့်ဆပ်ပြာဖြင့် လက်ကို ဆေးကြောရမည်။

၈။ စားသောက်ဆိုင်မှ နေအိမ်သို့ပြန်လည်ရောက်ရှိပါက အဝတ်အစားများအား ချက်ချင်းလဲလှယ်၍ ၎င်းအဝတ်အစားများကို ချက်ချင်းလျှော်ဖွပ်ရန် လိုအပ်ပါသည်။

### အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်းများ

၁။ စားပွဲမျက်နှာပြင်များ၊ ကုလားထိုင်များ၊ ကောင်တာများ၊ တံခါးလက်ကိုင်များကို (70%) Alcohol ဖြင့် မကြာခဏ သန့်ရှင်းရေး ပြုလုပ်ရမည်။

၂။ ဆိုင်အတွင်း သန့်ရှင်းရေးတာဝန်များအတွက် သီးခြားဝန်ထမ်းများ တာဝန်ချထားရမည်။ စားပွဲထိုးများမှ မဆောင်ရွက်ရပါ။

၃။ သန့်စင်ခန်းများ၏ သန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်ရမည်။

၄။ ဆိုင်ဝန်ထမ်းများအားလုံး တစ်ကိုယ်ရေသန့်ရှင်းရေး (လက်မကြာခဏဆေးကြောရန်၊ လက်အိတ် တပ်ထားသော်လည်း ဟိုကိုင်ဒီကိုင်မလုပ်ရန်) ပညာပေးရေးနှင့် လိုက်နာဆောင်ရွက်မှုရှိစေရန် ကြပ်မတ်ရမည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့ နှာခေါင်းစည်း အခု ၁၅၀၀ နှင့် ပိုးသတ်လက်သန့်ဆေးရည်ဘူး ၆၀ လှူဒါန်း

**ရန်ကုန် မေ ၁၈**

Aye Khin Medicine ကုမ္ပဏီ၏ မတည်ပံ့ပိုးကူညီမှုဖြင့် Gold Lite Myanmar ကုမ္ပဏီနှင့် Sawadee Electronic ကုမ္ပဏီတို့ ပါဝင်သည့်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံ သတင်းစာတိုက်တွင် နှာခေါင်းစည်း အခု ၁၅၀၀ နှင့် ပိုးသတ်လက်သန့်ဆေးရည်ဘူး ၆၀ တို့ကို လာရောက်လှူဒါန်းရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)မှ စာတည်းမှူး ဦးလှရွှေ (ရန်ကုန်တာဝန်ခံ)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အလှူရှင်တစ်ဦးဖြစ်သူ ဦးဇော်ဝင်းညွှန့်က "ကျွန်တော်တို့က လှူဒါန်းချင်တဲ့ ရည်ရွယ်ချက်တစ်ခုနဲ့ ပူးပေါင်းလှူဒါန်းဖြစ်တာပါ။ အခု ကျွန်တော်တို့ လှူဒါန်းတဲ့ နှာခေါင်းစည်းတွေကလည်း အရည်အသွေးကောင်းမွန်ပါတယ်။ ကောင်းမွန်တဲ့အတွက် သုံးတဲ့နေရာမှာလည်း လုံခြုံမှုရှိသလို မျက်မှန်တပ်တဲ့သူတွေအတွက် ရေငွေ့ရိုက်တာမျိုးတွေလည်း မရှိဘူးဆိုတဲ့ တုံ့ပြန်မှုတွေကို ရရှိပါတယ်။ လှူဒါန်းမှုတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

အဆိုပါ အဖွဲ့သည် မေ ၁၁ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ နှာခေါင်းစည်း အခု ၇၂၀၀ ကိုလည်းကောင်း၊ မေ ၁၃ ရက်တွင် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသားကျန်းမာရေးကွန်ရက်သို့ နှာခေါင်းစည်း အခု ၉၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့ပြီး ဆက်လက်၍ လှူဒါန်းမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**



## ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူ ၃၇၄ ဦးအား ထပ်မံလွှဲပြောင်းပို့ဆောင်



**ချင်းရွှေဟော် မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ဧပြီ ၃၀ ရက်မှ စတင်ပြီး စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီခွဲတွင် ယာဉ်ခြောက်စီးဖြင့် နေရပ်ပြန်ပြည်သူ ၃၇၄ ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

ထပ်မံလွှဲပြောင်းပို့ဆောင်ခဲ့သည့် နေရပ်ပြန်ပြည်သူ ၃၇၄ ဦးတွင် အမျိုးသား ၂၂၀၊ အမျိုးသမီး ၁၅၄ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၆၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၈၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၈၇ ဦး၊ ကချင်ပြည်နယ်မှ လေးဦးနှင့် နေပြည်တော်မှ တစ်ဦးတို့ဖြစ်ကြသည်။

၎င်းတို့အား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ အမျိုးသား ၃၂၆၇ ဦးနှင့် အမျိုးသမီး ၂၃၀၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၅၅၆၈ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၁၈**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် တက္ကသိုလ်နယ်မြေရှိ ကန့်သတ်စောင့်ကြည့်စခန်းများဖြစ်သည့် အမရာဆောင်၊ သံပျင်ဆောင်၊ အဓိပတိဆောင်နှင့် ဧကရီဆောင်များသို့ နိုင်ငံခြားသင်္ဘောသားများ စုစည်းတည်ထောင်ထားသော SEA RANGER ပရဟိတအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်ပတ်သက်သည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ KN 95 နှာခေါင်းစည်းများ၊ FFP3 နှာခေါင်းစည်းများ၊ လက်အိတ်များ၊ ခါးစည်းရှေ့ကာများနှင့် Surgical Grown ဝတ်စုံများ ယနေ့ လာရောက်လှူဒါန်းကြသည်။ အလားတူ မွန်မြတ်စေတနာ ပရဟိတအသင်း(NCV)က အပေါ့စားလေအေးပေးစက် လေးလုံးကိုလည်း လာရောက်လှူဒါန်းခဲ့ကြသည်။ လှူဒါန်းသည့်ပစ္စည်းများကို ကန့်သတ်စောင့်ကြည့်စခန်းများ စီမံကြီးကြပ်သူ စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်သည့် သင်္ဘောအင်ဂျင်နီယာချုပ် ဦးယုမောင်နှင့် စင်တာအသီးသီးမှ ဆရာဝန်၊ သူနာပြုများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **စိမ်းလွဲ့(ပြန်/ဆက်)**



# ကိုဗစ်- ၁၉ ဝေးဝေးသွား အဖြူရောင်စေတနာများ

## နိုင်ဦး (DOCA)

မြန်မာနိုင်ငံကို ရောက်ခဲ့ဖူးသည့် ပြည်ပနိုင်ငံသားများက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမျိုးမျိုး မှတ်ချက်စကားများ ပြောခဲ့ကြသည်။ ''ရွှေနိုင်ငံတဲ့၊ သဘာဝတရားကြီး၏ လက်ဆောင်မွန်တဲ့၊ ပြုံးရွှင်ကြင်နာတဲ့ နယ်မြေတဲ့၊ ဧည့်သည်ကို ဦးစားပေးတဲ့ လူမျိုးတွေတဲ့၊ ဖော်ရွေနွေးထွေးတဲ့ တိုင်းပြည်တဲ့၊ နေမဝင်စေတနာများ ပြန့်ပွားရာနေရာတဲ့'' စသည်ဖြင့် စုံလှပါသည်။ ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူခဲ့ရသလို နိုင်ငံသား ဖြစ်ရသည်ကိုလည်း ဂုဏ်ယူခဲ့သည်။ တစ်ခါကလည်း ကမ္ဘာ့အရက်ရောဆုံး နိုင်ငံများကို စာရင်းကောက်ယူရာတွင်လည်း မြန်မာနိုင်ငံသည် ထိပ်ဆုံးက ရှိနေသဖြင့် ပို၍ ဂုဏ်ယူရပြန်သည်။

### ကြီးမားသောကူညီမှု

ကျွန်တော်လည်း သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ အိမ်မှာနေရင်း မီဒီယာ နည်းလမ်းပေါင်းစုံကို ကြည့်ဖြစ်သည်။ ကိုဗစ်-၁၉ စောင့်ကြည့်ရေးနေရာအဖြစ် ယာယီအသုံးပြုနေသည့် စာသင်ကျောင်းမှာနေသူများအတွက် ကျောင်းသားကျောင်းသူလေးများက ရသည့်မုန့်ဖိုးလေးများကိုစု၍ နှာခေါင်းစည်းများကို စုဝယ်ကာ ကျောင်းခြံစည်းရိုး အဝင်/အထွက် တံခါးဘေးရှိ တာဝန်ရှိသူမှအပ မည်သူမှ မဝင်ရ ဆိုင်းဘုတ်လေးဘေးမှာချိတ်၍ထွက်ပြေးသွားပုံများ၊ သံဃာတော်များ၊ သီလရှင်များက သူတို့အလှူခံရရှိသည့် ဆန်နှင့်အခြားစားသောက်ကုန်ပစ္စည်းများကို အခက်အခဲဖြစ်နေသည့်သူများအား ပြန်လည်စွန့်ကြဲပုံများ၊ ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက် လူသုံး၊ အိမ်သုံးပစ္စည်းများကို လိုက်လံလှူဒါန်းနေသော ပရဟိတသမားများ၊ ကျူးကျော်တဲများမှာ နေထိုင်သူများကို အနုပညာရှင်များ၊ အခြားကြင်နာတတ်သူ ပရဟိတသမားများက နေရာအရောက်အခမ်းအနားမပါ ပကတိစေတနာဖြင့် လိုက်လံလှူဒါန်းနေပုံများ၊ သက်ဆိုင်ရာဝန်ထမ်းများက နီးစပ်ရာဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ရင်ခွင်မဲ့ကျောင်းများသို့ ရသည့်လစာလေးများကို ခြိုးခြံချွေတာကာ လူကိုယ်တိုင်သွားမလှူနိုင်သဖြင့် မိုဘိုင်းစားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းများမှတစ်ဆင့် ပေးပို့လှူဒါန်းမှုများ၊ ကျန်းမာရေးဝန်ထမ်းအချို့သည် မိမိ၏ကျန်းမာရေးကို မငဲ့ကွက်ဘဲ လူနာကျန်းမာရေးအတွက်သာ စေတနာထား ဆောင်ရွက်ခဲ့သဖြင့် ကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသော ဝန်ထမ်းများ၊ တချို့လုပ်ငန်းရှင်များက မိမိတို့ဝန်ထမ်းများ အဆင်ပြေစေရေးအတွက် ကိုယ်တိုင်အခက်အခဲရှိနေသည့်ကြားထဲမှ မိမိဝန်ထမ်းများကို ငွေကြေး၊ စားသောက်ကုန်များ စေတနာပါပါ ပံ့ပိုးကူညီပေးနေသည်များကို မြင်တွေ့နေရသည်မှာ ကျေနပ်ဝမ်းသာရပါသည်။ သူတို့သည် ဘယ်သူတွေဆိုတာမသိ၊ သိစရာလည်း မလိုပေ။ သူတို့၏လုပ်ရပ်ဖြင့် သက်သေပြသွားခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့်ပင် အဖြူရောင်စေတနာရှင်များသည် တိုင်းပြည် အခက်အခဲကြုံတိုင်း၊ သဘာဝဘေးဒဏ်ခံရတိုင်း ပြည်သူများအတွက် အသင့်ရှိနေခြင်း ဖြစ်ပေမည်။ သူတို့၏ လှူဒါန်းမှုသည် တန်ဖိုးအားဖြင့် နည်းပါးသော်လည်း အမှန်တကယ် လိုအပ်နေသူများအဖို့မှု ကြီးမားသောကူညီမှု ဖြစ်ခဲ့သည်။

### မြင်းမိုရ်တောင်များဖြစ်

ထို့အပြင် လုပ်ငန်းရှင်များ၊ ကြွယ်ဝချမ်းသာသူများကလည်း သူတို့၏ လှူဒါန်းမှုကို လူမသိစေဘဲ ရက်ရောစွာ အပြိုင်အဆိုင် လှူဒါန်းကြသည်။ ကျန်းမာရေးစက်ကြီးများ၊ အခြေခံစားသောက်ကုန်များ၊ ကျန်းမာရေးသုံးပစ္စည်းများကို အရောက်ပို့စနစ်ဖြင့် လှူဒါန်းကြသဖြင့် ပြည်သူများ ယုံကြည်စိတ်ပိုမိုရှိလာကြသည်။ ကျန်းမာရေး မကောင်းသူများအတွက် အထောက်အကူများစွာ ရရှိခဲ့သည်။ သူတို့က လူမသိ သူမသိ လျှို့ဝှက်စွာ အဖြူရောင်စေတနာဖြင့် လှူဒါန်းခဲ့ကြခြင်း ဖြစ်သော်လည်း မျက်ရည်စက်လက်ဖြင့် ကျေးဇူးတင်သူများအတွက် မြင်းမိုရ်တောင်များ ဖြစ်ခဲ့သည်။ ရင်ထဲတွင် ထာဝစဉ် အသိအမှတ်ပြုခဲ့သည်။ ပေထက်အက္ခရာ တင်ခဲ့ကြသည်၊ ဝမ်းမြောက်ဖွယ်မြင်ကွင်းများ ဖြစ်ခဲ့သည်။

အစိုးရက ခိုင်မာပြည့်စုံသည့် မူဝါဒများချမှတ်ပေးခြင်း၊ သက်ဆိုင်ရာဌာနများက လိုအပ်သော အမိန့်၊ ညွှန်ကြားချက်၊ အသိပညာပေးမှုများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ပြည်သူများကလည်း ကျန်းမာရေးသတိရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများကိုလည်း မြင်တွေ့နေရသဖြင့် ကျေနပ်ဝမ်းသာခဲ့ရပါသည်။

### ကူးစက်ပျံ့နှံ့ရောက်ရှိ

တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ဆေးရုံသို့ ၂၇-၂-၂၀၁၉ ရက်နေ့တွင် လူနာတစ်ဦး ရောက်ရှိလာသည်။ ထိုလူနာကို ဘာရောဂါနဲ့ ရောက်လာကြောင်းကို ဆေးဘက် ဆိုင်ရာဆရာဝန်များရောဂါအမည်တပ်ဖို့ အခက်အခဲ ကြုံခဲ့ ရသည်။ တုပ်ကွေးရောဂါနှင့် ဆင်တူကြောင်းသာ သိရပြီး ၂၈-၁၂-၂၀၁၉ ရက်နေ့တွင်မှ အလားတူ လူနာ ၄၀ ကျော် ရောက်ရှိလာပြန်သည်။ ထို့ကြောင့် တရုတ်အာဏာပိုင်များက ၄-၁-၂၀၂၀ ရက်နေ့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မြန်ဗိုင်းရပ်စ်ပိုးအသစ် တွေ့ရှိကြောင်း မျိုးရိုးဗီဇကို ထုတ်ဖော်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်နှင့် အခြားနိုင်ငံများကို အသိပေးဖြန့်ဝေပေးခဲ့သည်။ အခြားသူများထံ ဆက်လက်မကူးစက်ရန် အကောင်းဆုံးနည်းလမ်းအဖြစ် လူဦးရေကိုးသန်းကျော် နေထိုင်လျက်ရှိသော ဝူဟန်မြို့ကို ၂၃-၁-၂၀၂၀ ရက်နေ့မှစ၍ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ကူးစက်ရောဂါကု သီးခြားဆေးရုံ နှစ်ရုံကို စေတနာ့ဝန်ထမ်းအင်အား ၄၀၀၀ ကျော်နှင့် စဆောက်ပြီး အချိန်မီထိန်းချုပ်နိုင်အောင် ကြိုးစားခဲ့သော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောဂါပိုးသည် ကူးစက်ပျံ့နှံ့ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

### ထောက်ပြပြောဆို

တရုတ်နိုင်ငံ၌ စဖြစ်ခါစတွင် မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်နိုင်ငံနှင့် ကူးလူးဆက်ဆံမှု အများဆုံးဖြစ်၍ ကူးစက်ခံရမှု အများဆုံးဖြစ်နိုင်ကြောင်း၊ သေကျေပျက်စီးမှုအများဆုံးဖြစ်နိုင်ကြောင်း၊ ဖွံ့ဖြိုးစနိုင်ငံတစ်နိုင်ငံဖြစ်၍ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနည်းပါးမည်ဖြစ်၍ အခက်အခဲများစွာ ကြုံတွေ့နိုင်ကြောင်း၊ အလုပ်လက်မဲ့ပြဿနာများပြားကာ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေးများတွင် အခက်အခဲများစွာ ကြုံတွေ့ရနိုင်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားသောက်ကုန်ပစ္စည်းပြတ်လပ်မှုပြဿနာများ ကြုံတွေ့ရနိုင်ကြောင်း၊ ဆေးရုံ၊ ဆေးခန်းနည်းပါးမှုနှင့် ဆေးဝါးမလုံလောက်မှု ပြဿနာများ ကြုံတွေ့ရနိုင်ကြောင်း ပြည်တွင်း၊ ပြည်ပ ကျန်းမာရေးပညာရှင်အချို့က စေတနာအပြည့်ဖြင့် ထောက်ပြပြောဆိုကြပါသည်။ ပြည်သူလူထုအားလုံး ကိုဗစ်-၁၉ ကျန်းမာရေးပညာပေးမှုများကို ဂရုစိုက်လိုက်နာပူးပေါင်းဆောင်ရွက်ရန် စားရေး၊ နေရေး၊ ဝတ်ရေးကိစ္စများတွင် ကျန်းမာရေးအသိဖြင့် သတိရှိစွာ ဆောင်ရွက်ရန် မီဒီယာနည်းလမ်းပေါင်းစုံမှ အသိပေးကြသည်။

ယနေ့အချိန်အခါတွင် တစ်ကမ္ဘာလုံး၌ ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကြောင့် အခက်အခဲများစွာ ကြုံတွေ့ရလျက်ရှိသည်ကို စိတ်မကောင်းစွာ မြင်နေ၊ တွေ့နေ၊ သိရှိနေရသည်။

### စိုးရိမ်ထိတ်လန့်စွာ နေထိုင်ကြရ

လူတစ်ဦးချင်းစီ၏ စားရေး၊ ဝတ်ရေး၊ နေရေး သာမက နိုင်ငံတစ်နိုင်ငံချင်း၏ စီးပွားရေး၊ လူမှုရေး ၊ နိုင်ငံရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရလျက်ရှိသည်။ မည်သည့်အချိန် ပြီးဆုံးမည်ကိုလည်းမသိ၊ ရေရှည်ဖြစ်ပွားမလားလဲ မခန့်မှန်းနိုင်၊ ကာကွယ်ဆေး၊ ကုသဆေးများလည်း ထုတ်လုပ်ဖြန့်ဖြူးနိုင်ပြီဟု ကြားရသော်လည်း လက်တွေ့ဖြစ်မလာသေး၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး စိုးရိမ်ထိတ်လန့်စွာ နေထိုင်ကြရသည်။

လက်ရှိတွင် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများအနက် အမေရိကန်နိုင်ငံတွင် ခုတ်ခွဲအတည်ပြုလူနာ တစ်သန်းခွဲကျော်၊ သေဆုံးသူ ကိုးသောင်းကျော်၊ စပိန်၊ အီတလီ၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ ဘရာဇီး၊ တူရကီ၊ အီရန် စသည့်နိုင်ငံများသည်လည်း ကူးစက်မှု၊ သေဆုံးမှု အများဆုံးနိုင်ငံများဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့အထိ ရောဂါပိုးတွေ့ရှိသူ ၁၈၈ ဦး၊ သေဆုံးသူ ခြောက်ဦးသာ ရှိခြင်းသည် ကံကောင်းလှပါသည်။ နိုင်ငံတော်အစိုးရက ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဘတ်ဂျက်လိုသလောက် အသုံးပြုခွင့်ပေးခြင်း၊ သက်ဆိုင်ရာဌာနများက အလေးထားကာ အသေးစိတ်အချက်အလက်များမှအစ ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းပညာပေးနေခြင်း၊ မီဒီယာ နည်းလမ်းပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခြင်းများကြောင့် ပြည်သူများသိရှိကာ ပူးပေါင်းဆောင်ရွက် လိုက်နာကြခြင်းများကြောင့် ဖြစ်မည်ထင်မိသည်။

### မြန်မာတို့၏ စိတ်ရင်း

ပို၍ ကျေနပ်စရာကောင်းသည်မှာ သတင်းမှားများကြောင့် ပြည်သူများ စိုးရိမ်စိတ်မဖြစ်ပွားစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတင်းမှန်များ ထုတ်ပြန်ပေးခြင်း၊ ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးများတွင် အသုံးပြုသည့် လူသုံးအိမ်သုံးပစ္စည်းများကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက ၎င်းတို့ ရောင်းဝယ်သောပစ္စည်းများကို ဈေးနှုန်းများမတက်ဘဲ အခြေခံဈေးနှုန်းအတိုင်း ရောင်းချပေးမည်ဟု ကတိကဝတ်ပြု၍ လက်တွေ့ရောင်းဝယ်ကြသဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်ခြင်း စသည့်အချက်များသည် မြန်မာတို့၏ စိတ်ရင်းကြောင့်ပင် ဖြစ်ပေမည်။

### ပိုမိုသတိကြီးစွာ ဂရုစိုက်သင့်

အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မူ မြန်မာနိုင်ငံသည် ဖြစ်ပွားနှုန်းသက်သာသည်ဟု ဆိုနိုင်သည်။ အစိုးရတာဝန်ရှိသူများ၏ ဖိဖိစီးစီးဖြင့် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ အချိန်မီထုတ်ပြန်ပေးနိုင်မှု၊ လိုအပ်သော ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးသုံးပစ္စည်းများ ပံ့ပိုးပေးနိုင်မှုကြောင့်လည်းကောင်း၊ လုပ်ငန်းရှင်များ၏ လှူဒါန်းပေးမှုများ၊ ပံ့ပိုးကူညီပေးမှုများကြောင့်လည်းကောင်း၊ အဖွဲ့အစည်းများ၏ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးမှုများကြောင့်လည်းကောင်း၊ ပြည်သူများက ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာမှု၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်းကောင်း အချို့သောနိုင်ငံများထက် ကမ္ဘာ့ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် ထိရောက်ခြင်း ဖြစ်ပေမည်။ သို့သော် မပေါ့ဆသင့်ပေ။ ပိုမိုသတိကြီးစွာထား၍ ဂရုစိုက်သင့်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် အခြားနိုင်ငံများထက် ဖြစ်ပွားနှုန်း၊ သေဆုံးမှုနှုန်းနည်းပါးရခြင်းမှာ အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာန၊ ပရဟိတအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ပံ့ပိုးကူညီကြသူများ၏ စေတနာများကြောင့်ပင်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါသည် မည်သည့်အချိန် ဆေးဝါးများ ပေါ်ပေါက်၍ ပျောက်ကင်းနိုင်မည်၊ ကင်းစင်နိုင်မည်ကို မည်သည့်နိုင်ငံမှ၊ မည်သည့်ပညာရှင်မှ တပ်အပ်သေချာစွာ ပြောကြားနိုင်ခြင်း မရှိသေးပေ။ ဆိုလိုသည်မှာ ကိုဗစ်-၁၉ ရောဂါသည် မည်မျှအချိန်ကြာမည်၊ မည်သို့သော စိန်ခေါ်မှုများ ကြုံတွေ့လာနိုင်မည်ကို မသိနိုင်သဖြင့် မည်သို့ ရုန်းကန်ကျော်လွှားရမည်ကိုလည်း မသိနိုင်ပေ။ အကောင်းဆုံးမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်း ကိုယ်စီ ကျန်းမာရေးအသိရှိစွာဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို လိုက်နာဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါသည်။

### ဝေးဝေးသို့ ထွက်ခွာသွားရတော့မည်

ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါသည် မြန်မာနိုင်ငံတွင်လည်း ဖြစ်ပွားလျက်ရှိသည်။ အခြားနိုင်ငံများနှင့် ယှဉ်လျှင် မြန်မာနိုင်ငံတွင် အစိုးရ၊ သက်ဆိုင်ရာဌာန၊ ပြည်သူများနှင့် အဖြူရောင်စေတနာရှင် ပရဟိတသမားများ၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခြင်းကြောင့် ဖြစ်ပွားနှုန်း နည်းပါးရခြင်းဖြစ်သည်။ ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါပိုးသည် မြန်မာနိုင်ငံမှ မကြာခင်ဝေးဝေးသို့ ထွက်ခွာသွားရတော့မည်မှာ သေချာလှပေသည်။ အစိုးရက ခိုင်မာသော မူဝါဒများချမှတ်၊ သက်ဆိုင်ရာဌာနများက အကောင်အထည်ဖော်ဆောင်ရွက်၊ ပြည်သူများက ကျန်းမာရေးအသိရှိစွာဖြင့် ပူးပေါင်းပါဝင်၊ အဖြူရောင်စေတနာရှင်များ၏ ကျရာနေရာမှ ကူညီမှုများဖြင့် မကြာမီနိုင်ငံတော်၏ ကဏ္ဍပေါင်းစုံ သက်ဝင်လှုပ်ရှားကာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်တော့မည် ထင်မိပါကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

❖ **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် အခြားနိုင်ငံများထက် ဖြစ်ပွားနှုန်း၊ သေဆုံးမှုနှုန်း နည်းပါးရခြင်းမှာ အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာန၊ ပရဟိတအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ ရိုးရိုးသာမန် မထင်မရှား တတ်နိုင်သရွေ့ ပံ့ပိုးကူညီကြသူများ၏ စေတနာများကြောင့်ပင်ဖြစ်။**

❖ **ကိုဗစ်-၁၉ ရောဂါသည် မည်မျှအချိန်ကြာမည်၊ မည်သို့သော စိန်ခေါ်မှုများ ကြုံတွေ့လာနိုင်မည်ကို မသိနိုင်သဖြင့် မည်သို့ ရုန်းကန်ကျော်လွှားရမည်ကိုလည်း မသိနိုင်ပေ။ အကောင်းဆုံးမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်း ကိုယ်စီကျန်းမာရေးအသိရှိစွာဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို လိုက်နာဆောင်ရွက်ခြင်း သည်သာ အကောင်းဆုံးဖြစ်။**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၁၈**

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၁၁ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၅၇ မြို့နယ်ရှိ နေရာ ၁၄၈ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၉၁ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၅ ကီလိုဂရမ်၊ ရေ ဂါလန် ၇၅၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၂ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၆ မြို့နယ်ရှိ နေရာ ၁၀၉ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၁၆၀၊ ပိုးသတ်ဆေးမှုန့် ၂၆ ကီလိုဂရမ်၊ ရေဂါလန် ၁၁၁၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မေ ၁၃ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၃ မြို့နယ်ရှိ နေရာ ၁၄၆ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၄၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၄ ကီလိုဂရမ်၊ ရေဂါလန် ၁၀၈၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မေ ၁၄ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၂ မြို့နယ်ရှိ နေရာ ၁၁၃ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၂၄၁ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၃ ကီလိုဂရမ်၊ ရေဂါလန် ၁၅၈၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်း မေ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ မြို့ဝင်မုခ်ဦးမှ မြို့တွင်းလမ်းမကြီး တစ်လျှောက်တွင် မေ ၁၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ညောင်ရမ်းတိုက်သစ် ပရိယတ္တိစာသင်တိုက်တွင် မေ ၁၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကယားပြည်နယ် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအုပ်စု ကဒါးလားဘုန်းတော်ကြီးကျောင်းဝင်းတွင် မေ ၁၁ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးရှေ့ရပ်ကွက်တွင် မေ ၁၃ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် မေ ၁၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။




နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် မေ ၁၂ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးနှင့် COVID- 19 ကပ်ရောဂါ ကာလအလွန် ပြန်လည်ထူမတ်ရေး အစီအစဉ်

## မြင့်မြတ်ရန်ပိုင်

အလုပ်သမား၊ အလုပ်အကိုင်နှင့်ပတ်သက်၍ COVID–19 သက်ရောက်မှုများကို တုံ့ပြန်ခြင်းဆိုင်ရာ အာဆီယံ အလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေး (Special Meeting of ASEAN Labour Ministers on Response to the Impacts of Coronavirus Disease 2019) ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့တွင် Video Conference ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi၊ အာဆီယံ အလုပ်သမားဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၊ ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေတို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် သဘာပတိအဖြစ် မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး Datuk Seri M. Saravanan က ဆောင်ရွက်ပြီး၊ အာဆီယံ အလုပ်သမားဝန်ကြီးများက မိမိတို့နိုင်ငံအလိုက် အစီအစဉ်များကို ဝေမျှရန်ဖြစ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် Roadmap အဖြစ် အလုပ်သမား၊ အလုပ်အကိုင်နှင့် ပတ်သက်၍ COVID–19 သက်ရောက်မှုများကို တုံ့ပြန်ခြင်းဆိုင်ရာ အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေး၏ Joint Statement ကို အတည်ပြုထုတ်ပြန်မည်ဖြစ်ကြောင်း စတင်၍ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

### အတူတကွပူးပေါင်းတုံ့ပြန်

အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi က COVID–19 ကပ်ရောဂါ သက်ရောက်မှုများ လျော့နည်းစေရန် အာဆီယံ၏ အားထုတ်မှုများနှင့် စပ်လျဉ်း၍ အာဆီယံအနေဖြင့် စီးပွားရေး ပြန်လည်ထူထောင်ရေးနှင့် ပြည်သူများ၏ လူမှုကျန်းမာရေးကို အားပေးသော အစီအစဉ်များကို ဆောင်ရွက်ခြင်းဖြင့် COVID–19 ကပ်ရောဂါကို အတူတကွ ပူးပေါင်းတုံ့ပြန်လျက်ရှိကြောင်း၊ အစည်းအဝေးတွင် ကပ်ရောဂါကာလလွန်မြောက်ပြီးနောက် ပြန်လည်ထူမတ်ရေး အစီအစဉ် (Post–pendamic Recovery Plan) အကောင်အထည်ဖော်နိုင်ရေးကို တိုက်တွန်းလိုက်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အာဆီယံအလုပ်သမားဝန်ကြီးများက အလုပ်သမား၊ အလုပ်အကိုင်အပေါ် COVID–19 သက်ရောက်မှုများကို တုံ့ပြန်ခြင်းနှင့်ပတ်သက်၍ မိမိနိုင်ငံအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးကြရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်၍ နိုင်ငံအဆင့်ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့မှု၊ အစိုးရ၏ ကပ်ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများထံမှ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန်ဆောင်ရွက်မှု၊ ကပ်ရောဂါကြောင့် ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ ထိခိုက်မှုနည်းစေရန် တစ်နိုင်ငံလုံးပူးပေါင်းပါဝင်မှု (a whole of nation approach) ဖြင့် ဆောင်ရွက်မှု၊ မီဒီယာနှင့် ICT နည်းပညာအသုံးချ၍ ဆောင်ရွက်မှု၊ ပြည့်စုံသောစီးပွားရေး လျှော့ဆော်မှုအစီအစဉ်အဖြစ် COVID –19 Economic Relief Plan (CERP) ချမှတ်ဆောင်ရွက်မှု၊ အလုပ်သမားများအပေါ် COVID–19 သက်ရောက်မှုများကို တုံ့ပြန်မည့် သက်ဆိုင်ရာမူဝါဒများ၊ အစီအစဉ်များ၊ လူမှုအထောက်အပံ့များ အထူးသဖြင့် လုပ်ခလစာ/ဝင်ငွေ၊ ဝင်ငွေနည်းပါးပြီး ပုံမှန်မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ထိခိုက်လွယ်သော ကဏ္ဍများတွင် လုပ်ကိုင်နေသည့် အလုပ်သမားများအား ထောက်ပံ့ကူညီပေးခြင်းနှင့် လူမှုဖူလုံရေးအထောက်အပံ့နှင့် အလုပ်လက်မဲ့ ခံစားခွင့်များ ထောက်ပံ့ကူညီပေးနေသည့် အခြေအနေများ၊ ပြည်သူများ၏ အိမ်သုံးလျှပ်စစ်ဓါတ်အားခ နှုန်းထားများ၊ အခွန်များကို လျှော့ချပေးခြင်းနှင့် ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ခြင်းအပါအဝင် အခြားသော ဖြေလျှော့ပေးထားမှု အခြေအနေများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။



နိုင်ငံအလိုက် အာဆီယံအလုပ်သမားဝန်ကြီးများက တင်ပြပြီးနောက် အလုပ်သမား၊ အလုပ်အကိုင်အပေါ် COVID–19 သက်ရောက်မှုများ တုံ့ပြန်ခြင်းဆိုင်ရာ အောက်ပါ အဓိကအချက်များပါဝင်သည့် အာဆီယံအလုပ်သမားဝန်ကြီးများ၏ ပူးတွဲသဘောတူညီချက် (Joint Statement) ကို အတည်ပြုခဲ့ပါသည်–

- COVID–19 ကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများရ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများရှိ အလုပ်သမားများအားလုံး အထူးသဖြင့် မြင့်မားသော အန္တရာယ်ရှိသည့် အလုပ်ကဏ္ဍများတွင် လုပ်ကိုင်နေသောအလုပ်သမားများ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ စားဝတ်နေရေးနှင့် ကျန်းမာရေးကို ထောက်ပံ့ကူညီရန်၊
- ကပ်ရောဂါကြောင့်အလုပ်ထုတ်ခံရသော ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် အလုပ်သမားအားလုံးကို သက်ဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ အစိုးရမှ အလုပ်လက်မဲ့အကျိုးခံစားခွင့် သို့မဟုတ် လူမှုအကူအညီများ သင့်လျော်သလိုပေးရန်နှင့် အလုပ်ရှင်မှ သင့်လျော်သလို ထောက်ပံ့ကူညီရန်၊
- COVID–19 ကြောင့် ကူးစက်ခံရသော အလုပ်သမားအားလုံးကို ခွဲခြားမှုမရှိဘဲ မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အခြားသက်ဆိုင်သည့် ဆေးကုသမှုဆိုင်ရာ အကူအညီများ လိုအပ်သလို အလွယ်တကူ ရရှိစေရန်၊
- အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအပါအဝင် ယင်းတို့၏ ကျန်းမာရေး၊ သာယာဝပြောရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရွှေ့ပြောင်းသွားလာမှု လွယ်ကူချောမွေ့စေရေးနှင့် ယင်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် အာဆီယံနိုင်ငံများ သို့မဟုတ် တတိယနိုင်ငံတွင် ရောက်ရှိနေသော ကပ်ရောဂါကြောင့် ထိခိုက်ခံစားရသော အာဆီယံရွှေ့ပြောင်းအလုပ်သမားများကို သင့်လျော်သော အကူအညီအထောက်အပံ့များပေးရန်၊
- အလုပ်အကိုင်ရရှိရန်၊ ဘေးအန္တရာယ်ကျရောက်နေသော အလုပ်သမား၏ ထိခိုက်လွယ်မှုကို လျှော့ချရန်နှင့် ၎င်းတို့၏ခံနိုင်ရည် တိုးတက်ရေးအတွက် နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်တွင် တုံ့ပြန်မှုရှိသော အလုပ်သမားဈေးကွက်မူဝါဒ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စံနှုန်းများ၊ လူမှုရေးအကာအကွယ်စနစ်များ၏ ထိရောက်မှုကို အကျိုးရှိပြီး ဟန်ချက်ညီသော လူမှုရေးတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် အားဖြည့်ဆောင်ရွက်စေရန်၊
- နိုင်ငံအများတွင် ယာယီသွားလာမှုကန့်သတ်ထားစဉ် အလုပ်သမား၊ အလုပ်အကိုင်နှင့် ပတ်သက်၍ ကပ်ရောဂါ၏သက်ရောက်မှုကို နိုင်ငံအဆင့်တုံ့ပြန်ရေး၊ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ဆက်သွယ်ရေးနှင့် တိုင်ပင်ဆွေးနွေးရေး၊ မီဒီယာအဖြစ် ဒီဂျစ်တယ်နည်းပညာကိုအသုံးပြုရန်၊
- သတင်းအချက်အလက် အမှားများနှင့် ကပ်ရောဂါကိုတုံ့ပြန်ရန် အစိုးရ၏ အလုပ်သမားနှင့် အလုပ်အကိုင်မူဝါဒများနှင့် ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ တရားဝင် သတင်းမီဒီယာမှတစ်ဆင့်ထုတ်ပြန်၍ ထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိသော လူမှုဆက်သွယ်ရေးကို မြှင့်တင်ရန်၊
- ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် လျင်မြန်သော တုံ့ပြန်ဆောင်ရွက်ရေးကို ထောက်ပံ့ကူညီရန် ဗဟုသုတများ မျှဝေခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာအကူအညီပေးရေး၊ အရင်းအမြစ်များ ရွှေ့ပြောင်းခြင်းကဲ့သို့သော အပြန်အလှန်သဘောတူညီထားသည့် နယ်ပယ်များတွင် အာဆီယံ ဆွေးနွေးဖက်များနှင့် အခြားသောပါဝင်ပတ်သက်သူများ၊ သုံးပွင့်ဆိုင်မိတ်ဖက်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊
- ထိခိုက်ခံရနိုင်ခြေများသော အလုပ်ရှင်နှင့် အလုပ်သမားများကို ကူညီရန်နှင့် ယင်းတို့၏ ခံနိုင်ရည်ရှိမှုကို တိုးမြှင့်စေရန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ကောင်းမွန်သောအလေ့အထများနှင့် သင်ခန်းစာများကို ဆက်လက်မျှဝေရန်၊

ထို့နောက် ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder က အာဆီယံအလုပ်သမားဝန်ကြီးများ၏ အထူးအစည်းအဝေးကျင်းပ၍ ကမ္ဘာ့ကပ်ရောဂါ COVID–19 ကြောင့် အလုပ်သမားနှင့် အလုပ်အကိုင်တို့အပေါ် ထိခိုက်မှုအားစုပေါင်းအဖြေရှာခြင်းကို အားရပါကြောင်း၊ ILO အနေဖြင့် ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ အရေးကြီးသော သုတေသနနှင့်လေ့လာမှုများပြုလုပ်၍ အလုပ်အကိုင်လောကအတွက် အရေးကြီးသော လမ်းညွှန်ချက်များကို အာဆီယံအပါအဝင် အဖွဲ့ဝင်နိုင်ငံများအားလုံးသို့ မျှဝေပေးခဲ့ကြောင်း၊ ကပ်ရောဂါကြောင့် ပုံမှန်လူနေမှုဘဝပျောက်ဆုံးနေပြီး အဆိုပါအခြေအနေ၌ပင် ပိုမိုကောင်းမွန်သော ပုံမှန်လူနေမှုဘဝတစ်ခု ပြန်လည်ရရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူသားဗဟိုပြုသည့် ပြန်လည်နာလန်ထူရေးအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဆီယံတွင် အချိန်ပြည့်လုပ်သား ၂၆ သန်း၊ ဆုံးရှုံးသော အလုပ်ချိန်နာရီပေါင်း ၉ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဟု ခန့်မှန်းကြောင်း၊ သမားရိုးကျမဟုတ်သော အလုပ်သမား ၂၁၈ သန်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းများကို ပြင်းပြင်းထန်ထန်ထိခိုက်စေသည့် အန္တရာယ်ရှိနေကြောင်း၊ အလုပ်အကိုင်လောကအပေါ် ကပ်ရောဂါ၏ထိခိုက်မှုကို လျှော့ချရန် ILO က လက်ရှိအချိန်အထိ လေ့လာတွေ့ရှိမှုအရ အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်း (၄)ရပ်ကို အဆိုပြုလိုပါကြောင်း၊ ၎င်းတို့မှာ –

- စီးပွားရေးပြန်လည်အသက်ဝင်ရန်နှင့် အလုပ်အကိုင်များကို ကာကွယ်ပေးရန် တုံ့ပြန်မှုရှိသော ငွေကြေးမူဝါဒ ချမှတ်ဆောင်ရွက်ရန်၊
- အလုပ်အကိုင်ဌာနများ၊ အလုပ်အကိုင်ရရှိရေးနှင့် ပုံမှန်ဝင်ငွေပြန်လည်ရရှိရေး ထောက်ပံ့ပေးရန်၊
- လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများကို ကပ်ရောဂါပြန့်ပွားကူးစက်မှုမှ ကာကွယ်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မဖြစ်မနေပေးရမည့် ဝန်ဆောင်မှု အစီအမံများ ဆောင်ရွက်ပေးရန်၊
- ကပ်ရောဂါ တားဆီးကာကွယ်ရေး အဖြေရှာရာတွင် ထိရောက်သောမူဝါဒ အစီအမံများ ချမှတ်နိုင်ရန်အတွက် သုံးပွင့်ဆိုင် အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုမှတစ်ဆင့် ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း၊ ILO အနေဖြင့် ကပ်ရောဂါကာလအတွင်းနှင့် ကပ်ရောဂါ ကာလအလွန်တွင်လည်း အာဆီယံနှင့် လိုအပ်သလို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေနှင့် COVID–19 ကပ်ရောဂါကာလအတွင်းနှင့် ကပ်ရောဂါကာလအလွန်တွင် အလုပ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ မဆုံးရှုံးစေရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ရပ်တည်ရေး၊ လုပ်ငန်းအသစ်ရင်းနှီးမြှုပ်နှံမှု နယ်ပယ်အသစ်များတွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရေး၊ ငွေကြေးဆိုင်ရာ မူဝါဒ၊ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ၊ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို အချိန်အခါနှင့်ကိုက်ညီအောင် လိုအပ်သလို ပြုပြင်ထိန်းညှိဆောင်ရွက်၍ ပြည်သူသာအဓိကအဖြစ် လူသားဗဟိုပြုအစီအစဉ်၊ လူသားစွမ်းရည်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မည့်အစီအစဉ်၊ လုပ်ငန်းအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်၊ ကောင်းမွန်သော စဉ်ဆက်မပြတ်သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တို့ဖြင့် အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်ဆိုင်နီးကပ်စွာ ညှိနှိုင်းဆွေးနွေးအဖြေရှာသည့် လုပ်ငန်းစဉ်များ ပိုမိုရှင်သန် ခိုင်မာအားကောင်းလာစေသည့် လက်တွေ့ကျသည့် ဘက်ပေါင်းစုံဆောင်ရွက်မှု လုပ်ဆောင်မှုများဖြင့် COVID–19 ကပ်ရောဂါ အလွန်ကာလတွင် ပြန်လည်ရှင်သန်အောင်မြင်လာမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ပြည်သူသာအဓိကအဖြစ် လူသားဗဟိုပြုအစီအစဉ်၊ လူသားစွမ်းရည်တွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်မည့်အစီအစဉ်၊ လုပ်ငန်းအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်၊ ကောင်းမွန်သော စဉ်ဆက်မပြတ်သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်တို့ဖြင့် အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်ဆိုင် နီးကပ်စွာ ညှိနှိုင်းဆွေးနွေးအဖြေရှာသည့် လုပ်ငန်းစဉ်များ ပိုမိုရှင်သန်ခိုင်မာအားကောင်းလာစေသည့် လက်တွေ့ကျသည့် ဘက်ပေါင်းစုံဆောင်ရွက်မှု လုပ်ဆောင်မှုများဖြင့် COVID-19 ကပ်ရောဂါ အလွန်ကာလတွင် ပြန်လည်ရှင်သန်အောင်မြင်လာမည်ဖြစ်သည်ဟု ယုံကြည်။**

# မွန်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်းများအား ထောက်ပံ့

**မော်လမြိုင် မေ ၁၈**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်က မွန်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်း(အငြိမ်းစား)များအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စသည့်ရိက္ခာလေးမယ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၈ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ ရဲတပ်ဖွဲ့မှူးရုံးရှိ ရာမညဇာနည်ခန်းမ၌ ကျင်းပသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုမောင်က "ကိုဗစ်-၁၉ ရောဂါဖြစ်နေတဲ့အချိန်မှာ အလုပ်အကိုင်တွေခက်ခဲတယ်၊ သွားရေးလာရေးတွေခက်ခဲတယ်၊ အဲ့ဒီအတွက်ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနေ ရဲဝန်ထမ်းဟောင်းတွေကို ရိက္ခာလေးမျိုးနဲ့ ၁၆ ရက်စာကူညီပေးဖို့ ထောက်ပံ့တဲ့ပုံစံမျိုးဖြစ်ပါတယ်၊ ဒါတွေပေးရတဲ့ရည်ရွယ်ချက်ကလည်း မိမိတို့ စစ်သည်တွေစားတဲ့၊ သုံးတဲ့ရိက္ခာထဲကနေ၊ အရန်ထဲကနေ မျှပြီးတော့ပေးခြင်းဖြစ်ပါတယ်၊ စစ်မှုထမ်းဟောင်းတွေကို ပေးပြီးပြီ၊ အခုရဲဝန်ထမ်းဟောင်းတွေကို ထပ်ပြီးတော့ ထောက်ပံ့ပေးတာပါ" ဟု ရိက္ခာလေးမယ် ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲရိက္ခာလေးမျိုးကို တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦး၊ တပ်မတော်အရာရှိကြီး များနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က မွန်ပြည်နယ်အတွင်းရှိရဲဝန်ထမ်းဟောင်း(အငြိမ်းစား) ၁၅၅ ဦးတို့အား တစ်ဦး လျှင် ဆန် ငါးပြည် ခြောက်ဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သားနှင့် ကုလားပဲ ၄၈ ကျပ်သားတို့ကို ၁၆ ရက်စာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**






# ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲတို့ရှိ တပ်ဖွဲ့ဝင်များအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**တောင်ကြီး မေ ၁၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလအတွင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲတို့ရှိ တပ်ဖွဲ့ဝင်အင်အား ၃၀၀ အား မေ ၁၆ ရက် နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်ရဲတပ်ဖွဲ့ရုံး သင်္ဘြိုလ်သုခမ္မောရုံ၌ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲတို့ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား၊ ရဲမေနှင့် ရုံးဝန်ထမ်းများအား ဆန်၊ ဆီ၊ ဘဲဥ၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ဆပ်ပြာမှုန့်တို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိရဲတပ်ဖွဲ့များက လက်ခံရယူခဲ့ကြသည်။

ပထမအကြိမ်တွင် ရဲတပ်ဖွဲ့ဝင် ၃၀၂ ဦးအား တစ်ဦးလျှင် ဆန် (၈)ပြည်၊ အာလူး(၁)ပိဿာ၊ ကုလားပဲ(၁)ပိဿာ၊ ကြက်သွန်နီ(၁)ပိဿာ၊ ကြက်သွန်ဖြူ ၅၀ ကျပ်သားတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုဒုတိယအကြိမ်တွင် ရဲတပ်ဖွဲ့ဝင်များ အပြောင်းအရွှေ့ရှိသောကြောင့် ရဲတပ်ဖွဲ့အင်အား ၃၀၀ ကို တစ်ဦးလျှင် ဆန် (၈)ပြည်၊ ဆီ(၁)ဘူး၊ ကြက်သွန်နီ (၁)ပိဿာ၊ ဘဲဥ (၁၀) လုံး၊ ဆပ်ပြာမှုန့်(၁)ထုပ်၊ ခရမ်းချဉ်သီး(၁)ပိဿာတို့ကို ထောက်ပံ့ခဲ့ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးဦးစီးအရာရှိ ပထမတန်း ဒုတိယရဲမှူးကြီးဝင်းသိန်းက ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဘောလခဲတွင် ရဲဝန်ထမ်းဟောင်းများအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်

**ဘောလခဲ မေ ၁၈**

ကယားပြည်နယ် ဘောလခဲခရိုင်ရဲတပ်မှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ရဲဝန်ထမ်းဟောင်း ၁၁ ဦးတို့အား ဆန်၂ အိတ်နှင့် ၁၅ ပြည်၊ ဆီ သုံးပိဿာနှင့် ၅၂ ကျပ်သား၊ ဆား သုံးပိဿာနှင့် ရှစ်ကျပ်သား၊ ကုလားပဲ ၅၂၈ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ဘောလခဲခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီးစောမောရှည်က ဆီချက်ခေါက်ဆွဲတစ်ဖာစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ဆေးရုံမှ ဗိုလ်ကြီးခင်မောင်ထွေးနှင့် တပ်ဖွဲ့ဝင်များက ရဲမှုထမ်းဟောင်းများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ အရာရှိတပ်ဖွဲ့ဝင်များအား ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး ဘောလခဲခရိုင်ရဲတပ်ဖွဲ့မှူးရုံး အတွင်း/အပြင်တို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးရည်ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှရွှေ (ပြန်/ဆက်)**

# ကျေးရွာမီးလင်းရေး ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့

**ကျေးသီး မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာများ မီးလင်းရေးအသုံးပြုနိုင်ရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်သုံးဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျေးသီးမြို့နယ်အတွင်းရှိ ဝမ်ဟိုင်းကျေးရွာအုပ်စု နမ့်လင်၊ လမ်းခွဲနှင့် ပါချီကျေးရွာတို့တွင် မီးလင်းရေးအသုံးပြုနိုင်ရန်အတွက် အိမ်သုံးဆိုလာပြား ၁၂၀၊ ဘက်ထရီနှင့် ဆက်စပ်ပစ္စည်းများ၊ LED မီးလုံး ၂၄၀ နှင့် မီးချောင်း ၁၂၀ တို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးမြင့်ဝေ၊ မိုင်းကိုင်မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ဝမ်ဟိုင်းကျေးရွာအုပ်စုမှ ဦးစိုင်းလှိုင်းဟန်ခမ်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းမွမ်းဆိုင်(ပြန်/ဆက်)**

# ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား စစ်ဆေးပြီးပါက ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်

**မန္တလေး မေ ၁၈**

မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများအား စစ်ဆေးရေးအဖွဲ့က စစ်ဆေးပြီးပါက ပြန်လည်ဖွင့်လှစ်ခွင့်ပြုသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများသည် ဒုတိယဦးစားပေးတွင် ပါဝင်ကြောင်းသိရသည်။

ဖွင့်လှစ်လိုသော ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတင်ပြလာပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးသွားမည်ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးမင်းနိုင်က ပြောကြားသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် ကျန်းမာရေးဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ပါဝင်မည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ-မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ဒလမြို့နယ်၌ သောက်သုံးရေကန်ပေါင်း ၃၂၉ ကန်ရှိသည့်အနက် ၂၅၀ နီးပါးခန့် စံချိန်တင်ခန်းခြောက်မှုဖြစ်ပေါ်

**ရန်ကုန် မေ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ယခုနှစ် နွေရာသီကာလ အပူချိန်မြင့်မားမှုကြောင့် မြို့ပေါ်ရှိရပ်ကွက်များနှင့် ကျေးရွာများအပါအဝင် ရေကန်ပေါင်း ၃၂၉ ကန် ရှိသည့်အနက် သောက်သုံးရေကန်ပေါင်း ၂၅၀ နီးပါးခန့် စံချိန်တင်ရေခန်းခြောက်မှုဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဒလမြို့နယ်မှ သောက်သုံးရေကန်များခန်းခြောက်မှုအခြေအနေနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က " ရေကန်တွေက ရပ်ကွက်တွေနဲ့ ကျေးရွာတွေမှာ ရေကန်ပေါင်း ၃၀၀ ကျော်ရှိတယ်၊ ဒါပေမယ့် ၂၅၀ နီးပါးလောက်က ရေခန်းခြောက်သွားတယ်၊ ဒါကလည်း အပူချိန်မြင့်မားတာလည်းပါတယ်၊ မိုးရွာတာလည်းနောက်ကျတယ်၊ လူဦးရေလည်း တစ်နေ့ထက်တစ်နေ့ ပိုပိုများလာတယ်၊ ရေလိုအပ်ချက်ပမာဏကလည်း ပိုများလာတာဖြစ်ပါတယ် " ဟု ပြောကြားသည်။

လက်ရှိအချိန်တွင် ဒလမြို့ပေါ်ရှိရပ်ကွက် ၂၄ ရပ်ကွက်အတွက် ရေပိုက်လိုင်းစနစ်ဖြင့် စည်ပင်ရေသန့်ဌာနအနေဖြင့် ရေပေးဝေနိုင်မှုအတိုင်းအတာမှာ ၂၄ ရာခိုင်နှုန်းသာ ပေးဝေနိုင်ပြီး ၇၅ ရာခိုင်နှုန်းကို ပေးဝေနိုင်မှုမရှိကြောင်း၊ သောက်သုံးရေကန်များကိုသာ အဓိကအားထားသုံးစွဲနေရသည့်အတွက် ဧပြီ အကုန် မေလဆန်းမှစပြီး ရေလိုအပ်ချက်များလာမှုကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒလမြို့နယ် ရေပေးဝေရေးရုံးမှ သောက်သုံးရေများကို စည်ပင်ဌာနပိုင် ရေသယ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့၊ ဌာန ဆိုင်ရာများ၊ ပရဟိတအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့၊ တပ်မတော်ရေတပ်တို့က သောက်သုံးရေများကိုဖြန့်ကျက်ပေးဝေလျက်ရှိကြောင်း သိရသည်။

"ဒလမြို့ ရေရှားပါးမှုအခက်အခဲကို UN အဖွဲ့အစည်းကနေပြီး ရေရှားပါးတဲ့ မော်စက်ရပ်ကွက်မှာ ရေသန့်စက်ကို လာပြီးတည်ဆောက်ပေးထားတာရှိပါတယ်၊ တစ်ရက် ကို ၂၀ လီတာဘူး ၅၀၀ နဲ့ ၆၀၀ ကြားထုတ်ပေးနိုင်ပါတယ်၊ ဒါကတော့ ရပ်ကွက်တစ်ခုအတွက် တစ်ဖက်တစ်လမ်းကနေ ရေရှားပါးမှုကို ဖြေလျှော့ပံ့ပိုးပေးနေတဲ့ အနေအထားဖြစ်ပါတယ်၊ ဒလမြို့နယ် ၂၄ ရပ်ကွက်ရဲ့ ရေလို အပ်ချက် ကျန်နေတဲ့ ၇၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးဖို့ အတွက် ဂျပန်နိုင်ငံအစိုးရအကူအညီနဲ့ YCDC ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပူးပေါင်းပြီးတော့ တွံတေးမြို့နယ်အပိုင်း ဘုရားကြီးစုကျေးရွာနားက မြေ ၁၈ ဧကကျော်ကို ဝယ်ယူပြီး တွံတေးတူးမြောင်းက ရေကို သန့်စင်ပြီးတော့မှ ဒလမြို့နယ် ၂၄ ရပ်ကွက်ရဲ့ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့အတွက် စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်၊ ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတားကြီး တည်ဆောက်ပြီးစီးမယ့်အချိန် ခန့်မှန်းခြေအနေနဲ့ လာမယ့် ၂၀၂၂ ဇူလိုင်လမှာ ရပ်ကွက် ၂၄ ရပ်ကွက်ရဲ့ ကျန်နေတဲ့ ၇၅ ရာခိုင်နှုန်းကို သောက်သုံးရေဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါရေသန့်စင်စက်ရုံကို တွံတေးတူးမြောင်း ရေမိုင် ၅ ဒသမ ၅ မိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာအုပ်စု၊ ဘုရားကြီးစုကျေးရွာအနီးရှိ တူးမြောင်းဘေးတွင် တည်ဆောက်လျက်ရှိပြီး ရေသန့်စင်မှုအတွက် Raw Water ကို တွံတေးတူးမြောင်းမှ ရယူသွားမည်ဖြစ်သည်။ ရေသန့်စင်စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားအနေဖြင့် ဒလမြို့နယ် ရေပေးဝေရေးစနစ်သို့ သောက်သုံးရေ ၃ဒသမ ၃ သန်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ယခုအခါ ရေပိုက်လိုင်းဆက်သွယ်ခြင်းနှင့် မြေအောက်သွင်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒလမြို့နယ် ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေပေးဝေရေးရုံးအနေဖြင့် ဧပြီ ၁ ရက်မှ စတင်ပြီး မေ ၅ ရက်အထိ သောက်သုံးရေရှားပါးသော ရပ်ကွက်များနှင့် ကျေးရွာများသို့ ရေဂါလန်စုစုပေါင်း ၅၄၇၂၀၀၊ မေ ၆ ရက်မှ ၁၇ ရက်အထိ ရေဂါလန်စုစုပေါင်း ၇၆၄၄၀၀ စုစုပေါင်းရေဂါလန် ၁၃၁၁၆၀၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးတိုးတိုးအောင်ထံမှ သိရသည်။

**နိုင်လင်းကျော် (ဒလ)**



## ကန့်သတ်စောင့်ကြည့်စခန်းများတွင် ကူညီဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်

**ဟားခါး မေ ၁၈**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ကန့်သတ်စောင့်ကြည့်စခန်းဝင်ရောက်နေသည့် လူနာများအား ပိုမိုအဆင်ပြေစွာ ကူညီဆောင်ရွက်နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ပထမအကြိမ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် ပြည်နယ်အဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအောင်ငွေစံက လူနာများအား ကျန်းမာရေးနှင့် စိတ်ဓာတ်အားပေးမှုနည်းစနစ်များကိုလည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးမင်းညွန့်က သင်တန်းနှင့်ပတ်သက်၍ သင်ကြားပို့ချမည့် သင်ခန်းစာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းတွင် စိတ်/လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်းနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုအကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၊ သက်ကြီးရွယ်အိုနှင့် နာတာရှည်ရောဂါများစောင့်ရှောက်မှု၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်ပြုစုစောင့်ရှောက်မှုနှင့် ပိုးသတ်ဆေးအသုံးပြုခြင်း၊ လက်ဆေးခြင်း၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝတ်နည်း စသည့်ခေါင်းစဉ်ကြီးခြောက်ခုကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သင်တန်းနည်းပြဆရာခြောက်ဦးက သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဟားခါးမြို့ပေါ်မှ စေတနာ့ဝန်ထမ်း သင်တန်းသား ၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ် ပြည်နယ်အဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က ကြီးမှူး၍ ကန့်သတ်စောင့်ကြည့်စခန်းများတွင် ကူညီဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို ချင်းပြည်နယ် ဟားခါးမြို့၌ ပထမအကြိမ် စတင်ဖွင့်လှစ်သင်ကြားပေးပြီး ဆက်လက်၍ ချင်းပြည်နယ်အတွင်းကျန်ရှိသည့်မြို့များတွင် ဆက်လက်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ခိုရှိန်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းဖွင့်

**မန္တလေး မေ ၁၈**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စေတနာ့ဝန်ထမ်းဆင့်ပွားသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်ခန်းမတွင် ဖွင့်လှစ်ပို့ချသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဥမ္မာအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ သင်တန်းနည်းပြများက စေတနာ့ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ပုသိမ်ကြီးမြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စေတနာ့ဝန်ထမ်းတွင် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တစ်ကြိမ်လျှင် အယောက် ၅၀ ဖြင့် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



## စေတနာ့ဝန်ထမ်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ဆွေးနွေး

**နောင်တရား မေ ၁၈**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် နောင်တရားမြို့ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်စုများမှ စေတနာ့ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ယနေ့ နံနက် ၉ နာရီခွဲက ဆွေးနွေးကြသည်။

နောင်တရားမြို့အုပ်ချုပ်ရေးမှူးက အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းများအား ပညာရေးဌာနသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းနိုင်ရေး၊ လူတိုင်းကိုယ်စီ နေအိမ်ပြင်ပသို့ထွက်ရှိပါက နှာခေါင်းစည်းများတပ်ဆင်ရေးတို့ကို ပြောကြားသည်။

နောင်တရားမြို့တိုက်နယ်ဆေးရုံမှ ဒေါက်တာငြိမ်းငြိမ်းအိက ပြည်တွင်းပြည်ပမှ ထပ်မံဝင်ရောက်လာမည့်သူများအား ကန့်သတ်စောင့်ကြည့်စခန်းများတွင် ထားရှိနိုင်ရေးဆောင်ရွက်မည့်အခြေအနေများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာနေထိုင်ရေး၊ နေအိမ်ပြင်ပသို့ ထွက်ပါက စနစ်တကျ နှာခေါင်းစည်းများတပ်ဆင်ရေး၊ နှာခေါင်းစည်းများရရှိနိုင် မည့်နည်းလမ်းများကို ချပြဆွေးနွေးပြီး ကျန်းမာရေးမှူးဦးနေမျိုးက ကာကွယ်ဆေးထိုးနှံမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ဆက်လက်၍ စေတနာ့ဝန်ထမ်းများက ကျေးရွာများ၌ လက်ရှိဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**



## သဘာဝဘေးအန္တရာယ်များကျရောက်ပါက ကူညီကယ်ဆယ်နိုင်ရေး အသင့်စုဖွဲ့ထား

**ပွင့်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များကျရောက်လာပါကပြည်သူများ၏အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ ရှာဖွေကူညီကယ်ဆယ်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကြိုတင်လေ့ကျင့်ဆောင်ရွက်ထားရှိကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကိုလည်း အသင့်စုဖွဲ့ထားရှိကြောင်းအဆိုပါမြို့နယ်မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။

ထိုသို့ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက ပြည်သူ့အကျိုးပြုရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဖြေရှင်းဆောင်ရွက်သွားနိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများဖြင့် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သီဟ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက (ရေဘေး၊ လေဘေး၊ မီးဘေး၊ ငလျင်ဘေး) အစရှိသည့် သဘာဝ ဘေးအန္တရာယ်များနှင့်ပတ်သက်သည့် ရှာဖွေကူညီကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်တွေ ကျရောက်လာပါက ပြည်သူတွေ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး အချိန်နဲ့တစ်ပြေးညီ ရှာဖွေကူညီကယ်ဆယ်နိုင်ရေးအတွက် ခေတ်မီစက်ကိရိယာတွေနဲ့ တပ်ဖွဲ့ဝင်တွေ စဉ်ဆက်မပြတ်လေ့ကျင့်နေတာဖြစ်ပါတယ်။ ရှာဖွေကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေကိုလည်း အသင့်စုဖွဲ့ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မီးသတ်ဦးစီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်အပြင် ပြည်သူတွေ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးလုံခြုံရေးလုပ်ငန်းတွေ ကြပ်မတ်ကွင်းဆင်းစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး နေ့စဉ် အသံချဲ့စက်နဲ့ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်” ဟု ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သီဟက ပြောကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးလတာကာလအတွင်း မီးဘေး ၁၂၁ ကြိမ်ဖြစ်ပွား

**မုံရွာ မေ ၁၈**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဧပြီလအကုန်အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ကိုးခုတွင် မီးဘေး ၁၂၁ ကြိမ်ဖြစ်ပွားခဲ့ရာ ငွေကျပ် ၅၈၇ ဒသမ ၉၄ သန်းတန်ဖိုးရှိ လူနေအိမ် ၁၇၁ လုံး ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

“မီးလောင်မှုအခြေအနေကိုကြည့်မယ်ဆိုရင် လူ့ပယောဂကြောင့်ဖြစ်ပွားတဲ့အကြိမ်ရေက အများဆုံးဖြစ်နေတယ်၊ အခုလို ပူပြင်းတဲ့အချိန်မှာ မီးကို ဂရုတစိုက်သုံးစွဲဖို့ လိုတယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေက ဘယ်လောက်ပဲသတိပေးပေးမယ့် သတိမမူကြရင် အခုလိုပဲ ဖြစ်နေကြဦးမှာဖြစ်ပါတယ်၊ ဒါကြောင့် တစ်ဦးချင်းစီက မီးကိုသတိပြုကြဖို့ ထပ်ပြီးသတိပေးချင်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က ပြောသည်။

မီးဘေး ၁၂၁ ကြိမ်တွင် မီးဖိုမီး ၂၇ ကြိမ်၊ ပေါ့ဆမီး ၂၉ ကြိမ်၊ အလိုအလျောက်မီး လေးကြိမ်၊ လျှပ်စစ်မီး ၂၂ ကြိမ်၊ ရှို့မီး ၂၃ ကြိမ်၊ တောမီး ၁၅ ကြိမ်၊ မိုးကြိုးမီးတစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ပြည်သူများလက်ဝယ်အရောက် နှာခေါင်းစည်းများဖြန့်ဝေ

**ရန်ကုန်**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် ဒေါပုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကချုပ်လုပ်ထားသော အဝတ်နှာခေါင်းစည်းများကို ကြည်စုရပ်ကွက်၊ သဘော်ာကျင်းရပ်ကွက်၊ နွယ်အေးရပ်ကွက်ရှိ (KK) ဆားစက်ဝင်းနှင့် ယမုံနာ(၂) ရပ်ကွက်တို့တွင် ပြည်သူများ၏အိမ်အရောက် ဖြန့်ဝေခြင်းကို မေ ၁၇ ရက်က ပေးဝေခဲ့သည်။

ယင်းသို့ဖြန့်ဝေရာတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်စုဝင်းနှင့် အဖွဲ့ဝင်တို့ပူးပေါင်း၍ အဝတ်နှာခေါင်းစည်းအခု ၁၅၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သဲစုစုလွင်(ပြန်/ဆက်)**

**ဖောင်းပြင်**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအနေဖြင့် လျှော်ဖွပ်အသုံးပြုနိုင်သည့် အဝတ်နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးခြင်းကို မေ ၁၈ ရက်က စည်ပင်သာယာဈေးနှင့် ယာယီပျံကျဈေးအနီးတို့၌ ပြုလုပ်ခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းမွေးမွေးခင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လူအများဝင်ထွက်သွားလာမှုအများဆုံးနေရာဖြစ်သည့် စည်ပင်သာယာဈေးနှင့် ယာယီပျံကျဈေးတို့အနီးတွင် နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်အသုံးပြုပုံများကို ကိုယ်တိုင်တပ်ဆင်ပြသပေးခြင်းနှင့် နောက်နောင်မဖြစ်မနေအပြင်ထွက်သွားလာရာတွင် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ပြီးမှသွားလာကြရန် အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းအခု ၃၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုထွန်း(ဖောင်းပြင်)**

## အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ရန် အသိပညာပေး

**အမာ**

ဧရာဝတီတိုင်းဒေသကြီး အမာမြို့၌ မေ ၁၈ ရက် နံနက်ပိုင်းမှစတင်ကာ ယာယီဈေးအတွင်းနှင့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ကွင်းဆင်း၍ အိမ်အပြင်ထွက်သူတိုင်း နှာခေါင်းစည်းများတပ်ကြရန် အသိပညာပေးခဲ့သည်။

မေ ၂၀ ရက်အထိ ပညာပေးကာလသတ်မှတ်ထားပြီး ပညာပေးကာလအတွင်း နှာခေါင်းစည်းမတပ်ဆင်ထားသူများအား အခမဲ့ပေး၍ တပ်ဆင်စေခဲ့သည်။

အသိပညာပေးလုပ်ငန်းများကို အမာမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ၊ လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်းများ၊ အမာမူကြိုကျောင်းဆရာမများနှင့် ဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မေ ၂၁ ရက်မှစတင်၍ နေအိမ်ပြင်ပသို့သွားလာနေချိန် နှာခေါင်းစည်းမတပ်သူများအား စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နှာခေါင်းစည်းသုံးခု ကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းပေးပြီး ခုဝယ်၊ ခုတပ်အစီအစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

**ရန်ကုန်**

ပန်းဘဲတန်းမြို့နယ်တွင် နေအိမ်ပြင်ပထွက်ခွာသွားလာနေသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး လိုက်နာမှုရှိ-မရှိ တာဝန်ရှိသူများက လိုက်လံစိစစ်ကြပ်မတ်ခြင်းကို မေ ၁၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက နေအိမ်ပြင်ပထွက်ခွာသွားလာနေသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်း စည်းများ မဖြစ်မနေ စနစ်တကျတပ်ဆင်ကာသွားလာကြရန် စစ်ဆေးကြပ်မတ်ပြီး လိုက်နာမှုမရှိသူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ဆက်လက်စိစစ် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေခြည်(ပြန်/ဆက်)**

**မော်လမြိုင်ကျွန်း**

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းများတပ်ဆင်ရန် အသိပညာပေးခြင်းလုပ်ငန်းများကို မေ ၁၈ ရက်က မြို့နယ်အတွင်း လူစည်ကားရာနေရာများတွင် လှုံ့ဆော်ရေးယာဉ်များဖြင့် နှိုးဆော်အသိပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်သူများအနေနှင့် နေအိမ်မှ ပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကြရန်အတွက် အသိပညာပေးလုပ်ငန်းများကို ယနေ့မှစ၍ မေ ၂၀ ရက်နေ့ထိ ပညာပေးကာလအဖြစ် စည်းရုံးလှုံ့ဆော်သွားမည်ဖြစ်ပြီး မေ ၂၁ ရက်မှစတင်၍ နှာခေါင်းစည်းတပ်ဆင်သွားလာခြင်းမရှိပါက နှာခေါင်းစည်းသုံးခုကို ကျပ် ၃၀၀၀နှုန်းဖြင့် အခုဝယ်၊ အခုတပ်အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျေးရွာများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်အောင်(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ နှာခေါင်းစည်းအခု ၁၀၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းအခု ၁၀၀၀၀ လှူဒါန်းခြင်းကို မေ ၁၇ ရက် နံနက် ၁၀ နာရီက အင်းစိန်(GTI)ကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ကျင်းပသည်။

တရုတ်နိုင်ငံ ဖန်းဟွာဂရု(ပ်)ကုမ္ပဏီ (China Panhua Group Co.,Ltd) မှ MD ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက နှာခေါင်းစည်းအခု ၁၀၀၀၀ကို လာရောက် လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**




## နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**စစ်ကိုင်း မေ ၁၈**

စစ်ကိုင်းခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ မေ ၁၈ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မြို့မဈေးကြီးအနီး လမ်းဆုံတွင် ပြင်ပထွက်ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ တပ်ဆင်ပေးခဲ့ကြသည်။"နေ့စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းက ပြောသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အမှတ် (၁၀) ရပ်ကွက်ရှိ ၂၉ ဒသမ ၅၅ ဧက အကျယ်ရှိပြီး ပေါင်အမြင့် ၁၂ ပေ၊ ပေါင်အကျယ် ၁၅ ပေ ၊ အောက်ခြေ ၄၅ ပေရှိ သောက်သုံးရေကန်ကြီးအား ဦးမောင်ကျေး - ဒေါ်ချိုချိုပြုံး မိသားစု (National Infrastructure Holding Co., Ltd) ၏ လှူဒါန်းမှုဖြင့် ပြုပြင်တူးဖော်ပြီးစီး၍ မြို့နယ်သို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို မေ ၁၇ ရက်က ခရမ်းမြို့နယ် အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် ဦးမောင်ကျေး - ဒေါ်ချိုချိုပြုံးတို့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်းနှင့် စည်ပင်အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြစဉ်။

သတင်းစဉ်

## ရော်ဘာစိုက်ခင်းများ ပိုးမွှားရောဂါမကျရောက်စေရေး ကွင်းဆင်းစစ်ဆေး

**ကသာ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်နှင့် မြို့နယ်သီးနှံကာကွယ်ရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကသာမြို့နယ် မြို့မ KC မိဿလင်းကျေးရွာအတွင်းရှိ ရော်ဘာစိုက်ခင်းများသို့ Pestalotiopsis spp မှိုရောဂါကြောင့် ဖြစ်ပွားသည့် ရော်ဘာရွက်ကြွေရောဂါနှင့် အခြားသော ပိုးမွှားရောဂါ မကျရောက်စေရေးအတွက် ကြိုတင်ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ၎င်းမှိုရောဂါသည် ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်တွေ့ရှိခဲ့ပြီး ထိုင်း၊ မလေးရှား၊ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ပျံ့နှံ့ကျရောက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ကသာမြို့နယ်အတွင်း ရော်ဘာစိုက်ခင်းများသို့ကူးစက်ခြင်းမှ ကာကွယ်နိုင်ရန်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးချက်အရ မှိုရောဂါလက္ခဏာများ ကျရောက်ခြင်း လုံးဝမရှိပါကြောင်း ခရိုင်နှင့် မြို့နယ်သီးနှံကာကွယ်ရေးဌာနမှ လက်ထောက်ဦးစီးမှူး ဦးသက်နိုင်မြင့်နှင့် လက်ထောက်ဦးစီးမှူး ဒေါ်မိုရင်းဆိုင်းရာတို့က ပြောသည်။ **အေးမြသက်ထား**



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သောက်သုံးရေနှင့် နှာခေါင်းစည်းများ သွားရောက်လှူဒါန်း

**မြို့သစ် မေ ၁၈**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို သည် အောင်မြေရတနာရေအလှူတော်အဖွဲ့နှင့်အတူ သောက်သုံးရေများ ရှားပါးပြတ်လပ်မှုများကြုံတွေ့နေရသည့် မြို့သစ်မြို့နယ် မင်းကံကြီးတဲတိုက်သို့ မေ ၁၆ ရက် နံနက်ပိုင်းက သောက်သုံးရေနှင့် နှာခေါင်းစည်းများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အောင်မြေရတနာပရဟိတရေလှူအဖွဲ့မှ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် စုစုပေါင်းရေဂါလန် ၆၀၀၀ ကို မင်းကံကြီးတဲတိုက်နေ ပြည်သူများထံသို့ သွားရောက်၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ မင်းကံကြီးတဲတိုက်တွင် အိမ်ခြေ ၄၂ အိမ်၊ အိမ်ထောင်စု ၄၂ စု လူဦးရေ စုစုပေါင်း ၁၆၀ နေထိုင်ကာ နွေရာသီအချိန်ကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုကို နှစ်စဉ်ကြုံတွေ့ရကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## စီမံကိန်းလုပ်ငန်းများ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား

**ပဲခူး မေ ၁၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲက စီမံကိန်းကော်မရှင်အစည်းအဝေး ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ မြန်မြန်ဆန်ဆန်ပြီးစီးအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ စီမံကိန်းများသည် ဘဏ္ဍာနှစ်တစ်ခုတွင် တိုင်းဒေသကြီးတစ်ခု၏ ပြယုဂ်တစ်ခုဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် အဂတိကင်းစွာ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်မောင်က ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းများနှင့် လုပ်ငန်းစဉ်အသေးစိတ်အား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်



(အောက်တိုဘာလမှ စက်တင်ဘာလအထိ) စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်အဖြစ် ဆောက်လုပ်ရေး၊ စက်ပစ္စည်းနှင့် အခြားအသုံးစရိတ်ကျပ် ၃၉၃ ဒသမ ၇၂၁ ဘီလီယံ ခွင့်ပြုခဲ့ရာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအဖြစ် ဗဟိုအဖွဲ့အစည်းမှ ရွေးကောက်ပွဲကော်မရှင်ရုံး၊ တရားလွှတ်တော်ရုံး၊ တပ်ဖွဲ့များ၊ လုပ်ငန်းနှင့် ဦးစီးဌာနအပါအဝင် ၄၅ ဌာနအတွက် ကျပ် ၂၇၆ ဒသမ ၉၄၀ ဘီလီယံဖြင့် လုပ်ငန်း ၉၆၀၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဗဟိုအဖွဲ့အစည်းမှ တိုင်းဒေသကြီးလွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ အပါအဝင် ၂၆ ဌာနအတွက် ကျပ် ၁၁၆ ဒသမ ၇၈၁ ဘီလီယံဖြင့် လုပ်ငန်း ၃၁၃၁ ခု ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြို့နယ်အသီးသီးတွင် ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းအစီအစဉ် စတင်ဆောင်ရွက်

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဆေးရုံအခြေပြုကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို မေ ၁၈ ရက် နံနက်မှစတင်၍ အင်းတော်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့ကြသည်။

ကာကွယ်ဆေးထိုးလုပ်ငန်းများကို မေ ၁၈ ရက်မှစတင်ပြီး ဆေးရုံအခြေပြု၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဇွန် ၁ ရက်မှစတင်ကာ စုရပ်အခြေပြု ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်းတော်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာပြင်ဆင်၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အစီအစဉ်များပြုလုပ်ကာ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အင်းတော်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြကုဋေက ပြောကြားသည်။

အဆိုပါကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကျော်သီဟ**



**ပုသိမ်**

ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ပုသိမ်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မေ ၁၈ ရက် နံနက်တွင် စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးရန်အတွက် တစ်ရက်လျှင်အနည်းဆုံး အယောက် ၅၀ သာ ထိုးနှံပေးမည်ဖြစ်ပြီး မိဘများအနေဖြင့် ကြိုတင်ဖုန်းဆက်စာရင်းပေးသွင်းထားရန်လိုအပ်ကြောင်း ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ် (ပင်းတယမီးအိမ်ရှင်) က ပြောကြားသည်။

ယနေ့ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီးနှင့်တကွ ဆရာဝန်များစုပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဟန် (ပြန်/ဆက်)**



**ဖားကုန်း**

ပဲခူးတိုင်းဒေသကြီး ဖားကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအခြေပြု ပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းဖြစ်သော မွေးကင်းစမှ ၁၈ လ အထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ကာကွယ်ဆေးထိုးခြင်းကို မေ ၁၈ ရက် နံနက်က စတင်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူစုလူဝေးမဖြစ်စေရေးအတွက် မေ ၁၈ ရက်တွင် အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်ကိုလည်းကောင်း၊ မေ ၁၉ ရက်တွင် အမှတ်(၄)ရပ်ကွက်ကိုလည်းကောင်း၊ မေ ၂၀ ရက်တွင် အမှတ်(၁)နှင့် အမှတ်(၃) ရပ်ကွက်ကိုလည်းကောင်း၊ မေ ၂၁ ရက်တွင် အမှတ်(၁)ရပ်ကွက်ကိုလည်းကောင်း၊ မေ ၂၂ ရက်တွင် ယခင်ရက်များက ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာအုပ်စုများကိုလည်း မေ ၂၅ ရက်မှ ၂၉ ရက်အထိ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ဘေးအန္တရာယ်ကင်းစွာ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးပေးနိုင်ရန်အတွက် မိဘအုပ်ထိန်းသူများအနေဖြင့် လမ်းညွှန်ချက်များကို တိကျစွာလိုက်နာရန် အသိပေးထားကြောင်း မြို့နယ်ပြည်သူ့ဆေးရုံတာဝန်ရှိသူထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ရမည်းသင်း**

မွေးစမှ အသက် ၁၀ နှစ်အထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းအစီအစဉ် စတင်ဆောင်ရွက်ခြင်းကို မေ ၁၈ ရက် နံနက်က ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သံဃာဆောင်၌ ပြုလုပ်သည်။

ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာနမှူး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအိအိခင်က ကာကွယ်ဆေးထိုးနှံသည့်နေရာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေရာချထားခြင်း၊ တစ်နာရီ ကလေး ၁၂ ယောက်နှုန်း၊ တစ်ရက်လျှင် ကလေး ၅၀ ကို နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိတစ်ကြိမ် ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မေ ၁၈ ရက်မှ ၂၂ ရက်နေ့ထိလည်းကောင်း၊ မေ ၂၅ ရက်မှ ၂၉ ရက်ထိလည်းကောင်း ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရမည်းသင်းမြို့နယ်အတွင်း ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ရပ်ကွက်နှင့် ကျေးရွာများရှိ စေတနာ့ဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးတို့က အသိပညာပေးနှိုးဆော်ကာ စာရင်းများကောက်ယူပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်စုရပ်သို့ စနစ်တကျပို့ဆောင်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရွှေစည်းခုံရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ဇော်ဝင်းအောင် (ပြန်/ဆက်)**

**မင်းတပ်**

ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်ပြည်သူ့ကျန်းမာရေးရုံး၌ မေ ၁၈ ရက် နံနက်ပိုင်းက အသက်နှစ်လမှ တစ်နှစ်ခွဲအတွင်း ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

မင်းတပ်မြို့ပေါ် ရပ်ကွက်လေးရပ်ကွက်ရှိ ကလေးငယ်များ ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်စေရန် ရည်ရွယ်၍ မေ ၁၈ ရက်မှ ၂၉ ရက်အထိပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် မတ်လနှင့် ဧပြီလအတွင်း၌ ထိုးနှံပေးရန် လျာထားသော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်မည့်အစီအစဉ် ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း၊ မင်းတပ်မြို့နယ်ကျေးရွာများ၌လည်း သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများမှ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ရှိကြောင်း ခရိုင်ပြည်သူ့ကုသ/ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဝင်းနိုင်ထံမှ သိရသည်။

**ခွီရှိန်းမောင်(ပြန်/ဆက်)**



# လ ကဆုန်ရေခန်းလို့ ရွာလယ်ကရေတွင်းဆယ်၊ ဘေးကင်းဖို့ ရှယ်

## သိန်းထွန်းဦး(စက်မှုတက္ကသိုလ်)

ကျွန်တော်တို့ သက်ရှိလောကကြီးတွင် **"ရေ"** သည် မရှိမဖြစ်ပင် အရေးကြီးပါကြောင်း စာဖွဲ့ရန်ပင်လိုမည်မထင်၊ အားလုံးအသိပင်ဖြစ်၏။ အနီ ရေတစ်ပေါက်အတွက် အသက်ပေါင်းများစွာ သေကျေပျက်စီးခဲ့ကြသလို အသက်ပေါင်း မြောက်မြားစွာကို ရှင်သန်ခဲ့ကြရသည့် သာဓကများလည်း အများအပြားပင် ရှိနေတော့သည်။ ထို့အတွက်ကြောင့် လူတိုင်း ရေကို လုံလုံလောက်လောက် ရရှိလိုကြသည်။ ဤတွင် **"ရေကြည်ရာ မြက်နုရာ"** ဆိုရိုးအတိုင်း ရေအရင်းအမြစ်ရှိရာ မြစ်ချောင်းများကို တည်မှီလျက် မြို့ပြများ တည်ဆောက်နေထိုင်ခဲ့ကြသည် မဟုတ်ပါလော။

**နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရ**

ကျွန်ုပ်တို့ မွေးဖွားရှင်သန်နေထိုင်လျက်ရှိသော နိုင်ငံသည် နွေရာသီရောက်လေတိုင်း ရာသီဥတု၏ အပူဒဏ်ကြောင့် မြို့နယ်များရှိ ရပ်ကွက်များသာမက မြို့ပြနှင့်ဝေးသော အရပ်ဒေသအများစုတွင် သောက်သုံးရေရှားပါးမှုပြဿနာကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည်မှာ အားလုံးအသိပင် ဖြစ်ပေမည်။ မည်မျှပင် မြစ်နားချောင်းနားတွင် မြို့ရွာတည်စေဦးတော့ နွေရာသီ၏ ရေခန်းချိန်တွင် **"ကမ်းနီး ရေဝေး"** ဆိုသည့် စကားအတိုင်း သောက်သုံးရေရှားပါးသည်မှာ တစ်နှစ်ထက်တစ်နှစ် ပြဿနာ ပိုမိုကြီးထွားလာသကဲ့သို့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် အပူချိန် ပိုမိုမြင့်တက်လာခြင်းကြောင့်လည်း ရေရှားပါးမှုဒဏ်ကို ထိခိုက်ခံစားရသော ကျေးရွာ/ရပ်ကွက် အရေအတွက်လည်း တိုးပွားလာခဲ့သည်။

အထူးသဖြင့် ကျေးလက်နေ ပြည်သူလူထုအတွင်း စက်ရေတွင်းများ လုံလုံလောက်လောက် တူးဖော်နိုင်ခြင်းမရှိသည်ဖြစ်ရာ ကျေးလက်နေပြည်သူများအနေဖြင့် ရှေးရိုးအစဉ်အလာမပျက် လက်ရေတွင်းများဖြင့် ရပ်ရွာ၏ လိုအပ်ချက်ကိုဖြည့်တင်း အသုံးပြုနေကြရသည်မှာ ယနေ့ထက်တိုင် ဖြစ်ပေသည်။ အချို့သော ရပ်ရွာများ၌ ရေအောင်သော တစ်နည်းအားဖြင့် ရေထွက်အားကောင်းသော ရေတွင်းတစ်တွင်းတည်းကို အားကိုးအားထားပြု၍ မိသားစုများက အလှည့်ကျစနစ်ဖြင့် ရေခပ်လျက် ဝါးမောင်းတံ၊ ရေငင်ကြိုးများဖြင့် ရေပုံးတပ်ဆင် ခပ်ယူအသုံးပြုနေကြဆဲဖြစ်သည်။

**ရေထွက်အားနှင့် ရေခပ်အား မမျှမတ**

ကျွန်တော်တို့နိုင်ငံတွင် နှစ်စဉ် တပေါင်း၊ တန်ခူး၊ ကဆုန်လ (မတ်၊ ဧပြီ၊ မေလ)တို့ ရောက်လေတိုင်း ကျေးရွာ/ ရပ်ကွက်များအတွင်း စုပေါင်းအသုံးပြုသော လက်ရေတွင်းများမှာ ရေထွက်အားနှင့် ရေခပ်အား မမျှမတ ဖြစ်ကြရပါသည်။ ထို့ကြောင့်ပင် တပေါင်း၊ တန်ခူးလသည် တစ်နှစ်တာကာလ၏ ရေအဆုတ်ဆုံးအချိန်(ရေခန်းချိန်) ရောက်ပြီဖြစ်၍ အဆိုပါ အတောင် ၂၀၊ ၃၀ အနက်ရှိ ရေတွင်းအား လူငယ်လူရွယ်အများစုက ရေပိုမိုထွက်ရှိစေရန်အတွက် ရေတွင်းဆယ်ခြင်းနှင့် အမှိုက်သရိုက်၊ ရေညှိ/ရေမှော်များသန့်ရှင်းရေး(တွင်းချေးဆယ်ခြင်း)လုပ်ငန်းအား စုပေါင်းဆောင်ရွက်ကြသည်မှာ မြန်မာ့ကျေးလက်၏ ထုံးတမ်းသဖွယ် ကာလအတန်ကြာကပင် ဖြစ်တည်လာခဲ့ရသည် ဖြစ်ပေရာ လူမှုအဖွဲ့အစည်းအတွင်း ယဉ်ကျေးမှု ဓလေ့စရိုက်တစ်ခုအဖြစ် ဖြစ်တည်လာခဲ့ရသည်။

သို့ကြောင့်ပင် ကျေးလက်ဒေသ၌ "ယောက်ဖတို့ရေ ရွာလယ်က ရေတွင်းကြီး ဖော်လိုက်ရအောင်... ဟေ့၊ ပြီးရင်တော့ ကြက်သားနဲ့ ဘူးသီးလေးရောပြီး ကာလသားချက်နဲ့ အောင်ပွဲခံကြစို့"ဆိုသည့် ဆော်ဩသည့် စကားသံနှင့်အတူ ကျေးရွာအုပ်စု/ရပ်ကွက်အတွင်းရှိ ရေတွင်းများအား လူကြီး၊ လူငယ်များ စုပေါင်းဆယ်ယူကြသည့် ချစ်စဖွယ် ဓလေ့ထုံးစံများ၏ နောက်ကွယ်တွင် ကြေကွဲဖွယ်ရာ ဇာတ်လမ်းအများအပြား ဖြစ်ပေါ်ခဲ့သည်ကို သတိချပ်မိနိုင်စေရန်အလို့ငှာ ဤဆောင်းပါးကို ရေးသားရခြင်းလည်းဖြစ်သည်။

**နောက်ဆက်တွဲပြဿနာ**

တကယ်စင်စစ် မြန်မာနိုင်ငံတွင် နေပူချိန်မြင့်တက်ခြင်းနှင့် ရေခန်းခြောက်မှုတို့ကြောင့် ရေတွင်းဆယ်ရာမှ နောက်ဆက်တွဲပြဿနာအဖြစ် ကျေးရွာ၊ ရပ်ကွက်နေ ပြည်သူအချို့ နှစ်စဉ် တန်ဖိုးရှိလှသော အသက်များစွာဆုံးရှုံးနေရ၏။ လွန်ခဲ့သော ၃ နှစ်တာကာလကို ပြန်လည်သုံးသပ် လေ့လာကြည့်မည်ဆိုပါက မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၀၁၇ ခုနှစ်အတွင်း ရေတွင်းဆယ်ခြင်းဆောင်ရွက်ခဲ့ရာတွင် ရေတွင်းထဲသို့ ပြုတ်ကျခြင်းနှင့် အသက်ရှူကြပ်ခြင်းများကြောင့် သေဆုံးသူ ၁၈ ဦးဖြစ်ခဲ့ပြီး အလားတူ ၂၀၁၈ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် လူ ၂၀ တို့၏ အသက်များဆုံးရှုံးခဲ့ရသည်ကို မီးသတ်ဦးစီးဌာန၏ ရှာဖွေကယ်ဆယ်ရေးမှတ်တမ်းများအရ သိရသည်။

ယခုနှစ် ၂၀၂၀ ပြည့်နှစ် မေလ ၉ ရက်နေ့တွင်လည်း ရှမ်းပြည်နယ် လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာတွင် အကျယ် လေးပေ၊ အနက်ပေ ၅၀ ခန့်ရှိသော ရေတွင်းဟောင်းတစ်ခုအား ပြန်လည်တူးဖော်ရာမှ ရေတွင်းထဲ၌ လူ ငါးဦး အောက်စီဂျင်ပြတ်တောက်၍ အသက်ရှူမဝဖြစ်ပြီး သတိလစ်နေခြင်းအား မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ကယ်ဆယ်ခဲ့သော်လည်း နှစ်ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး သုံးဦး သေဆုံးခဲ့ရသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ရသည်မှာ ရင်နင့်ဖွယ်ပင် ဖြစ်ပေတော့သည်။

**ရွှေကို မလို ရေကိုလိုသည်**

မိုးခေါင်ရေရှား အညာဒေသများ၌ **"ရွှေကို မလို ရေကိုလိုသည်"**ဆိုသည့် စကားသည် အသက်ရှင်ရေးအတွက် ရေသည် မည်မျှလိုအပ်ကြောင်း ရှင်းပြစရာပင်မလိုအောင် ပြည့်စုံထိမိပြီး ရင်တွင်းမှလာသော စကားရပ်လေးပင် ဖြစ်မည်။ သို့ဖြစ်ရာ ရေရရှိရေးအတွက် ရေတွင်းဆယ်ခြင်းမှာ မဆန်းပါလေ။ သို့သော် ထိုသို့ရေတွင်းဆယ်ခြင်းကြောင့် အသက်ဆုံးရှုံးရသည့်ဖြစ်စဉ်များကတော့ တစ်နိုင်ငံလုံးရှိ အများပြည်သူအကြားတွင် အမှုမဲ့အမှတ်မဲ့ပင်ဖြစ်၏။ သတိထားမိမှသာ သိရှိနိုင်၏။ နိုင်ငံတစ်ဝန်း၌ နွေရာသီ သောက်သုံးရေရှားပါးချိန်ရောက်ပြီဆိုလျှင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရေတွင်းရာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့သည့် အကြိမ်အရေအတွက်များမှာ မီးသတ်ဦးစီးဌာန၏ ရှာဖွေကယ်ဆယ်ရေးမှတ်တမ်းများအရ ၂၀၁၇ ခုနှစ်တွင် ၁၅ ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် ၁၇ ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် အကြိမ် ၂၀ နှင့် ၂၀၂၀ ပြည့်နှစ်တွင် မေလ ၁၂ ရက်နေ့အထိ ခုနစ်ကြိမ်တိုင် ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

တစ်နှစ်ထက်တစ်နှစ် ရေတွင်းဆယ်ခြင်းကြောင့် အသက်ဆုံးရှုံးမှုများ ပိုမိုများပြားလာသည့်အတွက် ရေတွင်း၊ ရေကန်များ ဆယ်ယူတူးဖော်ခြင်း၊ ရေဟောင်းလဲလှယ်ရာတွင် ရေတွင်းထဲ၌ ရေစုပ်စက်နှိုးခြင်းနှင့် အကြောင်းတစ်ခုခုကြောင့် ရေတွင်းထဲဆင်းခြင်း စသည့် ကိစ္စရပ်များကို အတွေ့အကြုံမရှိဘဲ မိမိသဘောဖြင့် မပြုလုပ်ကြရန်၊ ကျွမ်းကျင်သူများ၏ အကူအညီကိုရယူဆောင်ရွက်ကြရန်နှင့်



အဆိုပါ ကိစ္စရပ်များအပေါ် ပေါ့ပေါ့ဆဆ သဘောမထားဘဲ သတိထားဆောင်ရွက်ကြရန် အတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးမှူးများမှတစ်ဆင့် ပြည်သူလူထုသို့ သတိပေးဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်အနေဖြင့် အသိပေးနှိုးဆော်ထားပြီးလည်း ဖြစ်သည်။

**အန္တရာယ်ကို အထူးသတိထား**

လူတိုင်းသည် မွေးဖွားသည့်အချိန်မှ ဘဝနိဂုံးချုပ်ချိန်အထိ ရေကိုလိုအပ်သည်မှာ မှန်ပါ၏။ သို့သော်လည်း အဆိုပါ ရေရလိုမှုလောဘကြောင့် မိမိတို့တူးဖော်နေသည့် ရေတွင်းထဲမှ အန္တရာယ်ကို အထူးသတိထားရန်မှာ ပို၍လိုအပ်ပါသည်။ သို့ဖြစ်ရာ အများပြည်သူ သတိချပ်မိစေရန်အတွက် အဓိကအချက်များအား ထုတ်နုတ်တင်ပြရသော် ကျေးလက်ဒေသ လက်ရေတွင်းအမျိုးအစား များစွာရှိသည့်အနက်မှ အချို့ရေတွင်းများမှာ မြေသားတွင်းများဖြစ်ပေရာ တွင်းမကြီး၏ အောက်ခြေနံရံများမှာ ကာလကြာရှည်စွာရေတိုက်စားမှုကြောင့် ကလိုင်ကြီးများဖြစ် ပေါ်၍ ကာဗွန်ဒိုင်အောက်ဆိုက်(Carbondioxide–$CO_2$)ဓာတ်ငွေ့များ ခိုအောင်းနေပါသည်။ $CO_2$ ဓာတ်ငွေ့သည် ကျွန်တော်တို့ ပတ်ဝန်းကျင်ရှိ ခြောက်သွေ့သော လေထုတွင် ရောနှောပါဝင်သည့် ဓာတ်ငွေ့ပေါင်း ၁၆ မျိုးထဲမှ ဓာတ်ငွေ့တစ်ခုဖြစ်သည်။ ခြောက်သွေ့သောလေထုထဲတွင် ဓာတ်ငွေ့တစ်မျိုးချင်းစီ၏ ပါဝင်သော ရာခိုင်နှုန်း ပမာဏအပေါ်မူတည်၍ ဓာတ်ငွေ့ရှစ်မျိုးအမည်များကိုတော့ လူသိများကြ၏။

အဓိက ရေတွင်းနှင့်စပ်လျဉ်း၍ ဖော်ပြလိုသည်မှာ ခြောက်သွေ့သော လေထုထဲတွင် နိုက်ထရိုဂျင်(Nitrogen–$N_2$) ဓာတ်ငွေ့သည် ၇၈ ဒသမ ၀၈၄ ရာခိုင်နှုန်း၊ အောက်စီဂျင် (Oxygen – $O_2$) ဓာတ်ငွေ့သည် ၂၀ ဒသမ ၉၄၇ ရာခိုင်နှုန်း၊ အာဂွန် (Argon–Ar)ဓာတ်ငွေ့သည် သုည ဒသမ ၉၃၄ ရာခိုင်နှုန်းတို့ဖြင့် အများစုပါဝင်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် (Carbondioxide –$CO_2$)ဓာတ်ငွေ့သည် သုည ဒသမ ၀၃၅၀ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်းနည်းပါးစွာပါဝင်သော်လည်း တစ်နှစ်ပတ်လုံး သုံးစွဲနေသည့် လေစီးဝင်မှုနည်းပါးသည့် (လေဝင်လေထွက်အားနည်းသည့်) ရေတွင်းများထဲတွင် အောက်စီဂျင်($O_2$) ဓာတ်ငွေ့အစား ကာဗွန်ဒိုင် အောက်ဆိုဒ်($CO_2$) ဓာတ်ငွေ့များက အများအပြားခိုအောင်း ပါဝင်တတ်ပါသည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)ဓာတ်ငွေ့သည် လေထက် တစ်ဆခွဲမျှ ပို၍လေးလံခြင်း၊ အေးမြခြင်း သဘောရှိသော ဓာတ်ငွေ့ဖြစ်သည့်အားလျော်စွာ အနိမ့်ပိုင်းဖြစ်သော ရေတွင်းများ၏ အောက်ခြေ၌ရှိနေခြင်းဖြစ်သည်ကို သတိပြုမိစေရန် လိုအပ်ပါသည်။

ထိုသို့ ရေတွင်းအောက်ခြေတွင် ခိုအောင်းနေသည့် ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$) ဓာတ်ငွေ့ကို သတိမထားမိဘဲ ရေတွင်းဟောင်းများ၏ အောက်ခြေရှိ နွံနှင့် အမှိုက်များဆယ်ယူခြင်း၊ အလားတူ ရေစုပ်ရန် ရေတွင်းထဲတွင် ရေစုပ်စက်များချလျက် စက်မနှိုးမီ အသက်ရှူရန် ပြဿနာမရှိသော်လည်း စက်နှိုးလိုက်သည့်အခါတွင် ထွက်ပေါ်လာမည့် ကာဗွန်မိုနောက်ဆိုက်(Carbon monoxide–CO)ဓာတ်ငွေ့ (မီးခိုး)များ၊ စက်သုံးဆီဖြင့် စက်နှိုးရခြင်းကြောင့် ဟိုက်ဒရိုဂျင်ဆိုင်ယာနိုဒ် Hydrogen Cyanide (HCN) ဓာတ်ငွေ့များနှင့် မီးခိုးအဆိပ်ငွေ့များရှူမိခြင်းကြောင့် စက်နှိုးသူအတွက် အသက်အန္တရာယ်ဖြစ်နိုင်ခြင်း၊ ရေတွင်းထဲသို့ တိရစ္ဆာန်များ ပြုတ်ကျသေဆုံး၍ ပုပ်ပွမှုကြောင့် အနံ့ဆိုးသည့် Hydrogen Sulphide အဆိပ်ငွေ့များရှိနေသည်ကို ဂရုမစိုက်ဘဲ ဆင်းရာမှ ရှူမိခြင်း၊ အဆိပ်ရှိသော သတ္တဝါများဖြစ်သည့် မြွေများ၊ ကင်းများ၊ တွင်းအောင်းသတ္တဝါများလည်း ခိုအောင်းနေနိုင်ခြင်းများ စသည့်တို့က **"ယောက်ဖတို့ရေ နေတောင် အတော်စောင်းပြီ တက်ခဲ့တော့ လေ"**ဟု ခေါ်ချိန်တွင် ရေတွင်းဆယ်ရင်း ပြန်မတက်နိုင်ဘဲ ဆုံးရှုံးခဲ့ရသော အသက်များစွာအတွက် သတိပေးရခြင်းဖြစ်ပါသည်။

**မတော်တဆမှုများအတွက်**

ဤသို့ဆိုလျှင် ရေတွင်းဆယ်ခြင်းကြောင့် မတော်တဆမှုများအတွက် အရေးပေါ်အခြေအနေများကြောင့် ကူညီကယ်ဆယ်ရန် အခက်အခဲရှိပါက နီးစပ်ရာမီးသတ်စခန်း၏ တယ်လီဖုန်းနံပါတ်များနှင့် အရေးပေါ်ဖုန်းနံပါတ် "၁၉၁" Hot Line Phone(191)သို့ အမြန်ဆုံး အကူအညီတောင်းခံခြင်းများ ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ အရေးပေါ် ကူညီကယ်ဆယ်ရေးများ မရောက်ရှိမီ ရှေးဦးကယ်ဆယ်ရေးအတွက် နည်းလမ်းများအား အကျဉ်းနည်းဖြင့်ဖော်ပြရသော် အများပြည်သူများအနေဖြင့် ရေတွင်းထဲတွင်ရှိနေသော ကာဗွန်ဒိုင်အောက်ဆိုက်($CO_2$)အား ထီး၊ သစ်ခက်များ အသုံးပြု၍ ရှင်းလင်းဖယ်ထုတ်ခြင်း၊ အောက်စီဂျင် (Oxygen –$O_2$) ရရှိစေရန်အတွက် ရေမှုန်၊ ရေမွှားများအား ရေတွင်းထဲရှိ လူပေါ်သို့ ဖြည်းညင်းစွာ ဖျန်းချပေးခြင်း၊ အလင်းရောင်ကောင်းစွာမရရှိပါက စက္ကူအဝတ်စ၊ ဖယောင်းတိုင်များအား မီးရှို့၍ ပစ်ချခြင်းများအား ရှောင်ကြဉ်ရမည်။ လုံးဝ (လုံးဝ) မပြုလုပ်ရပါ။ ပြုလုပ်ခဲ့ပါက ကာဗွန်မိုနောက်ဆိုက် (Carbonmonoxide – CO) ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး ရေတွင်းထဲရှိ လူအားအန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ရေတွင်းဆယ်ခြင်းများ မပြုလုပ်မီ ရေတွင်းထဲတွင် အသက်ရှူရန် လုံလောက်သော အောက်ဆီဂျင်ဓာတ်ငွေ့ ရှိ/ မရှိကို ဦးစွာဆန်းစစ်ခြင်း၊ ရေတွင်းထဲသို့ ဆင်းသက်သူအား ကူညီနိုင်ရန် လုံလောက်သော လူအင်အား၊ ကြိုးများ၊ စက်သီးများ၊ လှေကားများ၊ အသက်ရှူရာတွင် အထောက်အကူပြုနိုင်သည့် (၃/၄)လက်မ(သုံးမတ်လုံး) ပလတ်စတစ် ရေပိုက်ရှည်များ၊ ရေပန်းခရားပုံးများ၊ လက်နှိပ်ဓာတ်မီးများ၊ ထီးများ(မရှိပါက သစ်ရွက်များများပါရှိသော သစ်ခက်များ) အသင့်ပြင်ဆင်ထားရှိရန်လိုအပ်ပေမည်။

နိဂုံးချုပ်အားဖြင့် တင်ပြရသော် ကမ္ဘာ့လူဦးရေ သန်း ၁၀၀၀ ခန့်သည် မသန့်ရှင်းသောရေကို သောက်သုံးနေကြရဆဲဟု မှတ်သားမိပါသည်။ ယခုလို ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မြေအောက်ရေ လျော့ကျကာ ရေခန်းခြောက်သည့်ကာလ၌ မိမိတို့ရပ်ကွက်၊ လမ်း၊ နေအိမ်များအနီးရှိ ရေတွင်း၊ ရေကန်များ ဆယ်ယူခြင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် ရေတွင်းဆယ်ခြင်းနှင့် စပ်လျဉ်းသည့် အတွေ့အကြုံ ဗဟုသုတမရှိသည့် ကလေးသူငယ်၊ လူငယ်လူရွယ်များအား ပြောဆိုဆုံးမ အသိပညာပေးခြင်းဖြင့်၊ နိုင်ငံတစ်ဝန်း မတော်တဆဖြစ်ပွားတတ်သော ရေတွင်းဆယ်ခြင်း လုပ်ငန်းများကြောင့် နိုင်ငံသားများ၏ အသက်အန္တရာယ်ထိခိုက်ပျက်စီးခြင်းများမှ ဝိုင်းဝန်းကာကွယ်ပေးနိုင်စွမ်းကြခြင်းငှာ ဤဆောင်းပါးဖြင့် တိုက်တွန်းရေးသားအပ်ပါသည်။ ။



## အက်စ်တွန်ဗီလာအသင်း ကွင်းလယ်လူ ဂျက်ဂရီးယယ်လစ်ရှ်ကို ပေါင်သန်း ၈၀ ဖြင့် မန်ယူအသင်း ခေါ်ယူမည်

မန်ယူအသင်းဟာ အက်စ်တွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျက်ဂရီးယယ်လစ်ရှ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ အထိပေးပြီးခေါ်ယူဖို့ ရှိနေတယ်လို့ သိရပါတယ်။

မန်ယူအသင်းက နွေရာသီဈေးကွက်အတွင်းမှာ ကွင်းလယ်ကစားသမားတစ်ဦးကို အဓိကထားခေါ်ယူဖို့ ရှိနေတာကြောင့် အက်စ်တွန်ဗီလာအသင်းကလည်း ဂျက်ဂရီးယယ်လစ်ရှ်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ အထိ တောင်းဆိုထားတာ ဖြစ်ပါတယ်။

မန်ယူအသင်းကလည်း တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးကို ပေးဖို့အသင့်ရှိနေပြီး ကွင်းလယ်ကစားသမား ဂျက်ဂရီးယယ်လစ်ရှ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ကိုးဂိုးသွင်းယူထားကာ ရှစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ အက်စ်တွန်ဗီလာအသင်း ကွင်းလယ်ကစားသမား ဂျက်ဂရီးယယ်လစ်ရှ်ကို ခေါ်ယူဖို့ ပြင်ဆင်နေတဲ့အပြင် လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်ကိုလည်း ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

## ဘောလုံးရာသီငါးရာသီဆက်တိုက် သွင်းဂိုး ၄၀ သွင်းယူနိုင်ခဲ့သည့် တတိယမြောက်ကစားသမား လီဝန်ဒေါ့စ်စကီးဖြစ်လာ

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒေါ့စ်စကီးဟာ ဂျူဗင်တပ်အသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီတို့ပြီးရင် ဘောလုံးရာသီငါးရာသီဆက်တိုက် သွင်းဂိုး ၄၀ သွင်းယူနိုင်ခဲ့တဲ့ ကစားသမားတွေထဲမှာ တတိယမြောက် ကစားသမားဖြစ်လာခဲ့ပါတယ်။

ပိုလန်တိုက်စစ်မှူး လီဝန်ဒေါ့စ်စကီးဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယူနီယံဘာလင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၂၆ မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ ဂိုးသွင်းယူနိုင်ခဲ့လို့ ဘောလုံးရာသီငါးရာသီဆက်တိုက် သွင်းဂိုး ၄၀ အထိသွင်းယူနိုင်ခဲ့တဲ့ ကစားသမားဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး လီဝန်ဒေါ့စ်စကီးဟာ ၂၀၁၄ ခုနှစ်က ဒေါ့မွန်အသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဒီအချိန်က ဘိုင်ယန်မြူးနစ်အသင်းကို ဂွါဒီယိုလာက နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်နေတာ ဖြစ်ပါတယ်။

ဒေါ့မွန်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ လီဝန်ဒေါ့စ်စကီးက ဒေါ့မွန်အသင်းအတွက် လေးဂိုးအထိသွင်းယူပေးခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းက လီဝန်ဒေါ့စ်စကီးကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။

လီဝန်ဒေါ့စ်စကီးဟာ ဘိုင်ယန်မြူးနစ်အသင်းကို ရောက်ရှိလာချိန်ကစပြီး လက်ရှိအချိန်အထိ ၁၈၃ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၅၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူး လီဝန်ဒေါ့စ်စကီးအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ဘွန်ဒက်လီဂါဖလား ၅ ကြိမ်အထိ ရယူဆွတ်ခူးပေးထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

## မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက် လက်ရွေးစင်အသင်းများ လေ့ကျင့်မည့်ရက် သတ်မှတ်မည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လေ့ကျင့်မှုရပ်နားထားသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများ လေ့ကျင့်မည့်ရက်ကို ပြန်လည်သတ်မှတ်သွားမည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် မတ် ၂၄ ရက်မှစတင်ကာ ပြည်တွင်းဘောလုံးပြိုင်ပွဲများ ရပ်နားခဲ့သလို လက်ရွေးစင်အသင်းများ၏ လေ့ကျင့်မှုကိုပါ ရပ်နားခဲ့ခြင်းဖြစ်သည်။ မြန်မာဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများမှာလည်း ရွှေ့ဆိုင်းထားပြီး စက်တင်ဘာလမှသာ အစောဆုံးပြန်လည် ကျင်းပမည်ဖြစ်ရာ လက်ရွေးစင်အသင်းများအနေဖြင့် ရောဂါပျောက်ကင်းမည့်ကာလအပေါ်မူတည်၍ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ဘောလုံးအသင်းများသည် ယခုနှစ်အတွင်း အာဆီယံအဆင့်ပြိုင်ပွဲများသာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာ့ လက်ရွေးစင် အမျိုးသားဘောလုံးအသင်းတစ်သင်းသာ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအပြင် ၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲလက်ကျန်ပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသားအသင်းနှင့် ယူ-၁၉ အမျိုးသားအသင်းတို့မှာ စခန်းဝင်လေ့ကျင့်နေသည့်ကာလအတွင်း ရပ်နားခဲ့ရခြင်းဖြစ်ပြီး အချို့အသင်းများမှာမူ လေ့ကျင့်ရန်ပြင်ဆင်နေသည့်ကာလတွင် ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်က ယခုနှစ်အတွင်း ကျင်းပမည့် ပြိုင်ပွဲကိုးခုအနက် ရှစ်ခုတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားအသင်းအနေဖြင့် လက်ရွေးစင်အသင်း၊ ယူ-၁၉အသင်း၊ ယူ-၁၆ အသင်း၊ အမျိုးသမီးအသင်းများအနေဖြင့် လက်ရွေးစင်အသင်း၊ ယူ-၁၈ အသင်းနှင့် ယူ-၁၅ အသင်းတို့အပြင် ဖူဆယ်အသင်းတို့မှာ ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယူ-၂၃ အမျိုးသားအသင်းမှာမူ ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာဘောလုံးအသင်းများ ယှဉ်ပြိုင်မည့် ပြိုင်ပွဲများကို စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ပြန်လည်ကျင်းပရန် စီစဉ်ထားပြီး အမျိုးသားပြိုင်ပွဲအဖြစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၊ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ အာဆီယံဖူဆယ်ပြိုင်ပွဲ၊ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲအဖြစ် အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာအားကစားသမားများအား ဆုကြေးငွေများ ချီးမြှင့်

ရန်ကုန် မေ ၁၈

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် မြန်မာအားကစားသမားများအား ယနေ့ ဂုဏ်ပြုဆုကြေးငွေများချီးမြှင့်ခဲ့သည်။

မြန်မာအားကစားအဖွဲ့သည် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့် (၇) နေရာတွင် ရပ်တည်ခဲ့သည်။

ဂုဏ်ပြုဆုကြေးငွေအဖြစ် တစ်ဦးချင်း ရွှေတစ်ခုလျှင် ကျပ်သိန်း ၁၅၀၊ အသင်းလိုက် ရွှေတစ်ခုလျှင်တစ်ဦးကို ကျပ်သိန်း ၁၀၀ စီ၊ တစ်ဦးချင်း ငွေတစ်ခုလျှင် ကျပ် ၇၅ သိန်း၊ အသင်းလိုက် ငွေတစ်ခုလျှင် တစ်ဦးကို ကျပ်သိန်း ၅၀ စီ၊ တစ်ဦးချင်းကြေးတစ်ခုလျှင် ကျပ်သိန်း ၅၀၊ အသင်းလိုက် ကြေးတစ်ခုလျှင် တစ်ဦးကို ကျပ်သိန်း ၃၀ စီချီးမြှင့်ခဲ့သည်။ ထို့ပြင် ရွှေတံဆိပ်ရသည့် နည်းပြအဖွဲ့ကို ကျပ်သိန်း ၅၀၊ ငွေတံဆိပ်ရသည့် နည်းပြအဖွဲ့ကို ကျပ်သိန်း ၃၀၊ ကြေးတံဆိပ်ရသည့် နည်းပြအဖွဲ့ကို ကျပ်သိန်း ၂၀၊ ရွှေတံဆိပ်ရသည့် အုပ်ချုပ်မှုအဖွဲ့ကို ကျပ်သိန်း ၃၀၊ငွေတံဆိပ်ရသည့် အုပ်ချုပ်မှုအဖွဲ့ကို ကျပ်သိန်း ၂၀၊ ကြေးတံဆိပ်ရသည့် အုပ်ချုပ်မှုအဖွဲ့ကို ကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ဂုဏ်ပြုဆုငွေစုစုပေါင်းမှာ ကျပ်သိန်း ၉၈၂၀ ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသောကြောင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပခြင်းမရှိဘဲ ဆုကြေးငွေများကို နှစ်နေရာခွဲ၍ ထုတ်ပေးလျက်ရှိရာ နေပြည်တော်ရှိ ဆုရအားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများကို မေ ၁၈ ရက်တွင် ထုတ်ပေးခဲ့ပြီး ရန်ကုန်မြို့ရှိ ဆုရအားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများကို မေ ၂၀ ရက်တွင် ထုတ်ပေးမည်ဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် ကာလဖြစ်သောကြောင့် အားကစားအဖွဲ့အားလုံးမှာ လေ့ကျင့်မှုရပ်နားထားသောကြောင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရောက်ရှိနေသည့် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများကိုမူ သက်ဆိုင်ရာအဖွဲ့ချုပ်များက ဆုကြေးများကို တာဝန်ယူခွဲဝေပေးရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## အနုပညာ

## BLACK PINK ရဲ့ တေးအယ်လ်ဘမ်သစ် ဇွန် ၁၃ ရက်တွင် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ BLACK PINK ဟာ ဇွန်လအတွင်း တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာ တေးအယ်လ်ဘမ်သစ်ကို ဇွန် ၁၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့တယ်လို့ စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BLACK PINKရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ရဲ့ တေးဗီဒီယိုကို ဇွန် ၁၂ ရက်မှာ ထုတ်လွှင့်ပေးမှာဖြစ်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးကို ဇွန် ၁၃ ရက်မှာ ထုတ်လွှင့်ပေးသွားမှာပါ။ အဆိုပါ တေးဂီတအဖွဲ့ဟာ တေးအယ်လ်ဘမ်သစ် ထွက်ရှိတိုင်းမှာ ယခုလို တေးဗီဒီယိုတစ်ခုကို ဦးစွာထုတ်လွှင့်ပေးလေ့ရှိပါတယ်။


**အေးပြည့် – စုစည်းသည်**

## တတိယမြောက်အချမ်းသာဆုံးသော တေးသံရှင် ရီဟားနား

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ရီဟားနားဟာ ဆန်းဒေးတိုင်းက ထုတ်ပြန်ခဲ့တဲ့ အချမ်းသာဆုံးသော တေးဂီတပညာရှင်စာရင်းမှာ တတိယနေရာမှာ ရပ်တည်နေကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**ပေါင် ၄၆၈ သန်းခန့် ပိုင်ဆိုင်**

အသက် ၃၂ နှစ်အရွယ် ရီဟားနားဟာ လက်ရှိမှာ ပေါင် ၄၆၈ သန်းခန့် ပိုင်ဆိုင်သူဖြစ်ပြီး သူ့ရဲ့ကြွယ်ဝမှုတွေကို တေးဂီတလုပ်ငန်းတွေအပြင် သူထုတ်လုပ်တဲ့ ဖက်ရှင်နဲ့ အလှပြင်ပစ္စည်းတွေကနေ ဝင်ငွေရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



ဗြိတိန်မှာ အခြေချနေထိုင်နေတဲ့ ရီဟားနားဟာ ကျော်ကြားတဲ့ တေးသံရှင်တွေဖြစ်ကြတဲ့ မစ်ခ်ဂျက်ကာ၊ ကိတ်သ်ရစ်ချက်၊ အယ်လ်တန်ဂျွန်၊ ရော့ဒ်စတီးဝပ်ထ်တို့ကို ကျော်လွန်ကာ နိုင်ငံအတွင်း တတိယမြောက် အချမ်းသာဆုံးသော တေးဂီတပညာရှင်အဖြစ် ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

တေးရေးတစ်ဦးဖြစ်သူ အန်ဒရူး အယ်လ်လွိုက်ဝက်ဘာနဲ့ ပေါလ်မက်ကာနေတို့က ဗြိတိန်ရဲ့ အချမ်းသာဆုံးသော တေးဂီတပညာရှင်ဇယားကို ထိပ်ဆုံးကနေ ဦးဆောင်နေပြီး သူတို့နှစ်ဦးဟာ ပေါင်သန်း ၈၀၀ ခန့် ပိုင်ဆိုင်ထားသူတွေဖြစ်ကြောင်းလည်း သိရပါတယ်။

ရီဟားနားဟာ ကော်ဇောနီပေါ် လျှောက်လှမ်းရာမှာ သူ့ရဲ့ ပြင်ဆင်မှုတွေကြောင့် ဖက်ရှင်ကျတဲ့ ကြယ်ပွင့်တစ်ဦးအဖြစ်လည်း လူသိများပါတယ်။ ရီဟားနားရဲ့ အရောင်အသွေးစုံတဲ့ ပြင်ဆင်ပုံတွေကြောင့်လည်း အများနဲ့မတူ ထူးခြားသူတစ်ဦးအဖြစ် ဖက်ရှင်လောကမှာ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ကြယ်ပွင့်တစ်ဦးအဖြစ်လည်း ရပ်တည်နေတာပါ။ ဒါ့အပြင် သူဟာ အလွန်ကို အောင်မြင်ခဲ့တဲ့ တေးအယ်လ်ဘမ် ရှစ်ခုကိုလည်း ထုတ်လွှင့်ခဲ့တဲ့ တေးသံရှင်တစ်ဦးလည်း ဖြစ်ပါတယ်။

အခြားသော ဗြိတိန်တေးသံရှင်တစ်ဦးဖြစ်သူ အက်ဒ်ရှီးရန်ဟာ အသက် ၃၀ အောက် သက်ငယ်ပိုင်း တေးသံရှင်တွေအနက် အချမ်းသာဆုံးအဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ ပေါ့ပ်ကြယ်ပွင့်ဟာ လက်ရှိမှာ ပေါင်သန်း ၂၀၀ ခန့် ပိုင်ဆိုင်မှုရှိကြောင်းလည်း သိရပါတယ်။

## THE REPUBLIC OF THE UNION OF MYANMAR

## MINISTRY OF ELECTRICITY AND ENERGY

## ELECTRIC POWER GENERATION ENTERPRISE

Date.May,18, 2020

**Invitation to Bid for implementation of Ground Mounted Solar Power Plant Projects on Independent Power Producer and Build – Operate – Own Basis**

1. Electric Power Generation Enterprise (EPGE) seeks to invite tender for the purchasing of electricity at Designated Connection Points from the Ground Mounted Solar Power Plant Projects on Independent Power Producer (IPP) and Build Operate Own (BOO) basis.
2. The Concession period shall be 20 (twenty) years from Commercial Operation Date (COD).
3. The Tender Form can be purchased within office hour from the tender announced date at following office either;
   (1) Procurement Department,
   Electric Power Generation Enterprise,
   Building 27, Nay Pyi Taw, the Republic of the Union of Myanmar
   **(or)**
   (2) No. 39, Kanner Road, Ahlone Power Station, Ahlone Township
   Yangon, the Republic of the Union of Myanmar
4. The Tender Form fee is Myanmar Kyat three hundred thousand (Kyat 300,000)only.
5. The bid submission date is **18th June, 2020 at (10:00) hr.** Myanmar Standard Time.
6. Bidders shall prepare the proposals in accordance with the Invitation for Bid and Request for Proposal (RFP). Bidder's Proposals must be submitted on time. Any late proposal shall be rejected.
7. The necessary information of this tender can be inquired within office hour via calling phone numbers or sending Email;
   Electric Power Generation Enterprise
   Ministry of Electricity and Energy
   Building 27, Nay Pyi Taw
   Ph + 95 9 797137280, +95 9 2225181
   epgesolartender@gmail.com


| | | | | |
|---|---|---|---|---|
| အာရှမြေမှ လုံးချင်း ရောင်း/ငှား | | | | 09-5041674, 01-543717 |
| ၁။ (၇)မိုင်ကုန်းမြင့်ရိပ်သာ | 60'x80' | RC1 | MBR1,BR2 ပြင်ပြီး | 15သိန်း |
| ၂။ လှိုင်၊ အေးရိပ်မွန်အိမ်ရာ | 80'x80' | RC2 | MBR2,BR3 ပြင်ပြီး | 18သိန်း |
| ၃။ ရန်ကင်း၊ ကျောက်ကုန်း | 50'x70' | RC1 | MBR1,BR3 ပြင်ပြီး | 15သိန်း |
| ၄။ လှိုင်၊ ဗဟိုလမ်းအနီး | 33'x60' | RC2 ဂရန် | | 2800သိန်း |
| ၅။ လှိုင်၊ မြကန်သာအိမ်ရာ | 60'x50' | မြေ ဂရန် | | 3600သိန်း |





## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ သီတာလမ်း၊ ကွင်းအမှတ် ၁၁၈၀၊ ကြာအင်းတောင်ကွင်း၊ မြေကွက်အမှတ်(၄၅/၁-က)၊ အလျား ပေ ၁၀၀၊ အနံ ပေ ၈၀၊ မြေကွက်အား ကျွန်မ မိယုဇနခိုင်[၃/ဘအန(နိုင်)၂၇၇၈၄၀]က ၎င်းမြေကွက်အား ပုံစံ(၁၀၅) မြေငှားဂရန်ရရှိနိုင်ရေးအတွက် မြေပေးမိန့်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်မည့်သူရှိပါက တစ်လအတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိယုဇနခိုင်[၃/ဘအန(နိုင်)၂၇၇၈၄၀]**
**ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ သီတာလမ်း၊**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၁၉-၂၀၂၀) ဘဏ္ဍာရေးနှစ်၊ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့် ဆေးပစ္စည်းတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-
FDA အသိအမှတ်ပြု
-ဆေးပစ္စည်းများ

| | |
|---|---|
| ၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - ၁၅-၅-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၅-၆-၂၀၂၀ရက် (သောကြာနေ့) - ညနေ ၄:၀၀ နာရီ |
| ၃။ တင်ဒါဖွင့်မည့်ရက်နှင့် အချိန် | - ၈-၆-၂၀၂၀ ရက် (တနင်္လာနေ့) - နံနက် ၁၀:၀၀ နာရီ |

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀) ဆံ့ အထူးကု ဆေးရုံကြီး၊ ရန်ကုန်မြို့။**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

၁။ အဆင့်မြင့် Hotel & Resort Housekeeping Manager အလိုရှိသည်
- Housekeeping နှင့်ပတ်သက်ပြီး Management တတ်ကျွမ်းရမည်။
- သန့်ရှင်းရေနည်းပညာ (ဥပမာ သန့်ရှင်းရေးသုံး Chemical ပစ္စည်းများ အလုံးစုံသုံးတတ်ရမည်) တတ်ကျွမ်းရမည်။
- ပြုပြင်ထိန်းသိမ်းရေး Maintenance တတ်ကျွမ်းရမည်။
- ဝန်ထမ်းများအား သင်တန်းပေးတတ်ရမည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာကျွမ်းကျင်ရမည်။
- Hotel Room များတွင် equipment များပြင်ဆင်မှု (ဥပမာ ရေခွက်၊ တာဝါ၊ မွေ့ရာ၊ ခုတင်အစရှိသည်များနှင့် အခြားသောအသုံးဆောင်ပစ္စည်းကိရိယာများ၏ ဖွဲ့စည်းထားရှိပုံများ) တတ်ကျွမ်းမှု ရှိရမည်။
- 5 Star အဆင့်ရှိ Housekeeping အတွေ့အကြုံ (၃)နှစ်ရှိရမည်။
- (အခြေခံလစာ+Bonus)=၅သိန်းနှင့်အထက်
- ကားမောင်းတတ်ရမည်။

စိတ်ပါဝင်စား၍ လျှောက်ထားလိုသူများသည် CV Form (၁)စုံ၊ (၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ်ဓာတ်ပုံ (၁)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အမှတ်(၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင်(၇)လမ်းထောင့်၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊
Email Address - admin@myanmarkyawinvestmentgroup.comသို့ Email ဖြင့်သော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။ ဖုန်း-၀၉-၇၃၂၃၁၀၄၃၊ ၀၉-၄၄၃၂၃၁၀၄၃

## အများသိစေရန်ကြေညာခြင်း

ရေးမြို့၊ အောင်သုခရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃-ခ၊ အောင်သုခရပ်)၊ ဦးပိုင်အမှတ်(၁၉၉)၊ မြေကွက်အမှတ်(၂၁၂)၊ ဧရိယာ(၀.၀၆၅)ဧကရှိ မြေသည် ၁၉၇၀-၁၉၇၁ခုနှစ်၊ မူလမြို့အိမ်ရာ မြေကွက်များ ပြန်လည်နေရာချထားစဉ်က မော်လမြိုင်ခရိုင်ဝန်မှ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ် ဦးစံရီအမည်ဖြင့် ထုတ်ပေးထားကြောင်း ဦးစံရီထံမှ ဦးစောအေးနှင့် ဒေါ်သိန်းတို့မှလည်းကောင်း၊ ဦးစောအေးထံမှ ဒေါ်စန်းညွန့်သည် အရပ်ကတိစာချုပ်ဖြင့် လည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ပါသည်။ ဒေါ်စန်းညွန့်ထံမှ လျှောက်ထားသူ ဦးနိုင်ရှောင်နှင့် ဒေါ်အေးစိမ်းတို့(၂)ဦးသည် မြေကွက်နှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ်(၅၃/၂၀၁၉)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်လာ၍ ၎င်းတို့(၂)ဦးအမည်ဖြင့် နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်ချထားပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**


ထူး
ပါဝါ
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် TMR-008847(0220)
ကျောက်ကြေဆေး
သည်းခြေအိတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးပြွန်၊ ဆီးသွားလမ်းကျောက်တည်ခြင်းနှင့် ဆီးကျိတ်၊ ဆီးရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
ကျောက်တည်ရင်ပျောက်လွယ်တဲ့ ပါဝါ ကျောက်ကြေဆေး






ဒန့်သလွန်ရွက်ဆေး
FAME
FAME မှ ထုတ်လုပ်သော ဆေးဝါးအားလုံးကို
ရန်ကုန်မြို့တွင်း အိမ်အရောက် ပို့ပေးနေပါပြီ။
09-752721908, 09-954271908
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -
TMR 014051 (0421)


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်ရီရီဝင်း[၁၂/ဗတထ(နိုင်)၀၁၁၅၈၈]၊ အဖအမည်၊ ဦးမော်ကြီးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ.၁၇၆၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၈၈/၂၀၁၇ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် ရရှိထားသူ ဒေါ်မေသန္တာဦး [၁၂/သဃက(နိုင်)၀၄၃၅၈၇]၊ အဖအမည် ဦးကျင်စိုးမှ ဦးစိုင်းနေလှိုင်ဝင်း[၉/ခအဇ(နိုင်)၀၁၅၃၅၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ တိုက်အမှတ်(၈၀၈)၊ ၃လွှာ(ညာ)၊ အောင်သုခလမ်း၊ ၆/အရှေ့ရပ်ကွက်ရှိ အကျယ်အဝန်း(အလျားပေ ၁၉xအနံပေ ၅၄)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်သိန်းသိန်းရွှေ [၆/ထဝန(နိုင်)၀၀၅၂၄၅]ထံ ဒေါ်ကြူကြူစန်းမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်နေ့ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စရန်ပေးချေထားသူ - ဒေါ်ကြူကြူစန်း[၁၂/သကတ(နိုင်)၀၁၈၄၃၈]**
**ဆက်သွယ်ရန်ဖုန်း - 09-798187146**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရန်ပြေ(၁၆) လမ်းအရှေ့၊ (၃)ရပ်ကွက်၊ အမှတ်(၄၇)၊ ပထမထပ်၊ ခေါင်းရင်းခန်း (အလျား ၁၇ပေ ခွဲx အနံ ၅၅ပေ) အကျယ်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိ တရားဝင်ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်အိအိငွေ[၁၂/သကတ(နိုင်)၁၄၃၆၅၅]၊ ဒေါ်အိအိထွေး[၁၂/သကတ(နိုင်)၁၅၆၀၅၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီဟ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၄)**
**အမှတ်(၅)၊ ၅-လမ်း၊ (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၆၆၃၉၉၈ ၉၉၅၊ ၀၉- ၆၉၂ ၇၇၂ ၇၈၃**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# ကျေးဇူးအထူးတင်ရှိခြင်း

၁၂-၅-၂၀၂၀ ရက်က ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်သိန်း ဝန်ကြီး(ငြိမ်း)အသက်(၈၆)နှစ်၏ နာရေးကိစ္စတွင် အခက်အခဲများကာလ၌ အိမ်တိုင်လာရောက် သတင်းမေးနှစ်သိမ့်ပေးသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်း၊ email, viber တို့ဖြင့် သတင်းမေးသူများ၊ လှူဖွယ်ပစ္စည်းဝတ္ထုများ အစရှိသည်များ လှူဒါန်းကြသည့် မိတ်ဟောင်းဆွေဟောင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အစစအဆင်ပြေချောမောအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ ပန်းခြင်းပန်းစည်းများ ပေးပို့ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ မိတ်ဆွေသူငယ်ချင်းများအားလုံး၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းဖော်ပြပေးသူများ၊ ဖခင်ကြီး၏ နောက်ဆုံးခရီးအား တကူးတက လိုက်ပါပို့ဆောင်ပေးကြသူများ၊ ဖခင်ကြီးအတွက် ရည်စူးပြုလုပ်သော ရက်လည်ဆွမ်းကျွေးသို့ လှူဖွယ်ပစ္စည်းများ၊ အချိုပွဲများ ပေးပို့သူများအားလုံးအား အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း လေးနက်စွာ အသိပေးဖော်ပြအပ်ပါသည်။

**ဒေါ်စုစုသိန်းနှင့် သားသမီးမြေးများ**
**၂၂၆ စရည်းပင်လမ်း၊ သုဝဏ္ဏ**

## တစ်နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း
## ဗိုလ်မှူးရွှေဘော်(ငြိမ်း) OTS(66)
**ရွှေမြန်မာဂျာနယ်နှင့် မိတ်များစောင့်ရှောက်ရေး ကူညီမှုအသင်း ဥက္ကဋ္ဌ**

တပည့်သားသမီးများပေါ်တွင် ထာဝရနှလုံးအစဉ်ပြုံးသည့် နှလုံးရည်ပြည့်ဝစွာဖြင့် စီမံခန့်ခွဲသူ ထာဝရကျေးဇူးရှင်ချစ်ခင်ပွန်း ပျော်ရွှင်မှု၊ သာယာမှုအပေါင်းနှင့် ပြည့်စုံတဲ့မိသားစုဘဝလေးထဲက ထာဝရထွက်ခွာသွားသည်မှာ ၁၉-၅-၂၀၂၀ရက်ဆိုရင် တစ်နှစ်ပြည့်မြောက်ခဲ့ပေမဲ့ တစ်နေ့မှ မေ့မရပါ။ တစ်နှစ်ပြည့်မြောက်အတွက် ရည်မှန်းပြီး လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်များနှင့်အတူ နေ့စဉ်ပြုသမျှ ကောင်းမှုအစုစုတို့အား အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**အမှျ...အမှျ...အမှျ ပေးဝေပါသည်။**

**ချစ်ဇနီး-ဒေါ်လေးခိုင်ခိုင်(ခ)သဲသဲ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဟန်ချို(ခ)လူချောင်ဂုံ
**(အောင်ရတနာဆေးရုံ)**
**အသက်(၉၅)နှစ်**

ဒေါ်ဟန်ချို(ခ) လူချောင်ဂုံ(အောင်ရတနာဆေးရုံ)သည် ၁၆-၅-၂၀၂၀ ရက် (စနေနေ့) ညနေ ၄:၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အောင်ရတနာဆေးရုံမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကျင်ထွေး**
**အသက် (၉၄) နှစ်**

အထက(၅) ဗိုလ်တထောင် ကျောင်းသားကျောင်းသူဟောင်းများဖြစ်ကြသော ဦးမြတ်မော်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ (ဒေါ်မိမိ)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ကျင်ထွေးသည် ၁၆-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀း၅၄ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထက(၅)ဗိုလ်တထောင် ကျောင်းသား ကျောင်းသူဟောင်းများ
(1966-1979)

## အထူးဝမ်းနည်းကြေကွဲခြင်း

တပ်မတော် ဆေးတက္ကသိုလ် စိတ်ကျန်းမာပညာဌာန၏ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီးဉာဏ်ဝင်းကျော်၏ဇနီး မေ့ဆေးပါရဂူ (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း) ဒေါ်ဌေးဌေးမြင့်သည် ၁၇-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေလမင်းဆေးရုံမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာထွန်းလွင်ငြိမ်း - ဒေါက်တာနန်းအိခင်တို့၏ မိခင် ဒေါ်ချိုက်ဘိ (ခ) ဒေါ်ငြိမ်းငြိမ်း အသက်(၉၀) သည် ၁၆-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သွေးရောဂါအထူးကုဌာနမိသားစု**
**မန္တလေးပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးကျင်သိန်း
**အသက်(၇၄)နှစ်**
**နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး(ငြိမ်း)**

ဒေါက်တာဒေါ်မူမူခင်၏ခင်ပွန်း ဒေါက်တာဦးကျင်သိန်းသည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရင်ခေါင်းခွဲစိတ်ကုဌာန (မန္တလေး) မဟာသိပ္ပံ ဒုတိယနှစ်ကျောင်းသား တန့်ဆည်မြို့နယ်၊ ကံထူးမကျေးရွာနေ ဒေါက်တာသန်းကိုကို၏ဖခင် ဦးအေးကို (၅၄)နှစ်သည် ၁၇-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ရင်ခေါင်းခွဲစိတ်ကုဌာန မိသားစု**
**မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဘိုဘိုကျော် (ငြိမ်း)
**အသက်(၄၁)နှစ်**
**စတသ(၄၃)**

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၀၃)နေ ဒေါ်ဝိုင်းစန္ဒာထွန်း၏ ခင်ပွန်း၊ သားမောင်ရဲရင့်မောင်၊ သမီး မအိန္ဒြေဘိုတို့၏ဖခင် ဦးဘိုဘိုကျော် သည် ၁၇-၅-၂၀၂၀ရက်၊ ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၄၃)မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ် ၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးတင်လှိုင် B.A,B.L,B.C.S၊
**အသက် (၉၈)နှစ်**
**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အဖွဲ့ဝင် (ငြိမ်း)**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

ဦးကျော်စိုးသိန်း (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်သူဇာမေတင်လှိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၅-၅-၂၀၂၀ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၁)မှ**
**ညီအစ်ကိုမောင်နှမများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဦးတင်လှိုင်
**BA,BL,B.C.S**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အဖွဲ့ဝင်(ငြိမ်း)ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**
**အသက်(၉၈)နှစ်**

အမှတ်(၂၃၃)၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်မေသိန်း၏ခင်ပွန်း ဝဏ္ဏကျော်ထင် ဦးတင်လှိုင်သည် ၁၅-၅-၂၀၂၀ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန် ၊ ဇရပ်**
**ဒါယိကာမကြီး**
## ဒေါ်တင်တင်ပြုံး(ခ) ဒေါ်ပြုံး
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ စံပြ ဖဆပလရပ်ကွက်၊ တိုက်(ဟောင်း) ၂၊ အခန်း ၁၄ နေ (ဦးကြူရှန်-ဒေါ်အုန်းကြင်)တို့၏သမီး၊ အထောက်တော် (ဦးမင်း အောင်)၏ဇနီး ဦးခင်မောင်ဦး၊ ဒေါ်သီတာမင်းအောင်၊ ဦးဇော်အောင်ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၁၇-၅-၂၀၂၀ ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန့်ဇော်
**အသက် (၇၆)နှစ်**
**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု) (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၅၀)နေ ဦးသန့်ဇော် အသက် (၇၆)နှစ်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဆရာကောင်းရာသုကတိလားပါစေ။**

**ယဉ်ယဉ်အေးနှင့်မိသားစု**
**ညွှန်ကြားရေးမှူး (အုပ်ချုပ်မှု)**
**လမ်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးကျင်သိန်း (၇၄)နှစ်
**နား၊ နှာခေါင်း၊ လည်ချောင်း**
**အထူးကုဆရာဝန်ကြီး(ငြိမ်း)**

မျက်စိအထူးကုဆရာဝန်ကြီး ပဲခူး(ငြိမ်း) ဒေါက်တာ ဦးကျင်ဆိုင်၏ အစ်ကိုကြီး၊ မျက်စိအထူးကု ဆရာဝန်ဒေါက်တာဝင်းလွင်(မ-ဥက္ကလာပ ဆေးရုံကြီး)၏ ဖခင်ဖြစ်သူ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာဦးကျင်သိန်းသည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း(မျက်စိရောဂါပညာအဖွဲ့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

အပတ်စဉ်(၁)၊ ဇေယျ(၆၄)မှ သူငယ်ချင်း ဒေါ်စန်းစန်းဝင်း၏ အစ်ကိုကြီးဖြစ်သူ ဦးမောင်မောင်ဆန်း (၇၂)နှစ်သည် ၁၆-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အပတ်စဉ်(၁)၊ ဇေယျ(၆၄)မှ သူငယ်ချင်းများ**

# သစ်တော သစ်ပင် ဒို့ချစ်ခင်
# အစဉ်စိုက်ပျိုး အလှတိုး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘိုးရွှေ

**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၅၄)၊ ပထမထပ်(ယာ)၊ (၃၇)လမ်းနေ ဒေါ်စောရင်၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းခိုင်-ဒေါ်သန်းသန်းဌေး၊ ဒုတိယဗိုလ်မှူးကြီးမိုးကျော်-ပါမောက္ခ ဒေါက်တာ သန်းသန်းထိုက် (စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာ တက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ မယဉ်မင်းသန့်၊ မထက်ရည်ဝင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဂန္ထဝင်အဆိုတော် ဦးမောင်မောင်သန်း(တိမ်ပြာသောနေ့)

**အသက် (၈၇) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃၁၄)၊ နတ်သျှင်နောင်လမ်း၊ (၃၅) ရပ်ကွက်၊ မ/ဒဂုံနေ (ဒေါ်ခင်လေးမြင့်)၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကံညွန့်-ဒေါ်စန္ဒာနိုင်၊ (ဦးကျော်ကျော်ဦး)-ဒေါ်စန္ဒာအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ အဘိုး ဦးမောင်မောင်သန်းသည် ၁၆-၅-၂၀၂၀ (စနေနေ့) ညနေ ၅:၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန့်ဇော်(ဝါးခယ်မ)

**အထွေထွေမန်နေဂျာ(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုဓမ္မာ လမ်း၊ အမှတ်(၅၀)နေ [ဦးတင်အေး-ဒေါ်စန်းတင် (ဝါးခယ်မမြို့)] တို့၏ သား၊ [ဒေါ်ခင်သန်းဆွေ (အထက-၃၊ ဒဂုံ)]၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းအောင်-ဒေါ်မွန်စီတို့၏အစ်ကို၊ ဒေါက်တာစိုးမင်း (ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်ချိုပြုံးဇော်၊ ဦးရဲမင်းဇော် (ညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်ဝင်း မျိုးထက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မနှင်းအိချို၊ မဝင်းရူပါမင်း၊ မောင်မင်းခန့်ဇော်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးသန့်ဇော် အသက် (၇၆)နှစ်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးအောင်မင်း (ငြိမ်း)

**ကြည်း-၁၃၃၀၇၊ တေဇ(၂)**

**အသက် (၆၅) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်အုပ်စု၊ သံတံတားကျေးရွာ၊ မေတ္တာလမ်း၊ အမှတ်(၁၂၉)နေ ဒေါ်မိုးမိုး အောင်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်မင်း (ငြိမ်း)သည် ၁၇-၅-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် နှလုံး ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးဦး-ဒေါ်တင်တင်မျိုး မိသားစု**

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၂၈၈/၃၀၂)မှ မြေညီထပ် အခန်းအမှတ် (၇+၈+၉) (၃)ခန်းနှင့် ပထမထပ်မှ အခန်းအမှတ် (၂၁+၂၂+၂၃+၂၄) (၄)ခန်း တိုက်ခန်းတို့နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းများကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ၁။ ဦးဝင်းနိုင် [၇/ပမန(ဧည့်)၀၀၀၀၁၅]၊ ၂။ ဒေါ်မူမူလတ် [၃/ဘအန(နိုင်) ၀၁၄ ၂၂၀]၊ ၃။ ဒေါ်ဇင်သူသူဝင်း [၁၂/ပဘတ(နိုင်)၀၃၂၀၂၁] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော် လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကြည် (ကြည်စတိုး)

**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ် (၅၄)နေ (ဦးစံမင်း-ဒေါ်စောရင်)တို့၏သမီး၊ ဦးကြီးငွေ၏ချစ်ဇနီး၊ ဒေါ်ကြည် ကြည်ငွေ၊ ဒေါ်ကြည်ကြည်ရွှေ၊ ဦးထွန်းငွေ-ဒေါ်အုန်းမြင့်၊ ဦးညွှန့်ငွေ-ဒေါ်ခင်သီသီ တို့၏ မွေးသမိခင်၊ ဒေါ်ညွှန့်မေ၏ အစ်မကြီး၊ မောင်အောင်ဆန်းညွှန့်ဝေ၊ မရွှန်းပပသူ၊ မအိနန္ဒာခိုင်၊ မအိသန္တာခိုင်တို့၏ဘွားဘွားကြီးသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်၌ ပြုလုပ်မည့် ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ ကြွရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြဟန်

**ဒု-လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်မေတ္တာ လမ်း၊ အမှတ်(၄၁၃)နေ ဒေါ်ထားထားအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဦးဟန်- ဒေါ်ချိုဇင်ဖြိုး၊ ဦးအောင်ကိုဟန်-ဒေါ်သန်းသန်းဆွေ၊ ဦးပြည့်ဖြိုးဟန်တို့၏ဖခင်၊ မဟန်သီဦး၊ မောင်ဖြိုးစည်သူဟန်၊ မောင်သန်းဝင်းဟန်-မစိုးစန္ဒာဦး၊ မောင်ဟန် ညီညီတို့၏အဘိုးသည် ၁၇-၅-၂၀၂၀(တနင်္ဂနွေနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအန်းဟို (ခ) ဦးမြင့်ခင်

**အသက် (၇၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ်(၁၃)၊ ခြောက်လွှာ၊ (၁၄)လမ်းနေ (ဦးဂွမ်ချိန်-ဒေါ်ကင်အွာ)တို့၏ သားထွေး၊ (ဦးအန်တိန်)-ဒေါ်သန်းသန်းမြင့်၊ ဦးအောင်သိန်း-ဒေါ်သန်းသန်းအေး၊ ဦးမြင့်မောင်-ဒေါ်ခင်ရီ၊ ဦးမောင်ကြည်-ဒေါ်မြင့်မြင့်မော်၊ (ဒေါ်စန်းစန်းမြင့်) တို့၏မောင်၊ ဒေါ်ခင်သန်းထွေး၏ခင်ပွန်း၊ မသဇင်နှင်းမြတ်၏ဖခင် ဦးမြင့်ခင် သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ် မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်လေး

**စိန့်ပေါလ် ကျောင်းသားဟောင်း (St.Paul 1962-63/1973-74)**

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ (91-A-3/3) နေ (ဦးခင်မောင်ကြီး-ဒေါ်မြအုန်း)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်ညွှန့်ညွှန့်တင်)တို့၏သားသမက်၊ ဒေါ်စန္ဒာ၏ချစ်ခင်ပွန်း၊ ကိုနေဝင်း-မမို့မို့ဝင်း၊ ကိုနေလင်းမောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဖူးပွင့်ပြည့်စုံ(ခ)ဂူဂူး၊ မောင်ကောင်းမြတ်သူရိန်(ခ)တုံတုံတို့၏ ချစ်လှစွာ သောအဘိုး ဦးမောင်မောင်လေးသည် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂- ၅-၂၀၂၀ (သောကြာနေ့)တွင် ရက်လည်အရုဏ်ဆွမ်းကပ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်အေး

**ဗဟိုဘဏ် (ငြိမ်း)**

**အသက် (၆၂) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄) ရပ်ကွက်၊ နဝရတ် (၂)လမ်း၊ အမှတ်(၇၁၄)နေ (ဦးအေးမောင်-ဒေါ်မြကြည်) တို့၏သား၊ ဦးဇော်သိန်း (MFTB၊ လ/ထ မန်နေဂျာ-ငြိမ်း)-ဒေါ်ခင်ရီ (ဘခရ-ငြိမ်း)၊ [ဦးမြင့်ဆွေ(ဒုတိယဦးစီးမှူး-ငြိမ်း)]၊ ဒေါ်ခင်မာတင်၊ ဒေါ်ခင်ဌေးမော်(ဒုတိယခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး)တို့၏အစ်ကို/မောင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေး ၁၁ ယောက်တို့၏အဘိုး ဦးခင်မောင်အေးသည် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသန့်ဇော်

**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက် (၇၆) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ် ဦးရဲမင်းဇော်-ဒေါ်ဝင်းမျိုးထက်တို့၏ဖခင် အမှတ်(၅၀)၊ သုဓမ္မာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသန့်ဇော် အသက်(၇၆)နှစ်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**တံတားဦးစီးဌာနနှင့် ဝန်ထမ်းများ**

## ဦးဝင်းဦး (B.E-Mech, RIT 87 Batch)

**လ/ထ အထွေထွေမန်နေဂျာ၊ စက်မှု**

**အသက် (၅၈) နှစ်**

**လူစီးတွဲနှင့်ကုန်တွဲစက်ရုံ၊ မြစ်ငယ်မြို့၊ မြန်မာ့မီးရထား**

ရွှေဘိုမြို့၊ တဂဏန်းရွာနေ (ဦးစက်ချိန်-ဒေါ်ခင်အေး)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးလှထွန်း-ဒေါ်စန်းမြင့်တို့၏ သားသမက်၊ ဦးဝင်းဆွေ-ဒေါ်ချိုချိုဦး၊ (ဦးမောင်ဦး)-ဒေါ်ရီရီချို၊ ဦးမင်းသိန်း-ဒေါ်ရီရီပို (မြဗဟိုရ်ဆန်ပွဲရုံ)တို့၏အစ်ကိုကြီး၊ ဒေါ်အေးအေးထွန်း၊ မောင်အောင်ပြည့်ထွန်း၊ မောင်ဝင်းထွဋ်မြတ်၊ မပွင့်နဒီမြတ်၊ မောင်အုပ်စိုးခန့်တို့၏ဘကြီး၊ ဒေါ်နီလာထွန်း၏ခင်ပွန်း၊ မောင်မြတ်စိုးကျော်၊ မဝင့်မြတ်နိုး (စတုတ္ထနှစ်-ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ၊ ရန်ကုန် နည်းပညာတက္ကသိုလ်)တို့၏ဖခင် ဦးဝင်းဦးသည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၂:၃၀ နာရီတွင် ရွှေဘိုမြို့၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစောကျော်အုန်းဟန်

**အထက(၃) ဗိုလ်တထောင်(ငြိမ်း)၊ အထက(၄)ပုဇွန်တောင်၊**

**အထက(၁)ဗိုလ်တထောင်၊ အလက(၂) ဒလ**

**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်းမပေါ်၊ ဓမ္မဝိဟာရလမ်းနှင့် ဘယသုဒ္ဓိလမ်းကြား၊ အမှတ်(၂၂/က)၊ ပထမထပ်နေ [ဦးစိန်(စိန်ပေါလ်)-ဒေါ်တင် ]တို့၏ သားသမက်၊ ဒေါ်ခင်ဌေးရီ(အထက-၅၊ ဗိုလ်တထောင်-ငြိမ်း)၏ခင်ပွန်း၊ မယဉ်ယဉ်မွန်၏ ချစ်လှစွာသောဖခင်၊ ပါမောက္ခချုပ် Dr.စိုးဝင်း-ပါမောက္ခ ဒေါ်မေစောလွင်၊ (ဦးစိုးလှိုင်)-ဒေါ်ဌေးဌေးကြည်၊ (No.1 သောက်ရေ သန့်၊ စကုမြို့)တို့၏အစ်ကို ဦးစောကျော်အုန်းဟန်သည် ၁၅-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ဆေးရုံတက်နေစဉ် အထူးဂရုစိုက် စီစဉ်ဆောင်ရွက်ပေးသော ဒေါက်တာ ဦးတင်ထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်-နေပြည်တော်) အားလည်းကောင်း၊ ဝမ်းနည်းကြောင်းနှင့်အားပေးနှစ်သိမ့်စကားပြောပေးပါသော ဆွေမျိုးမိတ်သင်္ဂဟ များနှင့် ဆရာ၊ ဆရာမအပေါင်းတို့အား လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူများ အားလည်းကောင်း ညွှတ်ယိုးသောစိတ်ဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သိန်း

**မှုအုပ် (ငြိမ်း)**

**အသက် (၇၃နှစ်)**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၏ ခင်ပွန်း ဦးအောင်သိန်း (မှုအုပ် (ငြိမ်း))သည် ၁၇.၅.၂၀၂၀ နေ့၊ ညနေ(၆း၀၀)နာရီတွင် အုတ်ဖိုမြို့ နေအိမ် ၌ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့**

## အရာခံဗိုလ်လင်းရှိန်(ငြိမ်း)

**ကပစ**

**မန်နေဂျာ (အမှတ်-၂ စက်မှုဝန်ကြီးဌာန)**

**အသက် (၇၈) နှစ်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဆန် တိုက်ကြီးကျေးရွာနေ (ဦးဖိုးရင်-ဒေါ် ဌေးယုံ)တို့၏သား၊ (ဒေါ်လှရွှေ)၊ [ဒေါ် ထံလှုံ(ခ)ဒေါ်သောင်းငွေ]၊ (ဒေါ်သေး သေး)တို့၏မောင်၊ (ဦးစိန်လှိုင်)၏ညီ၊ ဦးခင်စိန်-ဒေါ်ရင်ငွေ၊ ဦးလှမြင့်-ဒေါ်မြ ဝင်းတို့၏ ညီ/မောင်၊ ဦးအောင်သာ- ဒေါ်လှရင်၊ ဗိုလ်ကြီးသန်းထွန်း(ငြိမ်း)- ဒေါ်ခင်လှလှတို့၏အစ်ကို၊ ဦးဇော်နိုင်ဦး (ဘဏ္ဍာရေးမှူး၊ အင်းစိန်ပြည်ခိုင်ဖြိုး ပါတီ)-ဒေါ်ထားထားလှိုင်၊ ဦးလှိုင်မြင့်- ဒေါ်စမ်းစမ်းလှိုင်၊ ဦးနေမင်းထွန်း-ဒေါ် ယဉ်နွဲ့ဟန်တို့၏ဖခင်၊ မြေးငါးယောက် တို့၏အဘိုး၊ ဒေါ်ညွန့်လှိုင်၏ချစ်လှစွာ သောခင်ပွန်းသည် ၁၄-၅-၂၀၂၀(ကြာသ ပတေးနေ့) ည ၆:၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၆-၅-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သင်္ဃန်းကျွန်းစံပြ ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အမှတ်(၃၃)၊ စိန်ပန်းမြိုင် လမ်း၊ (၉) ရပ်ကွက်၊ ရန်ကင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းအောင်ကျော် (တပ်မတော်-ရေ၊ ငြိမ်း)

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့၊ (၄/မြောက်) ရပ်ကွက်၊ မြို့မ(၁၂)လမ်း(အနောက်)၊ အမှတ် (၂၁၄)နေ (ဦးကျော်လှိုင်-ဒေါ်စောမြင့်)တို့၏ချစ်လှစွာသောသားကြီး၊ (၇) ရပ်ကွက်၊ ကျောင်းဝိုင်း၊ သာသနာ့ရွှေစည်ကျောင်းဆရာတော် ဦးသုမန၏ ရဟန်း ဒါယကာကြီး၊ ဒေါ်စန်းစန်းမြင့်၏မောင်၊ ဒေါ်ခင်ဌေး(အော်တိုတယ်လီဖုန်း-ငြိမ်း)၊ ဒေါ်သောင်းသောင်းမြင့် (စက်မှုလယ်ယာဦးစီးဌာန)၊ ဦးမြင့်အောင်၊ ဒေါ်အေး အေးမြင့်(အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) တို့၏ချစ်လှစွာသောအစ်ကိုကြီး ဦးထွန်းအောင်ကျော်(တပ်မတော်-ရေ၊ ငြိမ်း) သည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မိုးမိုး

**အသက် (၅၂) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်(၁)၊ အခန်း(၄၀၇)နေ ဦးအောင်-(ဒေါ်ခင်မြင့်)တို့၏ သမီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ တာပတ် အရှေ့ကျေးရွာ၊ (ကျောင်းဆရာကြီး ဦးသန်းတင်) - ဒေါ်ခင်အေးတို့၏ သမီးချွေးမ၊ ဦးဝင်းဌေး၏ဇနီး၊ (မောင်သီဟဇော်)၊ မောင်ဘုန်းတေဇကျော်တို့၏ မွေးသမိခင် ဒေါ်မိုးမိုးသည် ၁၈-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တန်ဖိုးရှိလှ လူငယ်ဘဝ

## မူးယစ်ကင်းစင် ကျန်းမာမှ

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသန့်ဇော်**
**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင်ဖြစ်သူ ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး ဒေါ်သွင်သွင်အေးမို**
**မိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသန့်ဇော်**
**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင်ဖြစ်သူ ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် ဇနီး ဒေါ်နီနီအောင်**
**မိသားစု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသန့်ဇော်**
**အသက် (၇၆) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင်ဖြစ်သူ ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့် နှင့်ဇနီး ဒေါ်ခိုင်နွယ်ထူး**
**မိသားစု**
**အရာထမ်း/အမှုထမ်းများ**
**ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးသန့်ဇော်**
**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၅၀)နေ ဦးသန့်ဇော် အသက်(၇၆) နှစ်သည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာကောင်းရာသုဂတိလားပါစေ။

**ဆရာ၏တပည့်များ**
**အေးအေးစိုး၊ သန်းသန်းလှ၊ ဥမ္မာသန့်၊**
**ဝေဝေထွန်း၊ တင်တင်လှိုင်၊ ယဉ်ယဉ်အေး**

## ဦးဝင်းထိုက်စိုး
**အသက် (၄၈) နှစ်**

ရန်ကုန်မြို့နေ (အထည်ကုန်သည် ဦးဘသန်း-ဒေါ်ကျင်)၊ မန္တလေးမြို့နေ (သစ်ဘရားသား ဦးသစ်-ရွှေမန်းအထည်စက် ဒေါ်တင်မေ)တို့၏ မြေး၊ မြောက်ဒဂုံမြို့နယ်၊ (၃၀) ရပ်ကွက်၊ ငွေသီရိ (၁)လမ်း၊ ခြံအမှတ်(၇၃၅)နေ ဦးစိုးတင့် (MEIC/JVC 8-GM)-(ဒေါ်အမာတင်)တို့၏သား၊ (မောင်သန်းထိုက်စိုး)၏ညီ၊ ဦးသက်ပိုင်စိုး-ဒေါ်မြတ်မြတ်စိုးတို့၏အစ်ကို ဦးဝင်းထိုက်စိုးသည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာကြီး
**ဗိုလ်ကြီး ဘိုဘိုကျော် (ငြိမ်း)**
**အသက် (၄၁) နှစ်**

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀၃)နေ (ဦးကျော်ဦး)-ဒေါ်သန်းသန်းငွေးတို့၏ သား၊ ဦးသန်းမောင်-ဒေါ်ကြာမှုံတို့၏ သားသမက်၊ ဒေါ်ဝိုင်းစန္ဒာထွန်း၏ခင်ပွန်း၊ မောင်ရဲရင့်မောင်၊ မအိန္ဒြေဘိုတို့၏ဖခင် ဦးဘိုဘိုကျော်သည် ၁၇-၅-၂၀၂၀ ရက် ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၀ ရက် နံနက် ၆ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
**ဒေါ်ရင်မြ**
**အသက် (၉၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၁၉)၊ မြေညီထပ်နေ (ဦးစံဝ-ဒေါ်အေး)တို့၏သမီး၊ (ဦးထွန်းရွှေ)၏ဇနီး၊ (ဦးသန်းမောင်)၏ညီမ၊ (ဒေါ်ရင်လှ)၊ (ဒေါ်မြတင်)တို့၏အစ်မ၊ ဦးဝင်းမြင့်-ဒေါ်သစ်သစ်ရွှေတို့၏မိခင်၊ မနွယ်နီအေး၏အဘွားသည် ၁၈-၅-၂၀၂၀ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
**ဒေါ်သန်းရှင် (ထားဝယ်မြို့)**
**အသက် (၈၆) နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကညွှံရပ်၊ အာဇာနည်လမ်း၊ အမှတ်(၃၅)နေ (ဦးဘအေး-ဒေါ်အုန်းစိန်)တို့၏သမီး၊ [ဦးနေဝင်း(ပြည်တွင်းအခွန်)]၏ဇနီး၊ [ဦးတင်ကြည်(ကုန်သွယ်/လယ်ယာ-ငြိမ်း)]-ဒေါ်အေးအေးကြူ (ယာဉ်/စက်-ငြိမ်း)၊ [ဒေါ်စန်းစန်းရီ(အထက-၃၊ ငြိမ်း)]တို့၏အစ်မ၊ ဒေါက်တာဇော်မိုးဝင်း (ကထိက၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်)-ဒေါက်တာဇွန်ပွင့်ရွှေ (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဒေါ်အေးအေးလွင်(ဦးစီးအရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန၊ ထားဝယ်မြို့)၊ ဒေါ်စန္ဒာဝင်း(ဌာနစုမှူး၊ စီမံဌာန၊ ထားဝယ်တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်၊ မောင်စည်သူဝင်းပြည့် (အထက-၃၊ ထားဝယ်မြို့)၏ ချစ်လှစွာသောအဘွား၊ Dr.Tsuyoshi Hasegawa – Dr.ဝေဝေသက်တင်၊ ဦးလှိုင်ဖြိုးအေး-ဒေါ်မဥ္ဇူသင်း(UAB Bank)တို့၏ ချစ်လှစွာသောကြီးကြီး၊ Goshi Hasegawa၊ မောင်လှိုင်ဘုန်းပြည့်သော်တို့၏ဘွားဘွားကြီးသည် ၁၇-၅-၂၀၂၀ ရက် ည ၈:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာကြီး
**ဦးအောင်သန်း**
**လက်ထောက်မန်နေဂျာ(ငြိမ်း)၊မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်**
**ကမ္ဘောဇဘဏ်-ဘားလမ်း**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်လေးနေ (ဦးလှဖေ-ဒေါ်စိန်လှိုင်)တို့၏သား၊ ဖ.ဆ.ပ.လ နေ (ဦးလှထွန်း-ဒေါ်မြရွှေ)တို့၏ သားသမက်၊ ခေတ္တ(အမှတ်-၁၈/B၊ အောင်နမိတ်လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့)နေ ဒေါ်ပြုံးပြုံးရီ (MFTB-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မငြိမ်းငြိမ်းသူ၊ဦးလင်းလင်းကို-ဒေါ်သိမ့်သိမ့်သူ၊ မောင်ဖြိုးသူကျော် (ခ) ဂူဂူးတို့၏ချစ်လှစွာသောဖခင်၊ မခွန်းဆင့်သဒ္ဒါကို၊ မောင်လင်းသုတကိုတို့၏အဘိုး ဦးအောင်သန်းသည် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းမြင့်
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၃၇)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနေ (ဦးကင်ချစ်-ဒေါ်ငွေတင်)တို့၏ သမီး၊ ဒေါ်အေးမြင့်(စည်ပင်)၏ ညီမ၊ ဦးစိုးတင် (တွဲ/ပါမောက္ခ-ငြိမ်း၊ သင်္ချာ)-ဒေါ်သန်းသန်းစိန်၊ ဦးသန်းဝင်း(လ/ညွှန်-ငြိမ်း)-ဒေါ်ခင်အေးအောင်(လ/ညွှန်-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၊ ဦးမျိုးလွင် (မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ဝင်းယုလွင်(ညွှန်/မှူး-ငြိမ်း၊ တံတားဦးစီးဌာန)၊ ဒေါက်တာမော်လီချစ်(ညွှန်/မှူး-ငြိမ်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)တို့၏အစ်မသည် ၁၈-၅-၂၀၂၀ ရက် နံနက် ၆:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းအုန်း
**အထက(၃) မြောက်ဒဂုံ၊ အလယ်တန်းပြ (ငြိမ်း)**
**အသက် (၆၂) နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၀) ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်(၁၃၆၆)နေ (ဦးအောင်စောလှ-ဒေါ်နု)တို့၏စတုတ္ထသမီး၊ ဦးကျော်ကျော်-(ဒေါ်အေးအေးခိုင်)၊ (ဦးမျိုးအောင်-ဒေါ်တင်တင်အုန်း)၊ ဦးထွန်းဝေ-ဒေါ်ချိုချိုဝင်းတို့၏ညီမ၊ (ဦးဇော်ကြီး)-ဒေါ်မင်းမင်းထွေး၊ (ဦးစောဝင်းအောင်)-ဒေါ်ခင်ဆွေမော်တို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ် ဒေါ်စန်းစန်းအုန်းသည် ၁၇-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၅-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အနိစ္စ

ပုလောမြို့နယ်အသင်း (ရန်ကုန်)
**ဦးဘသိန်းတင်**
(ထားဝယ်/ပုလော)
အသင်းဝင်အမှတ်(၅၀၆)
**အသက် (၇၇) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဆရာစံမြို့သစ်နေ ဒေါ်သန်းမြ၏ခင်ပွန်းသည် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) ည ၆:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ သာယာဝတီမြို့ ထောင်ကြီးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**ဘဒ္ဒန္တဝါယမ (သဒ္ဓမ္မဇောတိကဓဇ)**
**မဟာပဏ္ဍာန်းဆရာတော်**
**သိက္ခာတော် (၆၅) ဝါ၊ သက်တော် (၈၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း (၃)လမ်း၊ သုဓမ္မာတိုက်ကျောင်း ဘဒ္ဒန္တဝါယမ (သဒ္ဓမ္မဇောတိကဓဇ) မဟာပဏ္ဍာန်းဆရာတော်ကြီးသည် (၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) ၁၈-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၉:၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါကြောင်း တပည့်ရဟန်းရှင်လူဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးထွန်းရွှေ (မိုးကုတ်ယောဂီ)**
**မိတ္ထီလာအသင်း**
**အသက် (၈၈) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်လေး အရှေ့ပိုင်းရပ်ကွက်၊ (၉၂) လမ်း၊ အမှတ် (၈၄)နေ (ဦးရွှေခင်-ဒေါ်မိ)တို့၏ သား၊ (ဒေါ်ခင်မြ)၏ ခင်ပွန်း၊ ဒေါက်တာငွေအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကုသရေးဦးစီးဌာန၊ ကမအဝ)-ဒေါ်တင်မြင့်ရီ၊ ဦးတင့်အောင်-ဒေါ်ကျော့၊ ဦးကျော်ဝင်းအောင်-ဒေါ်ဝင်းဝင်းထက်တို့၏မွေးသဖခင်၊ မဆုဝေနိုင်၊ မောင်ရဲမာန်အောင်တို့၏အဘိုး ဦးထွန်းရွှေသည် ၁၈-၅-၂၀၂၀ ရက် နံနက် ၁၀:၄၅ နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟနှင့် ဓမ္မမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘိုဝင်း
**စာရင်းစစ်၊ မြန်မာ့ရေလုပ်ငန်း၊ ဘဏ္ဍာရေးဌာန (ငြိမ်း)**
**စာရင်းစစ်ချုပ်၊ ထူးမိသားစုကုမ္ပဏီ**
**အသက် (၆၈) နှစ်**

ကျောက်ပန်းတောင်းမြို့နေ (ဦးထွန်းလှိုင်-ဒေါ်သိန်း)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် (၂၄)၊ အခန်း (၃၇)နေ (ဗိုလ်မှူးအုန်းစိန်)-ဒေါ်လှလှသိန်းတို့၏ သားသမက်၊ မခင်ချောလှဲ့ဝင်း(ခေတ္တ-ဂျပန်)၊ ဒေါက်တာခင်ချောစုဗိုလ် (YGH)တို့၏ဖခင်၊ ဒေါ်ညိုမီအုန်း (လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ မွေး/ကုဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၅-၂၀၂၀ (စနေနေ့) ည ၇:၃၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၀ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးထွန်းသိန်း (မာန်အောင်)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဈေးလမ်း၊ အမှတ် (၂၈)၊ မြေညီထပ်နေ (ဦးချစ်ထွန်းဖြူ)-ဒေါ်စိန်ရင်ဦးတို့၏သား၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၂၂)၊ လေးလွှာ(B)နေ ဒေါ်ခိုင်ရွှေညွှန့် (မြို့နယ်ပညာရေးမှူး-ငြိမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်)၏ ခင်ပွန်း၊ ဦးထွန်းရင်-ဒေါက်တာဒေါ်ခိုင်ဇံမြ (OG)၊ (ဦးထွန်းတင်)၊ ဒေါ်ခင်ခင်သိန်း (ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းစည်ပင်)၊ ဦးညီသိန်း၊ မပုမချောတို့၏ ညီ/အစ်ကို၊ ဦးဇော်မြင့်ဦး-ဒေါ်ပန်းအိခိုင်ထွန်း (Tour Mandalay)၊ ဒုရဲအုပ်ထွန်းမင်းခိုင် (သုံးဆယ် နယ်မြေရဲစခန်း)-ဒေါ်မေဇော်ခင်ဦးတို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၅-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါကြောင်းနှင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်အား ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၂၊ ကျောက်မြောင်းဈေးလမ်း၊ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
**ဆိုဖီယာ (ခ) ဒေါ်အေးနန္ဒာ**
**အသက် (၄၄) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၁၄)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ [ဗိုလ်မှူးမြင့်လွင်(ရေ-ငြိမ်း)-ဒေါက်တာဒေါ်ဇင်မြဝေ]တို့၏ သမီး၊ (ဦးအောင်လွင်)၊ ဦးကျော်လွင် (S.R SHIPPING Co.,Ltd)-ဒေါ်ထွေးတို့၏ ညီမ၊ မနေခြည်နှင်းထက်၏ အဒေါ်သည် ၁၇-၅-၂၀၂၀ ရက် နံနက် ၉ နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇောဟိုရ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ

## စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရှိရန်အချက်များ

၁။ ဆိုင်သို့ရောက်ရှိလာသည့် စားသုံးသူများအားလုံးကို အဝင်ဝတွင် အပူချိန်တိုင်းရန်နှင့် လက်ဆေးစေရန်။

၂။ စားသုံးသူများ ထိုင်မည့်နေရာသည် လေဝင်၊ လေထွက်ကောင်းသောနေရာဖြစ်ရမည်။ လေအေးပေးစက်တပ်ဆင်ထားသော အခန်းဖြစ်ပါက ပြတင်းပေါက်များ ဖွင့်ထားရမည်။

၃။ တစ်ယောက်ချင်းစီစားနိုင်ပြီး တစ်ဦးနှင့်တစ်ဦးကြားတွင် ကတ်ထူပြား၊ မှန်ပြား၊ သစ်သားပြားတို့ဖြင့် အကန့်အကန့်ထားပေးပြီး စားသောက်နိုင်ရေး စီစဉ်ပေးရမည်။

၄။ အတူလာရောက်သည့် ငါးဦးထက်မပိုသော မိသားစုဖြစ်ပါက Distancing စားပွဲတွင် အတူထိုင်နိုင်အောင် စီစဉ်ပေးရမည်။

၅။ ကိုယ်တိုင်ယူစနစ်ဖြင့် ရောင်းချသော အစားအစာ (Buffet, Self- service) များ ရောင်းချခြင်းကို ဆိုင်ဝန်ထမ်းကသာ ဝန်ဆောင်မှုပေးရမည်။

၆။ ပန်းကန်၊ ဇွန်းများအား တစ်ခါသုံးပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ထားသော ပန်းကန်/ ဇွန်း များသာ အသုံးပြုရမည်။

၇။ အစားအသောက်စာရင်း (Menu)အား ချိတ်ဆွဲထားခြင်း သို့မဟုတ် စားပွဲမှန်အောက်၌ထား၍ဖြစ်စေ ထည့်သွင်းပေးထားရမည်။

၈။ COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေးပိုစတာများ၊ ဗီနိုင်းများကို လူအများမြင်သာသည့်နေရာများတွင် ချိတ်ဆွဲထားရှိရမည်။

၉။ ငွေရှင်းကောင်တာမှ ငွေလက်ခံသည့် စနစ်ဖြစ်ပါက စားသုံးသူနှင့်တိုက်ရိုက်ထိတွေ့မှုမရှိစေရန် ကောင်တာရှေ့တွင် မှန်ကာထားရမည်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❐



ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# ဖိလစ်ပိုင်တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၁၈**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၁ ဦးအား Air Asia Philippines ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီ ၂၅ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် စာမျက်နှာ ၇ ကော်လံ ၁ သို့ ■

# အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်(AMPHAN)နှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁၈-၅-၂၀၂၀

■ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၈-၅-၂၀၂၀)နေ့(၁၄:၀၀) အချိန် ထုတ်ပြန်သည့် စူပါဆိုင်ကလုန်းမုန်တိုင်းသတင်း အမှတ်စဉ် (၁၄/၂၀၂၀)အရ လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနမှ လေ့လာဆန်းစစ်တွေ့ရှိချက်များအရလည်းကောင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင်ဖြစ်ပေါ်နေသော စူပါဆိုင်ကလုန်းမုန်တိုင်း(Super Cyclonic Storm) အမ်ဖန်(AMPHAN)၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဘဲ အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေဒေသများကို ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း သိရှိရပါသည်။

■ အဆိုပါ အဖျက်စွမ်းအားကြီးမားသော စူပါဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်(AMPHAN)သည် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားနိုင်ဖွယ်မရှိသော်လည်း မုန်တိုင်း၏အရှိန်ကြောင့် (၁၈-၅-၂၀၂၀)နေ့မှ (၂၁-၅-၂၀၂၀)နေ့အတွင်း စာမျက်နှာ ၆ ကော်လံ ၁ သို့ ❂




## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင်မော်တော်ယာဉ် တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်း၍ ဆက်သွယ်သတင်းပေးပို့နိုင်

**နေပြည်တော် မေ ၁၈**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင်မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီအား ၂၈-၄-၂၀၂၀ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀)ဖြင့် ဖွဲ့စည်းခဲ့သည်။

ကော်မတီအနေဖြင့် ဖြစ်စဉ်အမှန်ကို စုံစမ်းစစ်ဆေးဖော်ထုတ်သိရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ်သို့ ၁၂-၅-၂၀၂၀ ရက်မှ ၁၅-၅-၂၀၂၀ ရက်အထိ မြေပြင်ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် နိုင်ငံတကာစံနှုန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကော်မတီသို့ ဆက်သွယ်သတင်းပေးပို့လိုသည်များရှိပါက အောက်ပါ E-mail လိပ်စာ၊ WhatsApp နှင့် Viber နံပါတ်များသို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း အသိပေးထားသည်-

Email – vechcoms@gmail.com
WhatsApp – +959440254439
Viber – +959440254439

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ


ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ထိုင်းနိုင်ငံ၏ စီးပွားရေးကျဆင်း စာမျက်နှာ » ၁၂

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း စာမျက်နှာ » ၁၅

အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေးနှင့် COVID- 19 ကပ်ရောဂါကာလအလွန် ပြန်လည်ထူမတ်ရေး အစီအစဉ် စာမျက်နှာ » ၁၉

မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက်လက်ရွေးစင်အသင်းများ လေ့ကျင့်မည့်ရက် သတ်မှတ်မည် စာမျက်နှာ » ၂၅

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၉၊ ၂၀၂၀ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး

ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ၊ တိုင်းဒေသကြီးပြန်ဆက်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်

**မန္တလေးကို မြန်မာမင်းများလက်ထက်က တမ္ပဒီပတိုင်းဟု ခေါ်ခဲ့ကြသည်။ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်တို့ ထွန်းပေါက်ဖွားရာဒေသဟု ပညာရှင်များက သတ်မှတ်ခဲ့ကြသည်။ ကျုံးနှင့် မြို့ရိုး ကာရံထားသော မန္တလေးနန်းတော်ကြီးသည် ကုန်းဘောင်မင်းဆက်၏ ဘုရင်များ စိုးစံခဲ့သောနေရာဖြစ်သည်။ မြန်မာနိုင်ငံ၏ အလယ်ဗဟိုတွင် တည်ရှိသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုတို့ စုဝေးရာဒေသဖြစ်သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်။ မန္တလေးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၏ အဓိကစီးပွားရေးဗဟိုချက်ဖြစ်သည်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်ချိတ်ဆက်ရန် အချက်အချာနေရာတွင်တည်ရှိပြီး အာရှအမြန်လမ်းများသည် မန္တလေးမြို့မှတစ်ဆင့် ဖြတ်သန်းလျက်ရှိသည်။**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်တာဝန်ထမ်းဆောင်ခဲ့ကာ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**မူဝါဒ**

ထို့အတူ နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေး စသည့်မူဝါဒများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ရည်မှန်းချက်**

ထို့အတူ ပြည်သူလူထုနှင့်လက်တွဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးတည်ထောင်ရာတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**လုပ်ငန်းစဉ်များ**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်အတွက် စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းများပြုလုပ်ခြင်း၊ တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်း၊ အရေးယူဆောင်ရွက်မှုများကို တိုင်းဒေသကြီးလွှတ်တော်သို့ ပြန်လည်အစီရင်ခံခြင်း၊ နယ်မြေဒေသ၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေး**

ထို့ပြင် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးနှင့် မြို့နေလူထု စိတ်ချမ်းမြေ့ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် (၄) နှစ်တာကာလအတွင်း အခြေခံအဆောက်အအုံဖြစ်သည့် လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။

**မြို့တွင်းယာဉ်အန္တရာယ်ကင်းရှင်းရေး**

မြို့တွင်းယာဉ်ကြောကျပ်တည်းမှု လျှော့ချစေရေး၊ ယာဉ်ရပ်နားမှု စနစ်တကျရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်ရေးတို့အတွက် Down Town ဧရိယာဖြစ်သည့် Road Side Car Parking နေရာ ၁၉၁၉ ခုတို့တွင် သာမိုပလတ်စတစ်ဖြင့် ဆေးလိုင်းရေးဆွဲနိုင်ခဲ့သည်။


မြို့တော်အတွင်း ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းဆုံများတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် မြို့နယ် ခြောက်မြို့နယ်တွင် (၄) နှစ်တာကာလအတွင်း ရိုးရိုးမီးပွိုင့် ၅၂ ခု၊ SCATS စနစ် မီးပွိုင့် ၅၀ နှင့် Individual Loop Sensor မီးပွိုင့်နှစ်ခု တပ်ဆင်နိုင်ခဲ့သည်။ SCATS စနစ်သုံးမီးပွိုင့် ၅၀ ၌ မီးပွိုင့်များတွင် ဖြတ်သန်းသွားလာသော ယာဉ်နံပါတ်များ မှတ်တမ်းရယူထားနိုင်သော ANPR Camera အလုံး ၁၅၀၊ မီးပွိုင့်များတွင် 360 Degree လှည့်ပတ်စောင့်ကြည့်နိုင်သော PTZ Drone Camera အလုံး ၅၀၊ ယာဉ်စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များ မှတ်တမ်းရယူနိုင်သော e-Police Camera ၆၃ ခု၊ Parking ရပ်တန့်ထားမှု စောင့်ကြည့်မှတ်တမ်းရယူနိုင်သော Parking Traffic PTZ Camera တစ်ခုတို့ကို တပ်ဆင်၍ နေ့စဉ်စောင့်ကြည့်မှတ်တမ်းရယူလျက်ရှိသည်။

ထို့ပြင် Control Center တွင် SCATS Software ဖြင့် SCATS မီးပွိုင့် ၅၀ ကို ထိန်းချုပ်လျက်ရှိပြီး Intelligent Traffic Monitor System Platform Software ဖြင့် ယာဉ်နံပါတ်ပြားများ မှတ်တမ်းရယူခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပြစ်မှုများဖြစ်သော Red Light Running, Over Lane Line, Lane Provisions Violation, Illegal Lane Change နှင့် Wrong Way Driving Function စသည်ဖြင့် မှတ်တမ်းရယူ ဆောင်ရွက်လျက်ရှိသည်။

**ရေဆိုးစွန့်ထုတ်**
**သန့်စင်စက်ရုံများ တည်ဆောက်**

ထို့အတူ မန္တလေးမြို့ပြဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Mandalay Urban Services Improvement Project– MUSIP) ကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ချေးငွေနှင့် ဆက်စပ်ရရှိသော ကူညီထောက်ပံ့ငွေတို့ဖြင့်

အထူးကဏ္ဍ [ ခ ] သို့ »»»



မန္တလေးနန်းတော်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ-တာရာ

»»» အထူးကဏ္ဍ [ က ] မှ

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်း၏ လုပ်ငန်းအစိတ်အပိုင်းများအနေဖြင့် သင်္ဂဇာ Interceptor (ရေဆိုးနှင့် မိုးရေခွဲခြားစွန့်ပစ်ခြင်း)၊ ၃၈ လမ်း သင်္ဂဇာမြောင်းဆုံတွင် ရေဆိုးစွန့်ထုတ်စက်ရုံ တည်ဆောက်ခြင်း၊ ရွှေတချောင်းမြောင်းကို မိုးရေနှင့် အိမ်သုံးစွန့်ပစ်ရေ ခွဲခြားစွန့်ပစ်သည့်စနစ် အဆင့်မြှင့်တင်ခြင်း၊ အမရပူရမြို့နယ် ရွှေခဲရေဆိုးစွန့်ထုတ်စက်ရုံ တည်ဆောက်ခြင်းနှင့် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ညီအစ်မမြို့တော်တည်ထောင်ခြင်း**

ထို့ပြင် မန္တလေးမြို့နှင့် ဘူဆန်မြို့တော်အကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်စေရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့နှင့် မန္တလေးမြို့တို့အကြား ညီအစ်မမြို့တော် တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ဘူလ်ဆန်မြို့မှ ဆေးအဖွဲ့ (Medical Team)ကို မန္တလေးမြို့အနီးဝန်းကျင်ရှိ ကျေးလက်ဒေသများသို့ စေလွှတ်နိုင်ရေးကို ဆွေးနွေးခဲ့ကြသည်။

ထို့ကြောင့် ဘူဆန်မြို့မှ ဆရာဝန်၊ သူနာပြု၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ အဖွဲ့ဝင် ၂၅ ဦးပါဝင်သည့် အဖွဲ့သည် ၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက်မှ ၂၈ ရက်အထိ အမရပူရမြို့နယ် စာတော်ကျေးရွာတွင် ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၄၄၇၇ ဒေါ်လာနှင့်ညီမျှသော ဆေးဝါးများကို လှူဒါန်းခဲ့သည်။

**မန္တလေးမြို့ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး**

ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် ဖီးနစ်မြို့က ပေးအပ်သော ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် ပြည်သူ့ဂုဏ်ရည်ဆုကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ရရှိခဲ့ပြီး ဆုပေးအပ်ပွဲအခမ်းအနားကို မန္တလေးမြို့ ကွန်ဗင်းရှင်းစင်တာ၌ ၂၀၁၉ ခုနှစ် ဧပြီ ၂၈ ရက်တွင် ကျင်းပနိုင်ခဲ့သည်။

ထို့ပြင် အာဆီယံဒေသအတွင်း မြို့ပေါင်း ၂၆ မြို့မှ Smart City ဖြစ်ရန် အလားအလာအကောင်းဆုံးထိပ်တန်း ၁၀ မြို့တွင် မန္တလေးမြို့သည် အဆင့် ၅ တွင် ပါဝင်ခဲ့ပြီး Most Promising Top 10 Smart Cities 2019 အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။

အလားတူ မန္တလေးမြို့တော်နေ ပြည်သူများ အပါအဝင် မသန်စွမ်းသူများ အသုံးပြုနိုင်ရန် အများသုံးသန့်စင်ခန်းကို ချမ်းအေးသာစံမြို့နယ် လမ်း ၇၀၊ ၂၆ လမ်း နှင့် ၂၇ လမ်းကြား၌ ဆောင်ရွက်ခဲ့ရာ Design & Environment System, Amenities & Facilities, Cleanliness and Safety များအပေါ် Criterion အဖြစ် သတ်မှတ်ပြီး ASEAN Public Toilet Awards 2019 – 2020 ဆုကို အဆိုပါသန့်စင်ခန်းက ရရှိခဲ့သည်။

ထို့ပြင် Asian–Oceanian Computing Industry Organization (ASOCIO) သည် မြန်မာနိုင်ငံ မြို့တော်ကြီးများ၏ ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုအတွက် ASOCIO 2019 Smart City Award ဆုကို မန္တလေးမြို့က ရရှိခဲ့သည်။ ထို့ပြင် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် GovInsider Innovation Awards အဖွဲ့အစည်းနှင့် UN Economic & Social Commission for Asia Pacific (UNESCAP) တို့က မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်အောင် အီလက်ထရွန်နစ်နည်းပညာများနှင့် ဆန်းသစ်တီထွင်ပြီး ဆောင်ရွက်မှုခဲ့များအပေါ် အသိအမှတ်ပြုရွေးချယ်ပေးအပ်သည့် Rising Star Award ဆုကိုလည်းရရှိခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆုလက်ခံရယူနိုင်ခဲ့သည်။

**ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စီမံခန့်ခွဲရေးအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း World Heritage Centre သို့ စာပေးပို့တင်ပြခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ကျင်းပသည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ညီလာခံတွင် မြန်မာနိုင်ငံမှ ပုဂံဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (World Cultural Heritage Site in Myanmar) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

**မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူစေရေးအတွက် (၄) နှစ်တာကာလအတွင်း မြို့ပြလမ်းလုပ်ငန်းများဖြစ်သည့် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်းနှင့် ဂျင်း/ဂဝံလမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြို့ပြတံတားလုပ်ငန်း၊ Box Culvert၊ သစ်သားတံတား၊ ရေပြွန်နှင့် ရေကျော်တံတားများကို ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် မြို့ပြရေပေးဝေရေးလုပ်ငန်း၊ ကျေးလက်စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်၊ ကန်၊ တူးမြောင်းများ ပြုပြင်ခြင်းလုပ်ငန်း၊ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးလုပ်ငန်း၊ လယ်ယာမြေရေနစ်မြုပ်မှုမှ ကာကွယ်ရန် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း၊ မြစ်ရေတင်လုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်အတွက် ကုန်ထုတ်လမ်းနှင့် တံတားများပြုပြင်ခြင်းတို့ကို နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် (၄) နှစ်တာကာလအတွင်း စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၉၀၉ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၅၈ ခု၊ ရေဘေးကာကွယ်ရေးလုပ်ငန်း ၁၂၃ ခု၊ အခြားဆက်စပ်လုပ်ငန်းများ ၃၁၉ ခု၊ ဆည်မြောင်းရေသောက်စနစ်များ ပြုပြင်ခြင်းလုပ်ငန်း ၁၀၉၇ ခု၊ ဆည်/ကန်ငယ်များ ပြုပြင်ခြင်းလုပ်ငန်း ၁၅၆ ခုနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ၃၃ ခု စုစုပေါင်းလုပ်ငန်း ၂၆၉၅ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် (၄) နှစ်တာကာလအတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာ ၁၀၃၈ ရွာမှ အိမ်ခြေ ၁၉၄၆၈၈ အိမ်ရှိ လူဦးရေ ၉၆၆၂၅၅ ဦးအတွက် ရေတွင်း/ရေကန်၊ စိမ့်စမ်း၊ အခြားလုပ်ငန်း ၁၀၄၄ ခု စုစုပေါင်းငွေကျပ်သန်း ၁၁၃၈၉ ဒသမ ၃၁၁၁၈ သန်း ကျခံဆောင်ရွက်ခဲ့သည်။

**လျှပ်စစ်ဓာတ်အားပေးရေး**

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် လျှပ်စစ်ကဏ္ဍ

အထူးကဏ္ဍ [ ဂ ] သို့ »»»



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကင်းတားလက်ဝဲမြောင်းမကြီး မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ ဓာတ်ပုံ–ထွန်းထွန်းနိုင် (ပြန်/ဆက်)



မန္တလေးမြို့ ၆၆ လမ်းကျုံးအရှေ့ဘက်ရှိ အများပြည်သူ အနားယူအပန်းဖြေရန် ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ–ထွန်းထွန်းနိုင်(ပြန်/ဆက်)

**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် (၄)နှစ်တာကာလအတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာ ၁၀၃၈ ရွာမှ အိမ်ခြေ ၁၉၄၆၈၈ အိမ်ရှိ လူဦးရေ ၉၆၆၂၅၅ ဦးအတွက် ရေတွင်း/ရေကန်၊ စိမ့်စမ်း၊ အခြားလုပ်ငန်း ၁၀၄၄ ခု စုစုပေါင်းငွေကျပ်သန်း ၁၁၃၈၉ ဒသမ ၃၁၁၁၈ သန်း ကျခံဆောင်ရွက်ခဲ့**



ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် ဦးပိန်တံတားအား တွေ့ရစဉ်။ ဓာတ်ပုံ–အောင်ဖြိုးရှိန်

»»» အထူးကဏ္ဍ [ ခ ] မှ

တွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် (၄) နှစ်တာကာလ အတွင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၅၂၇၄၀ ဒသမ ၅၃၈ ဖြင့် ကျေးရွာပေါင်း ၂၉၇၆ ရွာ လျှပ်စစ်ဓာတ်အား ရရှိရေး ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ကျေးလက်ဒေသပြည်သူများ အတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ကို NEP စီမံကိန်းဖြင့် Solar သုံးစွဲမှုကို ဆောင်ရွက်ခဲ့ရာ ကျေးရွာ ၁၂၁ ရွာအတွက် ငွေကျပ် ၃၉၉၃ ဒသမ ၇၇၇ သန်း ကျခံ ဆောင်ရွက်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေး တိုင်းဒေသကြီးအတွင်း လမ်းဦးစီးဌာနနှင့် B.O.T ကုမ္ပဏီများမှ ကတ္တရာ ကွန်ကရစ်လမ်း ခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာ လမ်းချဲ့ခြင်းလုပ်ငန်း၊ ကတ္တရာထပ်ပိုးလွှာခင်း ခြင်းလုပ်ငန်း၊ ကတ္တရာလမ်း အနိမ့်အမြင့်ညှိ ခြင်း၊ ဒုံပေါက်များတူးထုတ်၍ ကတ္တရာခင်းခြင်း၊ မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်း၊ မြေကာ နံရံ တည်ဆောက်ခြင်း၊ ပေ ၂၀ အောက်တံတား၊ ပေ ၂၀ နှင့် ပေ ၅၀ အောက်တံတား၊ ပေ ၅၀ နှင့် ပေ ၁၀ အောက် တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၉၈၈ သန်းနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၃၆၉၇ ဒသမ ၁၇၀၇ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ကျေးလက်လမ်းတံတားများ**

ထို့အတူ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနအနေဖြင့် ကျေးလက်ဒေသနေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ကျေးရွာချင်းဆက်လမ်းများ၊ တံတားများဆောက်လုပ်ခြင်း၊ သဘာဝဘေး ဆိုင်ရာကိစ္စရပ်များအတွက် ဆောင်ရွက်ပေး ခြင်းတို့ကို ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ တိုင်း ဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ၊ သဘာဝ ဘေးရန်ပုံငွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံ ငွေများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည်။

**ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ၊ UNICEF နှင့် JICA အထောက်အပံ့၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ ရန်ပုံငွေနှင့် နိုင်ငံတော်သမ္မတ လှူဒါန်းငွေ တို့ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်ခဲ့သည်။

**စီမံကိန်းဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ**

မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုတွင် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေရရှိရေး၊ မီးလင်း ရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း နှင့် အခြားလုပ်ငန်းများအတွက် ဒေသခံပြည်သူ များအား ငွေထုတ်ချေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် JICA မှ ကျေးလက်ရေရရှိ ရေးလုပ်ငန်းများနှင့် BAJ မှ ကျေးလက်ရေရရှိ ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပညာရေးကဏ္ဍ**

ပညာရေးကဏ္ဍတွင် မန္တလေးတိုင်းဒေသ ကြီး ပညာရေးမှူးရုံးအနေဖြင့် (၄) နှစ်တာ ကာလအတွင်း အထက်တန်းကျောင်း ၁၀၀၈ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀၂၇ ကျောင်း၊ အလယ်တန်းကျောင်း ၁၀၆၁ ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၁၄၈၆ ကျောင်း၊ မူလတန်းလွန်ကျောင်း ၂၀၈၅ ကျောင်း၊ မူလတန်းကျောင်း ၉၈၂၂ ကျောင်း၊ မူလတန်းခွဲကျောင်း ၃၀၃ ကျောင်း ဖွင့်လှစ်နိုင် ခဲ့သည်။ ကျောင်းပြင်ပပညာရေး (မူလတန်း) အခြေခိုက်စခန်း ၃၂ ခု ဖွင့်လှစ်သင်ကြားပေး နိုင်ခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြှင့်တင် ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်း နှင့် ပြန်လည်ထူထောင်ခြင်းဟူသော ကျန်းမာ ရေး စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည်။ ပြည်သူလူထုကျန်းမာရေး အတွက် လိုအပ်သော ကျေးလက်ကျန်းမာရေး ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများကို ဘဏ္ဍာနှစ်အလိုက် တိုးချဲ့၍ အသစ်တည် ဆောက်ပေးခဲ့ရာ (၄)နှစ်တာကာလအတွင်း ကျေးလက်ကျန်းမာရေးဌာန ကိုးခုနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲ ၃၀ တို့ကို အသစ်တည် ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**ကိုဗစ်–၁၉ ရောဂါဆောင်ရွက်မှု**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်– ၁၉ ရောဂါ စောင့်ကြည့်စစ်ဆေးကုသရေး တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ (Surveillance and Respond Team – SRT) ကို တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၃၄ ဦးတို့ဖြင့် ဖွဲ့စည်း ထားရှိခဲ့သည်။

**၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းဦးစီးဌာနနှင့် B.O.T ကုမ္ပဏီများမှ ကတ္တရာကွန်ကရစ်လမ်း ခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ကတ္တရာလမ်း အနိမ့်အမြင့် ညှိခြင်း၊ ဒုံပေါက်များတူးထုတ်၍ ကတ္တရာခင်းခြင်း၊ မြေသားတာပေါင် ချဲ့ခြင်းလုပ်ငန်း၊ မြေကာနံရံတည်ဆောက်ခြင်း၊ ပေ ၂၀ အောက် တံတား၊ ပေ ၂၀ နှင့် ပေ ၅၀ အောက်တံတား၊ ပေ ၅၀ နှင့် ပေ ၁၀ အောက်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၉၈၈ သန်းနှင့် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေကျပ်သန်း ၂၃၆၉၇ ဒသမ ၁၇၀၇ ဖြင့် ဆောင်ရွက်လျက်ရှိ**



မန္တလေးမြို့ ၃၄ လမ်း (၇၉ x ၈၆ လမ်းကြား) နိုင်လွန်ကတ္တရာလမ်းခင်းထားမှုကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး အတွင်း ရောဂါဝင်ရောက်နိုင်ဖွယ်ရှိသည့် နေရာများတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်း များဆောင်ရွက်ခြင်း၊ ရောဂါအတည်ပြုလူနာ နှင့် သံသယလူနာများအတွက် ရောဂါစစ်ဆေး ခြင်းနှင့် ကုသမှုခံယူနိုင်မည့် သီးခြားလူနာ ခန်းများ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ရောဂါနှင့် ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးနည်း လမ်းများနှင့် နောက်ဆုံးရသတင်းအချက် အလက်များ အချိန်မီသတင်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် နယ်နိမိတ်ခြင်း ထိစပ် လျက်ရှိသည့် နေပြည်တော်နှင့် အခြား ပြည်နယ်/ တိုင်းဒေသကြီးများကို ညှိနှိုင်းပေါင်း စပ်၍ သတင်းအချက်အလက်များ ရယူခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**အားကစားအဆင့်အတန်းတိုးတက်မြင့်မာရေး**

မန္တလေးတိုင်း ဒေသကြီးအတွင်းမှ အားကစားမောင်မယ်များ ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းရေးအတွက် ပြည်တွင်းပြိုင်ပွဲများ၊ နိုင်ငံတကာပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများကို လက်ခံကျင်းပခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်ခြင်း များ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲ များအနေဖြင့် 20th Asean Age Group Chess Championship 2019 ပြိုင်ပွဲ၊ World 6 Red Snooker & World Team Snooker Championship 2019 ပြိုင်ပွဲ၊ ၂၀၁၉ ခုနှစ် (၆၁) ကြိမ် မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီး ပြိုင်ပွဲနှင့် 5th Takuya Taniyama Cup Karate Championship 2019 ပြိုင်ပွဲတို့ကို နိုင်ငံတကာ မှ ပြိုင်ပွဲဝင်အသင်းများဖြင့် အောင်မြင်စွာ ကျင်းပခဲ့သည်။

**လူထုအားကစားလှုပ်ရှားမှုများ**

ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု တွင် ၂၀၁၆ ခုနှစ်၌ တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် အတက်ကြွဆုံးလှုပ်ရှားဆောင်ရွက် မှု ပထမဆု၊ ၂၀၁၇ ခုနှစ်တွင် အတက်ကြွဆုံး လှုပ်ရှားဆောင်ရွက်မှု ပထမဆုနှင့် ၂၀၁၉ ခုနှစ် တွင် အတက်ကြွဆုံးလှုပ်ရှားဆောင်ရွက်မှု နှစ်သိမ့်ဆုတို့ ရရှိခဲ့သည်။

**နိုင်ငံ့လက်ရွေးစင်များမွေးထုတ်**

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ
အစိုးရအဖွဲ့၏ (၄)နှစ်တာကာလအတွင်း ကြက်တောင်၊ ဘိလိယက်နှင့် စနူကာ၊ ဟော်ကီ၊ ရေကူး ၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ပီတန်း၊ ရိုးရာခြင်းလုံး၊ ဝူရှူး၊ ဘောလုံး၊ ဖူဆယ်ဘောလုံး၊ ဘော်လီဘောနှင့် ပြေးခုန်ပစ် စသည့် အားကစားနည်းများမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**အိမ်ရာတည်ဆောက်ရေး**

ပြည်သူများ နေထိုင်မှုအဆင်ပြေစေရန် အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုက် ၂၁ လုံးမှ အခန်း ၅၀၄ ခန်း၊ ထပ်မံပြီးစီးမည့် တိုက် ၂၃ လုံးမှ အခန်း ၅၅၂ ခန်းကို မြို့နယ် ခြောက်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများကို ပွင့်လင်းမြင်သာစွာ မဲနှိုက်၍ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန် အတွက် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒုတိယကာလတို ငါးနှစ်စီမံကိန်းတွင် အိမ်ခန်းပေါင်း ၂၀၀၀ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်တွင် ဝန်ထမ်း သုံးဦးလျှင် အိမ်ခန်း တစ်ခန်းနှုန်း ချထားပေးရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘေးအန္တရာယ်ဆိုင်ရာထောက်ပံ့မှုများ**

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ပါက သဘာဝဘေးအန္တရာယ်များ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန်အတွက် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ထားပြီး ဘေးသင့်ပြည်သူများ ထောက်ပံ့နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်နိုင်ခဲ့သည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် တရုတ်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့က လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၅၂၈ ဒသမ ၉၈၃ သန်းဖြင့် လုပ်ငန်း ၁၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံသားရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

ထို့အတူ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ပမာဏ ငွေကျပ် ၃၂၅၀၃ ဒသမ ၀၀၉ သန်းဖြင့် လုပ်ငန်း ၁၆ ခုနှင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ရင်နှီးမြှုပ်နှံမှု ပမာဏငွေကျပ် ၇၆၂၃၈ ဒသမ ၂၃၉ သန်းဖြင့် လုပ်ငန်း လေးခုတို့ကို လုပ်ငန်းများဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်/ အတည်ပြုမိန့်များ ထုတ်ပေးနိုင်ခဲ့သည်။

**e–Government လုပ်ငန်းများ**

(၄) နှစ်တာ ကာလအတွင်း e–Government စနစ်အကောင်အထည်အဖော် ဆောင်ရွက်လျက်ရှိရာ e–Mandalay Web Portal (www.emandalay.gov.mm) မှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာ ဌာန ၁၄၀ ၏ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုဆိုင်ရာအချက်အလက်များ (လျှောက်လွှာများ၊ စည်းမျဉ်းစည်းကမ်းများ)၊ တင်ဒါကြော်ငြာများကို လွှင့်တင်ထားရှိပြီး ဝန်ဆောင်မှုပေးခြင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် Tier–2 အဆင့်ရှိ Data Center တည်ဆောက်ထားရှိခြင်း၊ မန္တလေးမြို့ရှိ ရေငုတ်နှင့် စခန်းများ၊ ရဲစခန်းများ၊ လူမှုကူညီရေး အသင်းများသို့ အလွယ်တကူ ဆက်သွယ်သွားလာရန် လမ်းကြောင်းပြ Application တစ်ခုဖြစ်သည့် i Route Application ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် ဝင်စာ/ထွက်စာများ မှတ်တမ်းတင်ခြင်း၊ အမှုတွဲများ ထိန်းသိမ်းခြင်းနှင့် တင်ပြစာများ အဆင့်ဆင့်တင်ပြနိုင်ရန် Electronic Document Management System (EDMS) ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် e–Government ဆိုင်ရာ အခြေခံကွန်ပျူတာသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ စိတ်ပါဝင်စားသည့် ဌာနဆိုင်ရာဝန်ထမ်းများကို ကွန်ပျူတာတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့သည်။


ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်သော ပြင်ဦးလွင်မြို့နယ် သာစည်ပင်မဓာတ်အားခွဲရုံတွင် 33 kv Switchbay(1) Set တိုးချဲ့တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**တိုင်ကြားစာများအပေါ် ဆောင်ရွက်နိုင်မှု**

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှတစ်ဆင့် ပေးပို့လာသည့် တိုင်ကြားစာများအပေါ် မန္တလေးတိုင်းဒေသကြီးမှ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ပေးပို့လာသည့် တိုင်ကြားစာအရေအတွက် ၉၇၈ ခုအနက် ပိတ်သိမ်းရန် ဗဟိုသို့တင်ပြပြီး အရေအတွက် ၈၀၊ တိုင်းဒေသကြီးတွင် စိစစ်ဆောင်ရွက်ဆဲ ၁၈၅ ခု၊ ခရိုင်တွင် စိစစ်ဆောင်ရွက်ဆဲ ၂၄ ခုနှင့် မြို့နယ်တွင် စိစစ်ဆောင်ရွက်ဆဲ ၁၁၅ ခု စုစုပေါင်းစိစစ်ဆောင်ရွက်ဆဲ ၃၂၄ ခုနှင့် ဆောင်ရွက်ပြီးပိတ်သိမ်းအမှုတွဲ ၅၇၄ ခုရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တိုက်ရိုက်တင်ပြလာသည့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် တင်ပြလာသည့်အရေအတွက် ၉၁၈ ခုအနက် တိုင်းဒေသကြီးတွင် စိစစ်ဆောင်ရွက်ဆဲ ၉၄ ခု၊ ခရိုင်တွင် စိစစ်ဆောင်ရွက်ဆဲ ၅၃ ခု၊ မြို့နယ်တွင် စိစစ်ဆောင်ရွက်ဆဲ ၂၇၁ ခုဖြစ်ကြောင်းနှင့် ဆောင်ရွက်ပြီးပိတ်သိမ်းအရေအတွက် ၅၀၀ ဖြစ်သည်။

**ခွင့်ပြုမိန့်ချထားပေးနိုင်မှု**

နိုင်ငံတော်အစိုးရ၏ (၄) နှစ်တာကာလအတွင်း မန္တလေးတိုင်းဒေသကြီးတွင် လယ်ယာမြေအခြားနည်း အသုံးပြုခွင့်လျှောက်ထားလာမှုများအပေါ် လယ်ယာမြေဥပဒေပုဒ်မ–၃၀(က) အရ လျှောက်ထားသည့် အမှုတွဲအရေအတွက် ၃၅၂ ခုနှင့် မြေဧရိယာဧက ၇၈၇ ဒသမ ၅၀ ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ခွင့်ပြုမိန့်ချထားပေးနိုင်ခဲ့သည်။

**သာသနာရေးလုပ်ငန်းများ**

(၄) နှစ်တာကာလအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ချီးမြှင့်ဂုဏ်ပြုသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားများ ကျင်းပခြင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကထိန်နှင့် မိုးပေါ်ကျကထိန် အခမ်းအနားများကျင်းပခြင်း၊ အခါအားလျော်စွာ တန်ခိုးကြီးဘုရားများတွင် ပဌာန်းရွတ်ဖတ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းနှင့် အခြားလှူဒါန်းမှုများကို နှစ်စဉ်ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာအပါး ၁၉၉၄၀ နှင့် ထိုင်းနိုင်ငံမှ သံဃာအပါး ၆၀ စုစုပေါင်းသံဃာအပါး ၂၀၀၀၀ တို့ကို သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၄၀၀၀ နှင့် တက်ရောက်လာကြသော အလှူရှင်များက လှူဖွယ်ပစ္စည်းများ၊ အလှူငွေများ လှူဒါန်းနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သံဃာအပါး ၂၉၈၈၈ ပါးနှင့် ထိုင်းနိုင်ငံမှ သံဃာအပါး ၁၁၂ ပါး စုစုပေါင်းသံဃာအပါး ၃၀၀၀၀ ကို နဝကမ္မအဖြစ် သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၉၀၀၀၊ အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းကပ်လှူဒါန်းခြင်းအတွက် သံဃာတော်တစ်ပါးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၉၀၀၊ တက်ရောက်လာကြသော အလှူရှင်များက လှူဒါန်းမှုပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၅၈၀၀ နှင့် လှူဒါန်းမှုငွေကျပ်သိန်း ၄၀၀၀၊ အခမ်းအနားပြင်ဆင်ခြင်းနှင့် လုပ်အားခပေးချေခြင်းအတွက် ငွေကျပ်သိန်း ၁၈၀၀ စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေကျပ်သိန်း ၂၁၅၀၀ ခန့် လှူဒါန်းနိုင်ခဲ့သည်။

ထိုကဲ့သို့ သာသနာတော်ထွန်းကားပြန့်ပွားရေးဆောင်ရွက်မှုများနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးမှုများ ဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် နိုင်ငံတော်အစိုးရနှင့်အတူ၊ ပြည်သူနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။


မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။